# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၃၇၅)





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အာဆီယံခေါင်းဆောင်များ စုဝေးပွဲသို့ တက်ရောက်စဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ပူးပေါင်းပါဝင်ဖြေရှင်းသွားရန် အသင့်ဖြစ်နေ

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အာဆီယံခေါင်းဆောင်များစုဝေးပွဲ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှထွက်ခွာရာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အင်ဒိုနီးရှားသမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Mr. Airlangga Hartarto ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်အိအိခင်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းလွင်၊ အင်ဒိုနီးရှားနိုင်ငံ သံတမန်ရေးရာဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဘာလီမြို့ Ngurah Rai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် The Patra Bali Resort သို့ရောက်ရှိကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဘာလီကျွန်း Sofitel Bali Nusa Dua Beach Resort ၌ ကျင်းပသည့် အာဆီယံခေါင်းဆောင်များ စုဝေးပွဲသို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

အာဆီယံခေါင်းဆောင်များစုဝေးပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အာဆီယံခေါင်းဆောင်များကို အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုက ရင်းနှီးခင်မင်စွာကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံသို့ အလုပ်သဘောခရီး သွားရောက်ခဲ့ခြင်းနှင့်ပတ်သက်သည့် သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံဆွေးနွေးပွဲများ ပြုလုပ်ရန်နှင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့မှ ၉ ရက်နေ့အထိ တိုကျိုမြို့၌ ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် မဲခေါင်- ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ဂျပန်နိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး အောက်တိုဘာလ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။ အဆိုပါ ခရီးစဉ်သို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆက်အောင်တို့ လိုက်ပါသွားခဲ့သည်။

**ညစာစားပွဲသို့ တက်ရောက်ခဲ့**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၈-၁၀-၂၀၁၈) ရက်နေ့ ညပိုင်းတွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မဲခေါင်- ဂျပန် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် မဲခေါင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များအား ဝန်ကြီးချုပ်အိမ်တော်တွင် တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၉-၁၀-၂၀၁၈) ရက်နေ့ နံနက်ပိုင်းတွင် ဂျပန်-မဲခေါင် ပါလီမန် ချစ်ကြည်ရေးအသင်းမှ New Otani Hotel တွင် တည်ခင်းဧည့်ခံသည့် နံနက်စာစားပွဲသို့ အခြားမဲခေါင်နိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။ ဆက်လက်၍ တိုကျိုမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာတွင် ပြုလုပ်သော (၁၀)ကြိမ်မြောက် မဲခေါင်- ဂျပန်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံဝန်ကြီးချုပ် ထောင်လွန်းဆီဆုလစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာနှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် ငုယင်စွန်ဖုတို့ တက်ရောက်ခဲ့သည်။


*စာမျက်နှာ ၅ ကော်လံ ၁* ❍



ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ထပ်မံအသိပေး ထုတ်ပြန်ကြေညာ — ထုတ်ပြန်ကြေညာ — စာ ၂

အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲ နေပြည်တော်တွင် ပြောင်းလဲကျင်းပမည် — စာ ၁၄

ကမ္ဘာ့ခေါင်းဆောင်များ ကမ္ဘာ့ကုန်သွယ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲဖို့လိုကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ ဥက္ကဋ္ဌပြော — စာ ၁၅



KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# တစ်စုတစ်စည်းတည်း ရပ်တည် ပူးပေါင်းဆောင်ရွက်

"ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များမှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ ပြည့်မီစေရေးနှင့် ဖွံ့ဖြိုးမှုကွာဟချက်များ ပပျောက်စေရေး" ဟူသော ဦးတည်ချက်ဖြင့် အာဆီယံခေါင်းဆောင်များ စုဝေးတွေ့ဆုံပွဲကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ အောက်တိုဘာလ ၁၁ ရက် ညနေပိုင်းတွင် စတင်ကျင်းပခဲ့သည်။

စုဝေးတွေ့ဆုံပွဲသို့ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့ကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းတို့မှ အကြီးအကဲများ တက်ရောက်ကြပြီး နိုင်ငံခေါင်းဆောင်များက မိမိတို့နိုင်ငံအလိုက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်မိန့်ခွန်းများကို ပြောကြားခဲ့ကြသည်။

စုဝေးပွဲတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားရာ၌ "လတ်တလော ဖြစ်ပေါ်နေသည့် ကမ္ဘာ့စီးပွားရေးစနစ်ကနေ **Win-Win Strategies** ရရှိနိုင်ရန် ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုကို အလေးထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပေါင်းစည်းမှု၏ အကျိုးအမြတ်များကို ကျယ်ကျယ်ပြန့်ပြန့် ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း။

"မိမိတို့အနေဖြင့် ကမ္ဘာ့နိုင်ငံများအကြား အာဆီယံအသိုက်အဝန်းတည်ထောင်သွားနိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားနိုင်ရန် နည်းဗျူဟာမျိုးစုံ ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့အနေဖြင့် ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုထိတွေ့ပြီး အလုံးစုံပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်သွားရန် အရေးကြီးကြောင်းကိုလည်း သိရှိနားလည်ကြပါကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

ယနေ့ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ပြောင်းလဲမှုကြီးများ ဖြစ်ပေါ်နေသည်။ ကမ္ဘာ့စီးပွားရေးအင်အားကြီး နိုင်ငံကြီး နှစ်နိုင်ငံအကြား ကိုယ်ကျိုးစီးပွားကာကွယ်မှုများကို ရှေ့တန်းတင်လုပ်ဆောင်ကြရာမှ ပေါ်ထွက်လာသည့် ဂယက်ရိုက်ခတ်မှုများက စီးပွားရေးအရ ထွန်းသစ်စနိုင်ငံငယ်လေးများအဖို့ ပူပန်ဖွယ်ရာများ ဖြစ်လာရသည်။ ကမ္ဘာ့စီးပွားရေးတွင် စိန်ခေါ်မှုများနှင့်အတူ အခွင့်အလမ်းများလည်းရှိနေရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးနှင့် အခွင့်အလမ်းများကို အမိအရဆွဲကိုင်နိုင်ရေးတို့အတွက် တစ်နိုင်ငံချင်းအနေအထားထက် ပူးပေါင်းဆောင်ရွက်ခြင်းမှသာလျှင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် နှစ်ပေါင်းများစွာ အထီးကျန်ဘဝတွင်နေခဲ့ရပြီး ကမ္ဘာ့စီးပွားရေးအသိုက်အဝန်းနှင့်လည်း ကင်းကွာခဲ့ရာ လက်ရှိအခြေအနေတွင်မှ စီးပွားရေးအရ ရုန်းထနိုင်မှုအား ရရှိနိုင်ရန် လိုအပ်သောပြင်ဆင်မှုများကို ဆောင်ရွက်နေရဆဲဖြစ်သည်။ နိုင်ငံ၏သမိုင်းပေးအခြေအနေအရ မဖြတ်သန်း၍ မဖြစ်သော အခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရဆဲဖြစ်သည်။ "မိမိတို့အစိုးရသည် အနာဂတ်ပြုပြင်ပြောင်းလဲမှုများအတွက် လိုက်လျောညီထွေဖြစ်သည့် လမ်းပြမြေပုံတစ်ခုကို ဖော်ဆောင်မည့် မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်ပြီး ဖြစ်ပါကြောင်း၊ မဏ္ဍိုင် ၃ ခု၊ ရည်မှန်းချက် ၅ ရပ်၊ မဟာဗျူဟာ ၂၈ ခုနှင့် လုပ်ငန်းစီမံချက် ၂၅၁ ခု ပါဝင်သည့် ထိုစီမံကိန်းသည် မိမိတို့၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်အဖြစ် ရှုမြင်နိုင်ပါကြောင်း" နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မကြာသေးမီက ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံအဖို့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားနိုင်ငံများနှင့် ယှဉ်ပါက ဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းပပျောက်ရေးတို့အတွက် ကနဦးလိုအပ်ချက်မှာ မိမိတို့ကိုယ်တိုင် အားထုတ်ကြိုးပမ်းကြဖို့ပင် ဖြစ်သည်။ သူများခြေတစ်လှမ်း လှမ်းချိန်တွင် မိမိတို့ လေးငါးဆယ်လှမ်း အပြေးလှမ်းနိုင်ဖို့နှင့် ဖြစ်နိုင်လျှင် ခုန်ပျံကျော်လွှားနိုင်ဖို့ပင် ဖြစ်သည်။ ယင်းသို့ဆောင်ရွက်နိုင်ရန်မှာ တစ်စုတစ်စည်းတည်း ရပ်တည်နိုင်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှုစသည့် စုပေါင်းအင်အားဖြင့်သာ ဖန်တီးဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။ ။

# ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ထပ်မံအသိပေးထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၅၃/၂၀၁၈)**
၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

**ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ထပ်မံအသိပေး ထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ **(၃.၉.၂၀၁၈ ရက်နေ့ နံနက် ၀၆း ၀၀ နာရီမှ ၁.၁၁.၂၀၁၈ ရက်နေ့ ည ၁၂း၀၀ နာရီအထိ)** ဆောင်ရွက်ကြပါရန် ၂၄.၈.၂၀၁၈ ရက်စွဲပါ ကြေညာချက်အမှတ် (၁၂၀/၂၀၁၈) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးဦးအား လွတ်လပ်စွာဆန္ဒပြုနိုင်ရန်အလို့ငှာ **၁.၁၁.၂၀၁၈ ရက်နေ့ ည ၁၂း ၀၀ နာရီအချိန်မှ ၃.၁၁.၂၀၁၈ ရက်နေ့ ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည်ဖြစ်ပါသည်။

၃။ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ပိုစတာများကို မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက် ၁.၁၁.၂၀၁၈ ရက်နေ့ ည ၁၂း၀၀ နာရီအချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ/ ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်း၍ ကြော်ငြာ/ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်သည်။ ယင်းသို့ ကြော်ငြာ/ပိုစတာဖြုတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း နော်ဝေနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H. E. Mrs. Tone Tinnes အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ သတင်းမီဒီယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရန် ပူးပေါင်းဆောင်ရွက်ရေးကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာဝီကီပီးဒီးယား ဟောပြောဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

ဝီကီပီးဒီးယားသည် စာပေ၊ ဂီတ၊ အနုပညာ၊ သိပ္ပံ၊ ဝိဇ္ဇာ၊ နိုင်ငံရေးနှင့် စီးပွားရေး အစရှိသော ကဏ္ဍနယ်ပယ်ပေါင်းစုံမှ အသိပညာ၊ ဗဟုသုတများကို မည်သူမဆို အွန်လိုင်းတွင် အလွယ်တကူ ဖတ်ရှုလေ့လာကိုးကားနိုင်ရန် ဝါသနာရှင်များမှ စုဆောင်းပြုစုနေသော အခမဲ့လွတ်လပ်စွယ်စုံကျမ်းတစ်ခု ဖြစ်ကြောင်း သိရသည်။

မြန်မာဘာသာ ဝီကီပီးဒီးယားနှင့် တိုင်းရင်းသားဘာသာစကား ဝီကီပီးဒီးယားများ တိုးတက်ပြန့်ပွားရေးအတွက် ကဏ္ဍစုံမှ ပညာရှင်များ၊ ဝါသနာရှင်များ ပူးပေါင်းပါဝင်ရေးသားရန် လိုအပ်နေကြောင်း၊ ဝီကီပီးဒီးယားတွင် အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန်နှင့် ကိုယ်တိုင်ပါဝင်ရေးသားနိုင်ရန်အတွက် လက်ရှိရေးသားပြုစုနေသော အယ်ဒီတာများက အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ဗဟိုပုံနှိပ်စက်ရုံခန်းမ၌ ဟောပြောဆွေးနွေးသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ကဏ္ဍစုံမှ ပညာရှင်များနှင့် ဝါသနာရှင်များ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

မြန်မာဝီကီပီးဒီးယား တိုးတက်ပြန့်ပွားရေးအတွက် ကူညီထောက်ပံ့လိုသူများအနေဖြင့် ဦးထင်လင်ဦး ဖုန်း-၀၉-၉၇၂၃၅၃၄၀၀ နှင့် ဦးမြတ်သွင် ဖုန်း-၀၉-၇၈၆၇၀၃၆၀၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြသည်။

**မြန်မာ့အလင်း**

**ထင်သာမြင်သာပြုပြင်စရာ**

# အင်းတော်မြို့လယ် မြို့မမူလတန်းကျောင်းရှေ့တွင် ယာဉ်အန္တရာယ်ကင်းဝေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့လယ်ကောင်ရှိ မြို့မမူလတန်းကျောင်းအနီးမှ ကားဂိတ်နေရာတွင် ရပ်နားနေသောယာဉ်နှင့် သွားလာနေသောယာဉ်များပိတ်ဆို့မှု မကြာခဏ ဖြစ်ပေါ်လျက်ရှိသည်။

အင်းတော်မြို့သည် ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းပေါ်တွင်တည်ရှိနေသော မြို့တစ်မြို့ဖြစ်သည်နှင့်အညီ အစုန်အဆန်လူစီးမှန်လုံ ယာဉ်ကြီးများ၊ ယာဉ်ငယ်များ၊ ကုန်တင်ယာဉ်များ၊ ဆိုင်ကယ်ယာဉ်များနှင့် အိမ်စီးကားများ နေ့ညဖြတ်သန်းသွားလာနေသော မြို့တစ်မြို့ဖြစ်သည့်အတွက် ယာဉ်အန္တရာယ်စိုးရိမ်ရကြောင်း သိရသည်။



" မြို့လယ်လည်းဖြစ်နေတယ်၊ မူလတန်းကျောင်းနဲ့လည်းနီးတယ်၊ လမ်းကလည်းကျဉ်းနေတယ်။ ပြီတော့ကားဂိတ်ကလည်း ရှိနေပြန်တော့ ဂိတ်မှာရပ်ထားတဲ့ယာဉ်၊ ခရီးအစုန်အဆန်သွားနေတဲ့ ယာဉ်တွေနဲ့ဆိုတော့ ကျောင်းသူကျောင်းသားလေးတွေနဲ့ ဒေသခံတွေအတွက် ယာဉ်အန္တရာယ်အများဆုံးဖြစ်နိုင်တဲ့နေရာ ဖြစ်နေတယ်။ ပြီးတော့ယာဉ်ထိန်းကမရှိတော့ ပိုဆိုးတာပေါ့ဗျာ" ဟု မြို့ခံတစ်ဦးက ပြောသည်။

မိုးကုန်ပြီး ဆောင်းပိုင်းရောက်ချိန်မှ အစပြု၍ ပွင့်လင်းရာသီတွင် ယာဉ်အသွားအလာ ပိုမိုများလာတော့ မည်ဖြစ်သဖြင့် အဆိုပါ နေရာကို ယာဉ်အန္တရာယ်ကင်းရှင်းစေရန် အင်းတော်မြို့သူ မြို့သားများမျှော်လင့်နေကြကြောင်း သိရသည်။

**လူအောင်(ကသာ)**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အာဆီယံခေါင်းဆောင်များ စုဝေးပွဲသို့ တက်ရောက်စဉ်။** သတင်းစဉ်

◆**ရှေ့စာမျက်နှာမှ** *ရှေ့ဖုံးမှ*

စုဝေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် ဦးစိုးဝင်း၊ ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်အိအိခင်နေှင့် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ် ဦးမင်းလွင်တို့ တက်ရောက်ကြသည်။

စုဝေးပွဲတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုက အဖွင့်အမှာစကား ပြောကြားသည်။

**မိန့်ခွန်းများပြောကြားကြ**

ထို့နောက် "ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ ပြည့်မီစေရေးနှင့် ဖွံ့ဖြိုးမှုကွာဟချက်များ ပပျောက်စေရေး" ဆောင်ပုဒ်ဖြင့် အာဆီယံခေါင်းဆောင်များစုဝေးတွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ အာဆီယံအတွင်းရေးမှူးချုပ် H.E. Mr. Dato Lim Jock Hoi နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာ အန်တိုနီယို ဂူတားရက်တို့က အမှာစကား ပြောကြားကြပြီး အင်ဒိုနီးရှားသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို၊ ဘရူနိုင်းဘုရင် ဆူလ်တန် ဟာဂျီဟာဆာနယ်လ်ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ၊ ကမ္ဘောဒီးယား ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် မလေးရှားဝန်ကြီးချုပ် မစ္စတာ မဟာသီယာမိုဟာမတ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါဒူတာတေး၊ စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စတာ ပရာယွတ်ချန်အိုချာနှင့် ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့က မိမိတို့နိုင်ငံအလိုက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက် မိန့်ခွန်းများ ပြောကြားကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိမိအနေဖြင့် ယခုလိုဘာလီတွင် အာဆီယံခေါင်းဆောင်များစုဝေးပွဲ လက်ခံကျင်းပပေးသည့်အတွက် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုကို အာဆီယံခေါင်းဆောင်များနှင့်အတူ ကျေးဇူးတင်ရှိပါကြောင်း၊ မိမိအနေဖြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူလူထု အထူးသဖြင့် မိမိတို့ဘာလီကျွန်းကို ရောက်ရှိစဉ်ကစတင်ပြီး ဘာလီပြည်သူလူထု၏ လှိုက်လှဲပျူငှာပြီး နွေးထွေးသော ကြိုဆိုမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း။

မိမိအနေဖြင့် ဆူလာဝေစီကျွန်း အလယ်ပိုင်းတွင် စက်တင်ဘာလ ၂၈ ရက်က ဖြစ်ပွားခဲ့သည့် မြေငလျင်နှင့် ဆူနာမီရေလှိုင်းများကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ထိခိုက်သေကျေပျက်စီးခဲ့ရသည့်အတွက် အင်ဒိုနီးရှားအစိုးရ၊ ပြည်သူတစ်ရပ်လုံးနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု**

ယခုလို အာဆီယံနိုင်ငံ အကြီးအကဲများနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူးတို့ တွေ့ဆုံဆွေးနွေးရာတွင် မိမိအနေဖြင့် ပါဝင်ခွင့်ရရှိသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ယခုလို တွေ့ဆုံခြင်းသည် ဒေသအတွင်း ညီမျှသည့် သာယာဝပြောမှုနှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုထိရောက်လျင်မြန်စွာ ရရှိနိုင်ရေးအတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း။

ဆွေးနွေးခွင့်ရသည့်အခိုက်တွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားသွားနိုင်ရန်၊ မိမိတို့နိုင်ငံများအကြား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များ ရရှိစေရန်နှင့် တန်းတူရည်တူဖွံ့ဖြိုးတိုးတက်စေရန် မိမိ၏အမြင်ကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ မျှတပြီး အများပါဝင်နိုင်သည့် စီးပွားရေးနှင့် ဘဏ္ဍာရေးတိုးတက်မှုရရှိရန် ဆောင်ရွက်ချက်အချို့ကိုလည်း ပြောကြားသွားမည် ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ကမ္ဘာ့နိုင်ငံများအကြားတွင် လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုအသီးအပွင့်များကို အဆိုပါ နိုင်ငံသားများအကြားတွင် လည်းကောင်း ညီညွတ်မျှတစွာ ခံစားနိုင်စေရေးသည် အလွန်အရေးကြီးသည်ဟု ယုံကြည်ကြပါကြောင်း။

**အရေးပါသည့်စိန်ခေါ်မှုတစ်ခုဖြစ်လာ**

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်အမှတ် (၁၀)တွင် "နိုင်ငံတွင်းနှင့် နိုင်ငံများအကြား မညီမျှမှုလျှော့ချရေး"ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် ညီမျှသည့် ဖွံ့ဖြိုးတိုးတက်မှု၊ သာတူညီမျှဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုဆိုသည့် သဘောတရားများသည် မိမိတို့နိုင်ငံများတွင် အရေးပါသည့် စိန်ခေါ်မှုတစ်ခု ဖြစ်လာခဲ့ပါကြောင်း။

မိမိတို့အနေဖြင့် လတ်တလောဖြစ်ပေါ်နေသည့် ကမ္ဘာ့စီးပွားရေးစနစ်ကနေ Win- Win Strategies ရရှိနိုင်ရန် ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပေါင်းစည်းမှု၏ အကျိုးအမြတ်များကို ကျယ်ကျယ်ပြန့်ပြန့် ရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ကမ္ဘာ့နိုင်ငံများအကြား အာဆီယံအသိုက်အဝန်းတည်ထောင်သွားနိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားနိုင်ရန် နည်းဗျူဟာမျိုးစုံချမှတ် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် မိမိတို့အနေဖြင့် ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုထိတွေ့ပြီး အလုံးစုံပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်သွားရန် အရေးကြီးကြောင်းကိုလည်း သိရှိနားလည်ကြပါကြောင်း။

**တစ်စုတစ်စည်းတည်းရပ်တည်အဖြေရှာ**

ယနေ့ကမ္ဘာ့စီးပွားရေးမျက်နှာစာတွင် အခွင့်အလမ်း (Opportunities) များစွာရှိသည့်အတိုင်း စိန်ခေါ်မှု (Challenges) များစွာလည်း ရှိပါကြောင်း၊ မိမိတို့အနေဖြင့် အခွင့်အလမ်းများကို ကောင်းမွန်စွာအသုံးချရန် လိုအပ်ပြီး စိန်ခေါ်မှုများကိုလည်း တစ်စုတစ်စည်းတည်း ရပ်တည်အဖြေရှာ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ကမ္ဘာ့စီးပွားရေးအစီရင်ခံစာအရ ကမ္ဘာ့နယ်ပယ် အသီးသီးတွင် အရှေ့အာရှနိုင်ငံများ၏ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာခဲ့ပြီး စီးပွားရေးစွမ်းအား ပိုမိုမြင့်မားလာသည်ကို အနောက်နိုင်ငံများက အလေးထားအသိအမှတ်ပြုလာပါကြောင်း၊ အလားတူ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် APEC ၊ G20 ၊ BRICs၊ SCO တို့၏ အားကောင်းလာမှုသည်လည်း အရှေ့အာရှနိုင်ငံများ၏အခန်းကဏ္ဍကို အထောက်အကူဖြစ်စေခဲ့ပါကြောင်း။

အရှေ့အာရှနိုင်ငံများအနေဖြင့် ကမ္ဘာပေါ်တွင် အလင်းလက်ဆုံး စီးပွားရေးအင်အားတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နေမည်ဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စံပြနမူနာလည်း ဖြစ်ပါကြောင်း၊ သို့သော် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲမှုနှင့် စွမ်းအင်ရှားပါးလာမှု၊ စားနပ်ရိက္ခာဖူလုံရေးအတွက် စိန်ခေါ်မှု၊ အခြေခံအဆောက်အအုံလိုအပ်ချက်နှင့် ဒေသဆိုင်ရာပေါင်းစည်းဆက်သွယ်ရေးတို့ကို ရင်ဆိုင်သွားနိုင်ရန် မိမိတို့အနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။



**အာဆီယံခေါင်းဆောင်များ စုဝေးပွဲသို့တက်ရောက်လာသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုက ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။** သတင်းစဉ်

**ရလဒ်များနှင့် အပြုသဘောအောင်မြင်မှုများ**

မိမိတို့ အာဆီယံအနေဖြင့် ဖွံ့ဖြိုးမှုအသီးအပွင့်များကို မိမိတို့ ပြည်သူများအားလုံးမျှတစွာ ခွဲဝေခံစားနိုင်စေရေးကို များစွာ အလေးအနက်ထားပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ပိုမိုကောင်းမွန်သည့်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစည်းရေးအစီအမံသည် ပိုမိုကောင်းမွန်သည့်ဈေးကွက် အခွင့်အလမ်းများရရှိရေးကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ထားပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကောင်းမွန်သည့် ရလဒ်များနှင့် အပြုသဘောအောင်မြင်မှုများ ရရှိစေရန် ဘုံစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မိမိတို့ဒေသအတွင်း မျှတသည့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးမှုကို ဖော်ဆောင်နေသည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးရန်လိုအပ်မည် ဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် အစိမ်းရောင်ထုတ်ကုန်များကို အားပေးဖော်ဆောင်ကြမည်ဆိုပါက ဒေသအတွင်း ပိုမိုကောင်းမွန်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမည်ဖြစ်ပြီး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် Rio 20 Summit တွင် ပါဝင်တက်ရောက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ Green Growth Strategies ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့် အစိမ်းရောင်ဖွံ့ဖြိုးမှုနှင့် ပတ်သက်ပြီး ပြည်သူများအကြား အသိအမြင်တိုးတက်စေရန် အလေးထား ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသနှင့် တောင်အာရှဒေသအကြား ပထဝီအနေအထားအရ မဟာဗျူဟာမြောက်စွာတည်ရှိနေသည့်အတွက် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည်ဆိုပါက ဒေသတွင်းပေါင်းစပ်ဆက်သွယ်မှုကို များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း။

**စီးပွားရေးနှင့်နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ**

မိမိတို့နိုင်ငံအနေဖြင့် စီးပွားရေးနှင့်နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ အသိုက်အဝန်းနှင့် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ပူးပေါင်းပါဝင်ဖြေရှင်းသွားရန် အသင့်ဖြစ်နေကြောင်းကို ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် စိုက်ပျိုးရေးထုတ်ကုန် တိုးမြှင့်စေခြင်းအားဖြင့် ဒေသတွင်း စားနပ်ရိက္ခာလုံခြုံရေးကို အထောက်အပံ့ဖြစ်စေမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်နေရာတွင် မိမိတို့အနေဖြင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအဖွဲ့အစည်းများ၏ အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှု လိုအပ်မည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အာဆီယံခေါင်းဆောင်များစုဝေးပွဲ တက်ရောက်ရန် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၁၁

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှား သမ္မတနိုင်ငံ ဘာလီကျွန်း၌ ကျင်းပပြုလုပ်မည့် အာဆီယံခေါင်းဆောင်များစုဝေးပွဲ(ASEAN Leaders´ gathering) သို့တက်ရောက်ရန် ယနေ့နံနက် ၇ နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ အင်ဒိုနီးရှား သမ္မတနိုင်ငံသို့ ထွက်ခွာသည်။**

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Prof. Dr.Iza Fadri နှင့် ဇနီးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ အမြဲတမ်းအတွင်းဝန်များဖြစ်ကြသည့် ဦးခင်လတ်၊ ဦးမြင့်သူနှင့် ဦးထွန်းထွန်းနိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

နိုင်ငံတော်သမ္မတ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်ပါရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့၏ နှစ်ပတ်လည်အစည်းအဝေးများ တက်ရောက်ရန် အောက်တိုဘာ ၁၀ ရက်က အင်ဒိုနီးရှားနိုင်ငံသို့ ကြိုတင်ထွက်ခွာသွားပြီဖြစ်သည်။

**သတင်းစဉ်**



**အာဆီယံစုဝေးပွဲသို့ တက်ရောက်မည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ဒုတိယသမ္မတ ဦးမြင့်ဆွေ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။**

သတင်းစဉ်




**အာဆီယံခေါင်းဆောင်များ စုဝေးပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အာဆီယံခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

မိမိအနေဖြင့် လက်ရှိအစိုးရ၏ နှစ်နှစ်တာကာလအတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှုများကို အသိပေးလိုပါကြောင်း၊ မိမိတို့၏ ဆောင်ရွက်ချက်များသည် ယနေ့ကျင်းပပြုလုပ်သည့် စုဝေးပွဲ၏ ဆောင်ပုဒ်ဖြစ်သည့် “ဒေသတွင်းနဲ့ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ ပြည့်မီစေရေးနဲ့ ဖွံ့ဖြိုးမှု ကွာဟချက်များ ပပျောက်စေရေး”နှင့်လည်း သဟဇာတ ဖြစ်လျက်ရှိပါကြောင်း။

ယခုနှစ်အစောပိုင်းက မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒကို ရေးဆွဲထုတ်ပြန်ခဲ့ပါကြောင်း၊ ယင်းမူဝါဒတွင် မြန်မာနိုင်ငံ၏ စီမံကိန်းရေးဆွဲခြင်း၊ အရ/ အသုံး ခန့်မှန်းခြေရေးဆွဲခြင်းနှင့် မူဘောင်များကို ကြီးကြပ်ကွပ်ကဲရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ၏ မျှော်မှန်းချက်များကို ထဲထဲဝင်ဝင် ပေါင်းစည်းပါဝင်လျက်ရှိသည်ကို သိသာစေပါကြောင်း။

**ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းသစ်ကိုလည်း ရေးဆွဲထုတ်ပြန်**

အလားတူ အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်တွင် အထူးအရေးပါသည့် အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပြယုဂ်အဖြစ် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းသစ်ကိုလည်း ရေးဆွဲထုတ်ပြန်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ဖော်စေရန်နှင့် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် ရောက်ရှိစေရန် ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာမူဝါဒနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတို့ကို ပေါင်းစည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းပြောကြားလိုပါကြောင်း။

အခွင့်အခါသင့်ခိုက် မိမိအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ထပ်လောင်းရှင်းပြလိုပါကြောင်း၊ အဆိုပါစီမံကိန်းသည် ပေါင်းစည်းရေးနှင့် လက်ရှိစီမံချက်များနှင့် ဦးစားပေးကဏ္ဍများကို ကိုယ်စားပြုမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးအာဂျင်ဒါကို ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလိုအပ်ချက်နှင့်အညီ ကိုက်ညီဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**အဓိကမဏ္ဍိုင်များ၊ ရည်မှန်းချက်များ**

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၏ အဓိကမဏ္ဍိုင်များ၊ ရည်မှန်းချက်များနှင့် မဟာဗျူဟာများ သတ်မှတ်ဖော်ထုတ်ရာတွင် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များဆိုင်ရာ ကတိကဝတ်များကို တိတိကျကျရှာဖွေရန်နှင့် သတင်းအချက်အလက်များကို ထည့်သွင်းစဉ်းစားရန် ခွင့်ပြုထားခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)၊ မဟာမဲခေါင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာ(GMS)နှင့် အခြား ဒေသတွင်းအစီအစဉ်တို့နှင့် ပေါင်းစည်းဆောင်ရွက်မည့် ကတိကဝတ်များနှင့် ပိုမိုကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်ရန်လည်း ခွင့်ပြုထားပါကြောင်း။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းတွင်ပါရှိသည့် အဓိကဦးစားပေးကဏ္ဍ တစ်ခုဆိုလျှင် မြန်မာနိုင်ငံအတွင်း ဖွံ့ဖြိုးမှုနှင့် လူဦးရေများပြားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နောက်ကျ ကျန်နေသည့် လူမှုရေး၊ စီးပွားရေးနှင့် ရုပ်ဝတ္ထုဆိုင်ရာချိတ်ဆက်မှုများ ခိုင်မာအားကောင်းစေရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားရန် ဖြစ်ပါကြောင်း။

ထို့ပြင် ဈေးကွက်အခွင့်အလမ်းများနှင့် အရေးတကြီးလိုအပ်နေသည့် နည်းပညာအကူအညီသွင်းအားစုများ ပိုမိုရရှိစေမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စွမ်းဆောင်ရည်များကို ပိုမိုထုတ်ဖော်ပြသနိုင်ခြင်းအားဖြင့် ဒေသအတွင်းလယ်ယာစိုက်ပျိုးရေးကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများတွင် ပိုမိုပါဝင်နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအနေဖြင့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုအသစ်များ တိုးတက်လာရန်၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာရန်၊ ဘဏ္ဍာရေးလမ်းစနှင့် အခွင့်အလမ်းများ ပိုမိုပွင့်လင်းလာရန်နှင့် လက်ရှိ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုချဲ့ထွင်နိုင်လိမ့်မည်ဟု ယုံကြည်ထားပါကြောင်း။

**ဒေသတွင်းချိတ်ဆက်မှုများ တိုးတက်စေမည်**

ကုန်သွယ်မှု အဆင်ပြေချောမွေ့ခြင်းသည် ဒေသအတွင်း ချိတ်ဆက်မှုရှိသည့် မြန်မာနိုင်ငံအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ ပိုမိုရှင်းလင်းတိကျစေခြင်း၊ အခွန်အကောက်၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုများ ပိုမိုတိုးတက်စေခြင်းနှင့် ပိုမိုခေတ်မီသည့် အိုင်တီနှင့်သတင်းအချက်အလက်စနစ်များ နေရာတကျထားရှိခြင်းအားဖြင့် ဒေသတွင်းချိတ်ဆက်မှုများ တိုးတက်စေမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ကမ္ဘာ့အသိုက်အဝန်းနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိပြည်သူများ၏ အကျိုးအတွက် ဖွံ့ဖြိုးမှုကွာဟချက်များကို ရင်ဆိုင်ကျော်လွှားရန် အလေးအနက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါကြောင်း။

မိမိတို့အနေဖြင့် အာဆီယံမိသားစုဝင် နိုင်ငံများအားလုံးနှင့် ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီမြန်မာနိုင်ငံဖြစ်ထွန်းလာစေရန် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် သာယာဝပြောရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်သည့်နေရာတွင် ကူညီပံ့ပိုးခဲ့ကြသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အပါအဝင် ကမ္ဘာ့မိတ်ဖက်အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါကြောင်း။

**လူမှုရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ**

မိမိအနေဖြင့် ယနေ့ဆွေးနွေးချက်များသည် ပိုမိုကောင်းမွန်ပြီး ဆန်းသစ်သည့် အစီအမံများကို ဖော်ဆောင်စေနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် မိမိတို့ဒေသအတွင်း ပြည်သူများအားလုံး၏အကျိုးအတွက် လူမှုရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ ဦးဆောင်ညွှန်ကြားရေးမှူး Mdm. Christine Lagarde နှင့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr. Jim Yong Kim တို့က နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့် အာဆီယံနိုင်ငံများအကြား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြပြီး အာဆီယံခေါင်းဆောင်များက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။


ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အာဆီယံခေါင်းဆောင်များသည် အင်ဒိုနီးရှားသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ တိုကျိုမဟာဗျူဟာ '၂၀၁၉-၂၀၂၁' အရ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်

❍ *ရှေ့ဖုံးမှ*

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အစည်းအဝေးတွင် မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားခဲ့ရာ၌ မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်ရေး၏ '၂၀၁၅ တိုကျိုမဟာဗျူဟာ (၂၀၁၅-၂၀၁၈)' အရ ဆောင်ရွက်ခဲ့သည့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို သုံးသပ်ဆွေးနွေးခဲ့ပြီး အနာဂတ်တွင် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ အထူးသဖြင့် မဲခေါင်နိုင်ငံများအကြား သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍများအပါအဝင် အခြားသောကဏ္ဍများ၏ အခြေခံအဆောက်အဦများ ပေါင်းစည်းဆက်နွယ်မှု တိုးမြှင့်ရေး၊ မဲခေါင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား စက်မှုကုန်ထုတ်လုပ်မှုဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်သွားရေး၊ 'ပြည်သူအခြေပြုအသိုက်အဝန်း' တစ်ခု ထူထောင်သွားရေး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာအရေးကိစ္စများနှင့် ပတ်သက်၍ ထည့်သွင်းဆွေးနွေးခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် နိုင်ငံခေါင်းဆောင်များသည် ၂၀၁၉-၂၀၂၁ ခုနှစ်ကာလအတွက် ပူးပေါင်း ဆောင်ရွက်မှု မူဘောင်အဖြစ် '၂၀၁၈ တိုကျိုမဟာဗျူဟာ (၂၀၁၉-၂၀၂၁)' ကို အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၀) ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတက်ရောက်စဉ်။ သတင်းစဉ်

### စီမံကိန်း(၆၀)ကျော် အကောင်အထည်ဖော်နိုင်ခဲ့

မြန်မာနိုင်ငံသည် '၂၀၁၅ တိုကျိုမဟာဗျူဟာ (၂၀၁၅-၂၀၁၈)' အရ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု စီမံကိန်း(၆၀)ကျော် အကောင်အထည်ဖော်နိုင်ခဲ့ပြီး၊ အခြားမဲခေါင်နိုင်ငံများပါဝင်သော နိုင်ငံစုံစီမံကိန်း (၁၀၀) ကျော်မှ လည်း အကျိုးကျေးဇူးများ ရရှိခဲ့သည်။ ယခုအသစ်ထုတ်ပြန်သည့် '၂၀၁၈ တိုကျိုမဟာဗျူဟာ (၂၀၁၉-၂၀၂၁)' တွင် ဒေသတွင်းပေါင်းစည်းချိတ်ဆက်မှုမြှင့်တင်ရေးကဏ္ဍ (Vibrant and Effective connectivity )၊ ပြည်သူ အခြေပြုအသိုက်အဝန်းထူထောင်ရေးကဏ္ဍ ( People-Centered Society) နှင့် စိမ်းလန်းသော မဲခေါင်ဒေသတည်ထောင်ရေးကဏ္ဍ ( Realization of a Green Mekong) ဟူသော မဏ္ဍိုင် (၃) ရပ် ပါဝင်သည်။ မြန်မာနိုင်ငံအနေဖြင့် '၂၀၁၈ တိုကျိုမဟာဗျူဟာ (၂၀၁၉-၂၀၂၁)' အရ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးအပြီး ပြုလုပ်သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲအခမ်းအနားသို့ အခြားခေါင်းဆောင်များနှင့်အတူ ပါဝင်တက်ရောက်၍ ရှင်းလင်းပြောကြားခဲ့သည်။

မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့ပြီး အဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့ ပါဝင်သည်။ မဲခေါင်-ဂျပန်ပူးပေါင်းဆောင်ရွက်မှု၏ အဓိကရည်ရွယ်ချက်မှာ ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးရေးအကူအညီရန်ပုံငွေဖြင့် မဲခေါင်ဒေသနိုင်ငံများ၏ လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပေါင်းစည်းဆက်နွယ်မှု မြင့်မားလာစေရန် ဖြစ်ပါသည်။



မြန်မာ - ဂျပန်နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။ သတင်းစဉ်

အောက်တိုဘာလ ၉ ရက်နေ့ ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် နိုင်ငံတော်ဧည့်ဂေဟာ၌ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့သည်။ ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်များတွင် ဂျပန်နိုင်ငံမှ ဆက်လက် အကူအညီများပေးအပ်သွားမည့်ကိစ္စများ၊ ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ အထူးသဖြင့် မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု၊ ရေကြီးရေလျှံမှု လျော့ကျစေရေး၊ ရေဆိုးစွန့်ပစ်စနစ်များ ကောင်းမွန်လာစေရေးအတွက် ဂျပန်ယန်းငွေ ၇၀ ဘီလီယံပံ့ပိုးမည့် စီမံချက် ၂-ခု အကူအညီပေးရန် အတည်ပြုသည့်ကိစ္စ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေမှုများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်နေရာချထားနိုင်ရန် အိမ်ရာများ ဆောက်လုပ်ပေးသွားမည့်ကိစ္စများနှင့် ရခိုင်ပြည်နယ်တစ်ခုလုံးတွင် ရေနှင့်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဂျပန်ဝန်ကြီးချုပ်အား မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ရန် ဖိတ်ကြားခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

### NHK သတင်းဌာနအား လက်ခံတွေ့ဆုံ

တိုကျိုမြို့တွင် ရှိနေစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၆-၁၀-၂၀၁၈) ရက်နေ့ နေ့လယ်ပိုင်းတွင် ဂျပန်နိုင်ငံ NHK သတင်းဌာနအား လက်ခံတွေ့ဆုံပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေးအခြေအနေ၊ မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များနှင့် (၁၀)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးမှ ရရှိလာနိုင်မည့်ရလဒ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် အခြားမေးမြန်းသည့်ကိစ္စရပ်များကို ဆွေးနွေးဖြေကြားခဲ့သည်။

### ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမို မြှင့်တင်နိုင်ရေး မှာကြား

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တိုကျိုမြို့ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် New Otani Hotel တွင် ခင်မင်ရင်းနှီးစွာတွေ့ဆုံပြီး သံရုံးဝန်ထမ်းများအနေဖြင့် မြန်မာ-ဂျပန်ဆက်ဆံရေး ဆက်လက်တိုးတက်ကောင်းမွန်စေရေး၊ ဂျပန်နိုင်ငံမှ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများပိုမိုမြှင့်တင်နိုင်ရေးနှင့် ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများအကျိုး ကာကွယ်စောင့်ရှောက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၇-၁၀-၂၀၁၈) ရက်နေ့၊ နံနက်ပိုင်းတွင် တိုကျိုမြို့မှ ဖူကူရှီးမားခရိုင်၊ အီဇူမီဇာကီစံပြ ကျေးရွာသို့ သွားရောက်ခဲ့ပြီး ကျေးရွာအတွင်း စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ စိုက်ပျိုးရေးထွက်ကုန်များနှင့် ကုန်ချောပစ္စည်းများ တင်ပို့ရောင်းချမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၈-၁၀-၂၀၁၈) ရက်နေ့ နံနက်ပိုင်းတွင် New Komeito Party ၏ ဥက္ကဋ္ဌ Mr. Natsuo Yamaguchi နှင့် Nippon Foundation ဥက္ကဋ္ဌ Mr. Yohei Sasakawa အား သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။ New Komeito Party ၏ ဥက္ကဋ္ဌ Mr. Natsuo Yamaguchi နှင့် တွေ့ဆုံရာတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများတွင် ဂျပန်နိုင်ငံမှ ဆက်လက်အကူအညီပေးအပ်မည့်ကိစ္စများကို ဆွေးနွေးခဲ့သည်။ Nippon Foundation ဥက္ကဋ္ဌ Mr. Yohei Sasakawa နှင့်တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်အပါအဝင် ပြည်နယ်အများအပြား၌ စာသင်ကျောင်းများ ဆောက်လုပ်ပေးလျက်ရှိမှုနှင့် အနာကြီးရောဂါ တိုက်ဖျက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

### မြန်မာ့ပိုးထည် မြှင့်တင်ရေးအခမ်းအနား တက်ရောက်

ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ASEAN-Japan Centre ၌ ကျင်းပသည့် မြန်မာ့ပိုးထည် မြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်ပြီး ဂျပန်ဝန်ကြီးချုပ်၏အကြံပေးပုဂ္ဂိုလ် Mr. Hiroto Izumi၊ ASEAN-Japan Centre ၏ အထွေထွေအတွင်းရေးမှူးတို့နှင့်အတူ အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Meiji Kinenkan ခန်းမ၌ JETRO ၏ အမှုဆောင်အရာရှိချုပ် Mr. Hiroyuki Ishige နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၌ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့သည်။

### ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ကြရန် ဖိတ်ခေါ်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Meiji Kinenkan ခန်းမ၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ချိတ်ဆက်မှုမြှင့်တင်ရေး (Strengthening the Bond between Myanmar and Japan) ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဂျပန်နိုင်ငံမှလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်ကြရန် ဖိတ်ခေါ်ခဲ့သည်။ အဆိုပါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲသို့ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ ဇနီးMrs. Akie Abe အား New Otani Hotel တွင် လက်ခံတွေ့ဆုံခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်**

*** ကျော့ဖုံးမှ**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ဆင်ကောင်ရေလျော့ကျမသွားအောင် ထိန်းသိမ်းစောင့်ရှောက်**

တင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးမြင့်ဆွေက **"ကမ္ဘာတည်သရွေ့ မြန်မာ့ ဆင်ရတနာများ တည်ရှိနေရမည်"** ဟူသည့် ဆင်စခန်းများ၏ ဆောင်ပုဒ်အတိုင်း ဒေသတွင်းရှိ ဆင်ကောင်ရေကို လျော့ကျမသွားအောင်နှင့် တိုးတက်လာအောင် အလေးထားထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း၊ တောရိုင်းဆင်များ ဖမ်းဆီးသတ်ဖြတ်ခံရမှု မရှိစေရေးအတွက် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ ပူးပေါင်း၍ ထိထိရောက်ရောက် ဖမ်းဆီးအရေးယူသွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ခရီးသွားများအပန်းဖြေရေး ဆောင်ရွက်ထားရှိမှု ကြည့်ရှု**

ထို့နောက် စခန်းအတွင်း ထိန်းသိမ်းစောင့်ရှောက်ထားသည့် ဆင်များနှင့် ခရီးသွားများ အပန်းဖြေရေးအတွက် ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတကာရေဝပ်ဒေသ ထိန်းသိမ်းရေးအဖွဲ့အစည်း (Ramsar Convention) ၏ အသိအမှတ်ပြု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ ရောက်ရှိကြပြီး မိုးယွန်းကြီးအင်း ရေဝပ်ဒေသ ပညာပေးပြခန်း၌ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တွေ့ရှိရသော ရုပ်လုံးသွင်း ငှက်မျိုးစိတ်များနှင့် ကြာရှည်ခံဆေးရည်စိမ်ထားသည့် မျိုးစိတ်နမူနာများအား လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသသည်။

**ဆောင်းခိုငှက်များ ကျက်စားနေရာ ကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မိုးယွန်းကြီးအင်းအတွင်းရှိ ဆောင်းခိုငှက်များ လာရောက်ကျက်စားနေထိုင်သည့် နေရာများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မိုးယွန်းကြီးအင်း အုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုက ဘေးမဲ့တောအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းထားရှိမှု၊ ဆောင်းခိုငှက်များ လာရောက်ကျက်စားမှုနှင့် မိုးယွန်းကြီးအင်း ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဝဂ်ဘော်ဆင်စခန်းရှိ ထိန်းသိမ်းစောင့်ရှောက်ထားသည့်ဆင်များအား အစာကျွေးစဉ်။ သတင်းစဉ်




ဒုတိယသမ္မတ ဦးမြင့်ဆွေ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တွေ့ရှိရသော ရုပ်လုံးသွင်းငှက်မျိုးစိတ်ပြခန်း၌ ကြည့်ရှုစဉ်။ သတင်းစဉ်

**သဘာဝအခြေပြုခရီးသွားလုပ်ငန်း**

ဆက်လက်၍ ရွှေပြည်အေးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမျိုးသက်က မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း သဘာဝအခြေပြု ခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးမြင့်ဆွေက နိုင်ငံတကာ ရေဝပ်ဒေသ ထိန်းသိမ်းရေးအဖွဲ့အစည်း (Ramsar Convention) မှ မြန်မာနိုင်ငံတွင် ပထမဆုံး Ramsar Site အဖြစ် အသိအမှတ်ပြုခံရသည့် ယခုဒေသ၌ ဇီဝမျိုးစုံမျိုးကွဲများကို ပိုမိုထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ကြောင်း၊ အလားတူ မြန်မာနိုင်ငံအတွင်းရှိ အခြားသော ရေဝပ်ဒေသများတွင်လည်း ယခုကဲ့သို့ ဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မိုးယွန်းကြီးအင်းသည် စံပြဘေးမဲ့တောတစ်ခုဖြစ်အောင် စနစ်တကျ စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိုးယွန်းကြီးအင်းအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ရာ၌ အင်းပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ ပါဝင်လာနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ၊ Vocational Training များနှင့် ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်းတို့ကို ဖော်ဆောင်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ပဲခူးခရိုင် ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်းတည်ရှိပြီး ဧရိယာ စတုရန်းမိုင် ၄၀ (၂၅၆၀၀ ဧက) ကျယ်ဝန်း၍ ၁၉၈၈ ခုနှစ် ဧပြီလ ၂၂ ရက်တွင် **"မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော"** အဖြစ် စတင်သတ်မှတ်ခဲ့သည်။

**ရေရှည်တည်တံ့စေရန်**

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ရေပျော်ငှက်များနှင့် ဆောင်းခိုငှက်များ၏ ကျက်စားနယ်မြေများကို ကာကွယ်ရန်၊ ငှက်မျိုးစိတ်များနှင့်ပတ်သက်သည့် သုတေသနများကို ဆောင်ရွက်ရန်၊ ရေဝပ်ဒေသ ဂေဟစနစ်ဝန်ဆောင်မှုများကို ရေရှည်တည်တံ့စေရန်နှင့် အကျိုးရှိစွာ အသုံးပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ၂၀၁၈ ခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် စုစုပေါင်းကုန်သွယ်မှုပမာဏ ၁၂၀၂၇ ဒသမ ၁၄ သန်းရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၁၈ ခုနှစ် ဇူလိုင်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၇၃ ဒသမ ၃၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၇ ဒသမ ၇၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၃၁ ဒသမ ၁၄ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၄၆ ဒသမ ၉၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၄ ဒသမ ၂၉ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၃၁ ဒသမ ၂၇ သန်း ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၈ ခုနှစ် ဇူလိုင်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၀၆၂ ဒသမ ၄၁ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၁၉၉ ဒသမ ၈၇ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈ ခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၃၇၉၀ ဒသမ ၉၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၉၂ ဒသမ ၂၄ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၅၈၃ ဒသမ ၁၉ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၅၅၅၂ ဒသမ ၅၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၉၁ ဒသမ ၄၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၄၄၃ ဒသမ ၉၅ သန်းဖြစ်သဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၁၂၀၂၇ ဒသမ ၁၄ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၈၆၀ ဒသမ ၇၆ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

**တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးပိုလာနိုင်**

**နေပြည်တော် အောက်တိုဘာ ၁၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**




မြန်မာမှ ငွေတံဆိပ်ဆုရ ကောင်းဆက်နိုင် ဆုယူစဉ်။

*** ကျော့ဖုံးမှ**

မြန်မာမှ ကောင်းဆက်နိုင်က နှစ်ဆင့်မတွင် ဒုတိယငွေတံဆိပ်ဆုနှင့် အမျိုးသမီး (၅၃)ကီလိုတန်းတွင် မြန်မာမှ ပြည့်ပြည့်ဖြိုးက ဒုတိယငွေတံဆိပ် နှစ်ခု ထပ်မံရရှိခဲ့သည်။

အဆိုပါ ပြိုင်ပွဲ၌ အမြန်မတွင် ၁၂၀ ကီလို + နှစ်ဆင့်မတွင် ၁၅၀ ကီလို စုစုပေါင်း စံချိန် ၂၇၀ ဖြင့် အင်ဒိုနီးရှားက ပထမ၊ အမြန်မတွင် ၁၁၃ ကီလိုနှင့် နှစ်ဆင့်မတွင် ၁၃၇ ကီလို စုစုပေါင်းစံချိန် ၂၅၀ ကီလိုဖြင့် အင်ဒိုနီးရှားက ဒုတိယနှင့် ထိုင်းက အမြန်မတွင် ၁၁၀ ကီလိုနှင့် နှစ်ဆင့်မတွင် ၁၃၈ ကီလိုဖြင့် စုစုပေါင်း စံချိန် ၂၄၈ ကီလိုရရှိပြီး မြန်မာက အမြန်မတွင် ၁၀၈ ကီလိုနှင့် နှစ်ဆင့်မတွင် ၁၄၀ ကီလို စုစုပေါင်း စံချိန် ၂၄၈ ကီလို ရရှိပြီး စုစုပေါင်းရမှတ် ၂၄၈ ကီလိုဖြင့် ထိုင်းနှင့် စံချိန်တူနေသော်လည်း ပြိုင်ပွဲစည်းမျဉ်းအရ ထိုင်းက စံချိန်အရင်ရရှိသောကြောင့် ထိုင်းက တတိယရရှိပြီး မြန်မာမှ ကောင်းဆက်နိုင်က နှစ်ဆင့်မ တစ်ခုတည်းတွင် စံချိန် ၁၄၀ ကီလိုကို အားလုံးထက်သာ လွန်အောင် မနိုင်ခဲ့၍ ဒုတိယငွေတံဆိပ်ဆုကို ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသမီး (၅၃) ကီလိုတန်းပြိုင်ပွဲတွင် အမြန်မ ၇၆ ကီလိုနှင့် နှစ်ဆင့်မ ၉၆ ကီလို စုစုပေါင်း စံချိန် ၁၇၂ ကီလိုဖြင့် ထိုင်းက ပထမ၊ အမြန်မ ၇၃ ကီလိုတွင် ငွေတစ်ခုနှင့် နှစ်ဆင့်မ ၉၀ ကီလို စုစုပေါင်း စံချိန် ၁၆၃ ကီလိုဖြင့် မြန်မာမှ မပြည့်ပြည့်ဖြိုးက ဒုတိယငွေတံဆိပ်ဆု နှစ်ဆုနှင့် အမြန်မ ၇၂ ကီလိုနှင့် နှစ်ဆင့်မ ၉၀ ကီလို စုစုပေါင်း ၁၆၂ ကီလိုဖြင့် ထိုင်းက တတိယအသီးသီးရရှိထားပြီး မြန်မာအလေးမလူငယ် အားကစားသမားများသည် ယနေ့အထိ ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု သုံးခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲများကို အောက်တိုဘာ ၁၅ ရက် နောက်ဆုံးပွဲအဖြစ် အမျိုးသား (+၁၀၅) ကီလို အထက်တန်း ပြိုင်ပွဲတွင် မြန်မာမှ ရန်မျိုးကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**

# နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ပန်းတိုင် (၃) ရပ်
# Government Mission

(၁) တရားဥပဒေစိုးမိုးရေးနှင့်ပြည်သူများ၏ လူမှု - စီးပွားဘဝ တိုးတက်မြင့်မားရေး၊
(၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊
(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး။

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စစ်တွေ-အမ်း ကားလမ်းမပေါ်ရှိ ဒါးလက်ချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

❖ *ကျော့ဖုံးမှ*

အမ်းမြို့နယ်အတွင်းရှိ ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်မြေ ၃၀၀ ဒသမ ၁၈ ဧကအား မူလတောင်သူများ လက်ဝယ်သို့ ပုံစံ(၃)များဖြင့် ပြန်လည်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။




ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု အမ်းမြို့နယ်ရှိ လင်ပန်းကျကျေးရွာမှ တောင်သူ ၁၅ ဦး ကိုယ်စား တောင်သူတစ်ဦးအား ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) ပေးအပ်စဉ်။ သတင်းစဉ်

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူ၊ ဦးလှကျော်၊ ဦးကျော်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ၊ ပြန်လည်စွန့်လွှတ်သည့်မြေများ လက်ခံရယူသည့် တောင်သူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လွှဲပြောင်းပေးအပ်**

အခမ်းအနားတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကားပြောကြားရာ၌ ယနေ့အခမ်းအနားသည် အမ်းမြို့နယ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာန၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အမှတ်(၃၇၃) ခြေမြန်တပ်ရင်းမှ ပြန်လည်စွန့်လွှတ်အပ်နှံသည့် မြေဧရိယာ ၃၀၀ ဒသမ ၁၈ ဧကကို မူလတောင်သူ ၄၁ ဦး လက်ဝယ်သို့ ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) များ လွှဲပြောင်းပေးအပ်သွားမည့် အခမ်းအနားပင် ဖြစ်ပါကြောင်း။

သိမ်းဆည်းခံ လယ်ယာမြေများ၊ အခြားမြေများကို မူလပိုင်ရှင်ပြည်သူများလက်ဝယ်ကို ပေးအပ်နိုင်ရန်အတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီအနေဖြင့် မူဝါဒ၊ လုပ်ငန်းစဉ် (၅၂) ချက် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ မြေယာကိစ္စသည် စာရွက်စာတမ်း၊ ပိုင်ဆိုင်မှုနှင့် ဥပဒေကြောင်းအရ ညီညွတ်မှု စသည့်အချက်များနှင့် ရှုပ်ထွေးလှသကဲ့သို့ လက်တွေ့ကိုင်တွယ် ဖြေရှင်းရာတွင်လည်း အချိန်ယူရပါကြောင်း၊ မှန်ကန်သေချာရန်လည်း လိုကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်မှာကြားထားသည့်အတိုင်း ကရုဏာနှင့် ယှဉ်ပြီး တရားမျှတမှုရရှိအောင် အတတ်နိုင်ဆုံး ကြိုးစားဖြေရှင်း ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း။

**ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း**

မြေယာစီမံခန့်ခွဲမှုသည် ပြည်သူအများ၏ လူမှုစီးပွားမြှင့်တင်ရေးနှင့် တိုက်ရိုက်ဆက်စပ် ပတ်သက်နေခြင်းကြောင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း မှန်ကန်စွာ လုပ်ဆောင်ပေးရန် ဖြစ်ကြောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများလည်း ညီညွတ်ရမည်ဖြစ်ကြောင်း၊ ကရုဏာနှင့်ယှဉ်သည့် တရားမျှတမှုရှိရန်လည်း ဖြစ်ရန်လိုကြောင်း၊ အဂတိတရားကင်းစင်ရန် လိုပါကြောင်း။

လယ်သမားများအတွက် လယ်ယာမြေသည် အသက်သွေးကြော ဖြစ်ပါကြောင်း၊ လယ်သမားများအတွက် အသက်တမျှ တန်ဖိုးရှိလှသည့် လယ်ယာမြေများကို တောင်သူများလက်ဝယ် ပြန်လည်ပေးအပ်နိုင်ရန် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်သည်လည်း စိုက်ပျိုးရေးကို အခြေခံသည့် မိမိတို့နိုင်ငံအတွက် အင်မတန်မှ အရေးကြီးပါကြောင်း။

မိမိတို့ နိုင်ငံတွင်ရှိသည့် လုပ်ကွက်ငယ် တောင်သူလယ်သမားအများစုသည် လယ်ယာစိုက်ပျိုးရေး၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး အသက်မွေးဝမ်းကျောင်း ပြုနေကြရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းလုပ်ကွက်ငယ် တောင်သူများ၊ မြေယာမဲ့ပြည်သူများ၏ မြေအသုံးချမှုနှင့် လုပ်ပိုင်ခွင့် ခိုင်မာလာစေရန်အတွက် ယခုကဲ့သို့ စွန့်လွှတ်မြေများ ပြန်လည်လုပ်ပိုင်ခွင့်ပေးအပ်ခြင်း၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ် တိုးချဲ့ဖော်ထုတ်လုပ်ကိုင်စေခြင်းများကို နိုင်ငံတော်အနေဖြင့် အလေးထားစီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

မိမိဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် အမျိုးသားမြေအသုံးချမှုကောင်စီအနေဖြင့်လည်း မြေယာစီမံခန့်ခွဲမှုများနှင့် ဆက်စပ်နေသည့် လက်ရှိဥပဒေများကို လေ့လာဆန်းစစ်ပြီး ပြည်သူလူထုအများစုကြီးကို အကျိုးပြုနိုင်မည့် ယင်းဥပဒေများကို လွှမ်းခြုံသည့် အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ကြိုးပမ်းနေပါကြောင်း။

**မိမိပိုင်ဆိုင်သည့်မြေယာအသုံးချ**

ယခုကဲ့သို့ အမ်းမြို့နယ်တွင် စွန့်လွှတ်အပ်နှံမြေများအား မူလတောင်သူလယ်သမားများ လက်ထဲကို ပြန်လည်ပေးအပ်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအသီးသီးက တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း ပြောကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း တောင်သူလယ်သမားများ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေး၊ တောင်သူလယ်သမားများ၏ လူနေမှုဘဝမြှင့်တင်ရေးနှင့် စားနပ်ရိက္ခာဖူလုံပိုလျှံသည်သာမက ပြည်ပသို့ ဈေးကွက်ရှာထိုးဖောက် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် တောင်သူလယ်သမားဦးကြီးများနှင့်အတူ ပူးပေါင်းပြီး တစ်တပ်တစ်အား ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့်လည်း မိမိတို့ပိုင်ဆိုင်ခွင့်ရသည့် မြေယာများကို အကျိုးရှိစွာ အပြည့်အဝအသုံးချခြင်းအားဖြင့် စားနပ်ရိက္ခာဖူလုံပြီး စိတ်အေးချမ်းသာလုံခြုံစွာ နေထိုင်ရကာ လူမှုစီးပွားဘဝ တိုးတက်မှုများ ရရှိပိုင်ဆိုင်နိုင်ကြပါစေကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်အတွင်း သိမ်းဆည်းမြေဆိုင်ရာ ကိစ္စများ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန တပ်ကိုယ်စားလှယ်က အမ်းမြို့နယ်အတွင်း ပြန်လည်စွန့်လွှတ်မြေ ၃၀၀ ဒသမ ၁၈ ဧကအတွက် သက်ဆိုင်ရာ စာရွက် စာတမ်းများကို ကျောက်ဖြူခရိုင် အုပ်ချုပ်ရေးမှူးအား ပြန်လည်လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက အမ်းမြို့နယ်ရှိ လင်ပန်းကျကျေးရွာမှ တောင်သူ ၁၅ ဦး ကိုယ်စား တောင်သူတစ်ဦးအား လည်းကောင်း၊ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးကျော်လွင်က အမ်းမြို့နယ် လင်ပန်းကျကျေးရွာမှ တောင်သူ ၁၅ ဦး ကိုယ်စား တောင်သူတစ်ဦးအား လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးက အမ်းမြို့နယ် လင်ပန်းကျကျေးရွာမှ တောင်သူ ၁၁ ဦး ကိုယ်စား တောင်သူတစ်ဦးအား လည်းကောင်း ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃) များကို အသီးသီးပေးအပ်ကြသည်။

ယင်းနောက် အမ်းမြို့နယ်မှ ယာယီ ပုံစံ(၃) လက်ခံရရှိသော တောင်သူများ၏ ကိုယ်စား တောင်သူ ဦးကြည်မောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာသည့် တောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ဒါးလက်ချောင်းတံတား**


ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အဖွဲ့ဝင်များနှင့်အတူ စစ်တွေ-အမ်းကားလမ်းမပေါ်ရှိ ဒါးလက်ချောင်းတံတား တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမ်းမြို့နယ် စစ်တွေ-အမ်း ကားလမ်းမပေါ်ရှိ ဒါးလက်ချောင်းတံတားကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၀ ရက်မှစတင်ကာ တည်ဆောက်ရေး(၂)၊ တံတားအထူးအဖွဲ့(၇)မှ တာဝန်ယူတည်ဆောက်ခဲ့ကြောင်း၊ တံတားအရှည်ပေ ၉၆၀ ရှိပြီး သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကာ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် သုံးပေ၊ ခွင့်ပြုယာဉ် အလေးချိန် ၇၅ တန်ရှိပြီး ၈၅ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မင်းပြားမြို့နယ် စစ်တွေ-ရန်ကုန်ကားလမ်းမပေါ်ရှိ ရာမောင်တံတားသို့ သွားရောက်ပြီး တံတားအကြီးစားပြင်ဆင်ဆောင်ရွက်နေမှုအား ကြည့်ရှုရာ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုသမ္မတနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၁**

လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီး Lieutenant General Chansamone Chanyalath ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Bounnhang Vorachith အား ဗီယင်ကျန်းမြို့ရှိ သမ္မတအိမ်တော်၌ ဂါရဝပြုတွေ့ဆုံသည်။

**နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်မည်**

ထိုသို့တွေ့ဆုံရာတွင် လာအိုနိုင်ငံသမ္မတက လာအို-မြန်မာ နှစ်နိုင်ငံနှင့် တပ်မတော် နှစ်ရပ်အကြား ဆက်ဆံရေးများ ကောင်းမွန်တိုးတက်လျက်ရှိကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်မည်ဟု မျှော်လင့်ကြောင်း ဦးစွာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံသမ္မတကြီးကလည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းစကားပါးလိုက်ပါကြောင်း၊ ယခုခရီးစဉ်အတွင်း မိမိနှင့် လာအိုနိုင်ငံအမျိုးသားကာကွယ်ရေးဝန်ကြီးတို့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေးနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး၊ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ကျယ်ပြန့်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး သဘောတူညီချက်များစွာ ရရှိခဲ့ပါကြောင်း နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားသည်။

**ဒေသတွင်းကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်ရေး**

ထို့နောက် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကူးလူး ဆက်ဆံမှု၊ ကုန်သွယ်မှုများမှတစ်ဆင့် ဒေသတွင်းကုန်သွယ်မှုများအထိ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တရားမဝင်ကုန်သွယ်မှုများ မရှိစေရေးကိစ္စရပ်များကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Bounnhang Vorachith တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကုလအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၁**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဖြစ်စဉ်ဖြစ်ရပ်မှန်များ နိုင်ငံတကာသိရှိအောင် ပူးပေါင်းဆောင်ရွက်**

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဖြင့် အမှန်တရားများကို ဖော်ထုတ်ပြီး နိုင်ငံတကာကသိရှိအောင် ဆောင်ရွက်နေမှုအခြေအနေများ၊ အရွယ်မရောက်သူကလေးသူငယ်များ စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် နောက်ဆုံးဆက်သွယ်ဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ဒေသ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဖွဲ့စည်း၍ ဆောင်ရွက်နေမှု အခြေအနေများ၊ ၂၀၁၇ ခုနှစ် ဩဂုတ်လဖြစ်စဉ်နောက်ပိုင်း ရခိုင်ပြည်နယ်မြောက်ခြမ်း၌ လုံခြုံရေးဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်၏ နောက်ဆုံးအခြေအနေနှင့် အနာဂတ်အခြေအနေများအား အပြန်အလှန် အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံ၏ အခြေအနေများနှင့်ပတ်သက်၍ ဖြစ်စဉ်ဖြစ်ရပ်မှန်များကို နိုင်ငံတကာကို သိရှိအောင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများအား ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# ဆိုင်ကလုန်းမုန်တိုင်း တစ်လီ အရှိန်ကြောင့် နေရာကွက်မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၁**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း တစ်လီ(TITLI) သည် ကုန်းတွင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ် တည်ရှိကာ အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အဆိုပါ ကုန်းတွင်းဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် နောက် ၂၄ နာရီအတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေ သကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်များလုပ်ငန်းညှိနှိုင်း(၂/၂၀၁၈)ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၁

**ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ(၂/၂၀၁၈)ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း တက်ရောက်အမှာစကားပြောကြားသည်။** (ယာပုံ)





**စာရင်းစစ်ချုပ်များက လိုအပ်သလို ပြောင်းလဲပေးသင့်**

ပြည်ထောင်စုစာရင်းစစ်ချုပ်က မိမိအနေဖြင့် အချက်သုံးချက် ပြောကြားလိုကြောင်း၊ ဦးစွာပြောကြားလိုသည်မှာ မကြာသေးမီက ဤရုံးနှင့် ဒေသစာရင်းရုံးအားလုံးရှိ ဝန်ထမ်းများ၏ ဆန္ဒသဘောထား မေးခွန်း ၂၃ ခု မေးပြီး စစ်တမ်းကောက်ယူခဲ့သည့် ကိစ္စဖြစ်ကြောင်း၊ စစ်တမ်းကောက်ယူရာတွင် ကဏ္ဍ ငါးခု ခွဲခြားခဲ့ကြောင်း၊ ပထမကဏ္ဍမှာ ရုံးတက်ရုံးဆင်းကိစ္စဖြစ်ပြီး မေးခွန်းသုံးခု ပါရှိကြောင်း၊ ဒုတိယကဏ္ဍမှာ လူအများနှင့် ထိတွေ့ဆက်ဆံမှုဖြစ်ပြီး မေးခွန်းငါးခု ပါရှိကြောင်း၊ တတိယကဏ္ဍမှာ ကျေနပ်နှစ်ခြိုက်မှုဖြစ်ပြီး မေးခွန်း ကိုးခု ပါရှိကြောင်း၊ စတုတ္ထကဏ္ဍမှာ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးဖြစ်ပြီး မေးခွန်းနှစ်ခု ပါရှိကြောင်း၊ ပဉ္စမကဏ္ဍမှာ တက်ကြွမှုဖြစ်ပြီး မေးခွန်းလေးခု ပါရှိကြောင်း၊ ထိုစစ်တမ်းအပေါ် စိစစ်သုံးသပ်ချက်အရ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးမေးခွန်းများဖြစ်သည့် ဆေးဝါးသုံးစွဲရမှုများခြင်းနှင့် ခွင့်ယူရမှုရှိခြင်းမှအပ ကျန်မေးခွန်းများအပေါ် ဖြေကြားချက်များသည် အားရကျေနပ်စရာ ကောင်းပါကြောင်း၊ ဝန်ထမ်းများမှ စိတ်အားထက်သန်မှုရှိခြင်း၊ ချစ်ခင်နှစ်သက်သူများခြင်း၊ မိမိရာထူးအဆင့်၊ မိမိလုပ်ကိုင်နေရသည့်တာဝန်၊ လုပ်ငန်းခွင်ကိုကျေနပ်နှစ်သက်မှုရှိခြင်း၊ စာပေဖတ်ခြင်း၊သင်တန်းတက်လိုမှုရှိခြင်း စသည့်ကျေနပ်ဖွယ်ရာအဖြေများ ရရှိခဲ့ပါကြောင်း၊ ညွှန်ကြားရေးမှူးများအား လေ့လာဆန်းစစ်ချက်များကို စာရင်းစစ်ချုပ်များက လိုအပ်သလို ပြောင်းလဲပေးသင့်ကြောင်း၊ ထိုနည်းတူ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိများ၏ တွေ့ရှိချက်များကို ညွှန်ကြားရေးမှူးက ကနဦးတာဝန်ရှိသူအနေဖြင့် အဆင့်ဆင့်ပြုပြင်ပြောင်းလဲဖို့ လိုကြောင်း၊ ပိုပြီးဂရုစိုက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

**လွတ်လပ်စွာစစ်ဆေးခြင်းကို ခြိမ်းခြောက်နိုင်**

ဒုတိယအချက်အနေဖြင့် လွတ်လပ်စွာဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ပြောကြားလိုကြောင်း၊ ISSAI, Mexico Declaration တွေမှာ ပါပါကြောင်း၊ မိမိတို့ရုံးမှာ လွတ်လပ်စွာ ရပ်တည်နိုင်ရန် ညွှန်ကြားချက်များရှိကြောင်း၊ သို့သော်လည်း လွတ်လပ်စွာဆောင်ရွက်ခြင်းကို ခြိမ်းခြောက်နေသည့် အကြောင်းတရား ငါးခုရှိကြောင်း၊ ပထမခြိမ်းခြောက်မှုမှာ ကိုယ်ကျိုးစီးပွားကိုရှေ့တန်းတင်မှုကြောင့် လွတ်လပ်စွာ ဖော်ဆောင်မှုကိုခြိမ်းခြောက်ခြင်း (Self Interest Threat) ဖြစ်ကြောင်း၊ လက်ဆောင်ပဏ္ဏာ ငွေကြေးလက်ခံခြင်း၊ လိုရင်တစ်မျိုး မလိုရင်တစ်မျိုး လုပ်တာမျိုးဖြစ်ကြောင်း၊ ဒုတိယခြိမ်းခြောက်မှုမှာ ကိုယ့်အလုပ်ကို ပြန်စစ်ဆေးသည့်အနေဖြင့် လွတ်လွတ်လပ်လပ် လုပ်ဆောင်မှုကို ခြိမ်းခြောက်ခြင်း (Self Review Threat) ဖြစ်ကြောင်း၊ ကိုယ်စစ်ဆေးသည့်အဖွဲ့၏ စာရင်းကိုင်ကိစ္စ၊ အခွန်ကိစ္စ၊ တန်ဖိုးသင့်တဲ့ကိစ္စ ကိုယ်အကြံပေးတာကို ပြန်သုံးသပ်သည့်ကိစ္စများရှိသောကြောင့် လွတ်လပ်မှုကို အန္တရာယ်ဖြစ်စေပါကြောင်း၊ တတိယခြိမ်းခြောက်မှုမှာ ယဉ်ပါးရင်းနှီးမှုခြိမ်းခြောက်ခြင်း (Familiarity Threat) ဖြစ်ကြောင်း၊ မိမိနှင့် စစ်ဆေးခံအဖွဲ့နီးကပ်စွာ ထိတွေ့နေရမှုမျိုးဖြစ်ကြောင်း၊ စတုတ္ထ ခြိမ်းခြောက်မှုမှာ (Advocacy Threat) စစ်ဆေးခံအဖွဲ့ကို အကြံပေးမှုမျိုးတွင် ပါဝင်ရမှုမျိုး စစ်ဆေးရသည့်အဖွဲ့အတွက် ရှေ့နေရှေ့ရပ်သဘော ဦးဆောင်ပေးမှုမျိုးဖြစ်ကြောင်း၊ ပဉ္စမခြိမ်းခြောက်မှုမှာ (Intimidation Threat) ကိုယ်တိုင် ခြိမ်းခြောက်ခံရခြင်း၊ မိမိကိုယ်တိုင်ကလည်း စစ်ဆေးရမည့်အဖွဲ့အစည်းကို ခြိမ်းခြောက်ဆောင်ရွက်ခြင်းသည်လည်း လွတ်လပ်စွာ စစ်ဆေးခြင်းကို ခြိမ်းခြောက်နိုင်ကြောင်း ပြောကြားသည်။

**ဝန်ထမ်းများကို ပညာရပ်ဆိုင်ရာ အားပေးရန်**

တတိယအချက်အနေဖြင့် နိုင်ငံခြားအတွေ့အကြုံများမျှဝေလိုကြောင်း၊ နော်ဝေနိုင်ငံသို့ နောက်တစ်ကြိမ်သွားခဲ့ကြောင်း၊ ယခုအကြိမ်သွားရာတွင် ပထမအကြိမ်သွားစဉ်က မပါသူများကို ခေါ်သွားခဲ့ကြောင်း၊ နော်ဝေနိုင်ငံသည် စာရင်းစစ်ဆေးမှုအပိုင်းတွင် အလွန်တိုးတက်သည့်နိုင်ငံ ဖြစ်ကြောင်း၊ ထိုသို့ တိုးတက်နေသော်လည်း ၎င်းတို့၏ Issue တွေ Relevant ဖြစ်ရန်၊ Current ဖြစ်ရန် အမြဲတမ်းဆောင်ရွက်နေခြင်းသည် အတုခိုးစရာဖြစ်ကြောင်း၊ နော်ဝေစာရင်းစစ်ချုပ်ရုံးအနေဖြင့် Video Conferencing ကို တွင်ကျယ်စွာအသုံးပြုနေကြောင်း၊ ထိုသို့အသုံးပြုခြင်းသည် အလွန်ထိရောက်ပါကြောင်း၊ Performance Audit ကို ၁၉၉၆ ခုနှစ်ကတည်းက စတင်ခဲ့ပြီး ပြင်ပကာကွယ်ရေးဌာနက ပုဂ္ဂိုလ်တစ်ဦးကို ခန့်အပ်ကာ ဝန်ထမ်း ၃၅ ဦးနှင့် လုပ်ငန်းကိုစတင်ခဲ့ကြောင်း၊ ထပ်မံလိုအပ်သည့် ၂၅ နေရာအတွက် လျှောက်လွှာခေါ်ခဲ့ရာ လျှောက်ထားသူ ၇၀၀ ခန့်ရှိသည့်အတွက် Performance Audit အပေါ် လွန်စွာမြတ်နိုးစရာ ဖြစ်ကြောင်း၊ သူတို့၏အလုပ်ချိန်သည် flexible Working Hour ဖြစ်ကြောင်း၊ ဆက်လက်၍ ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများ၏ ညီလာခံတက်ရောက်ခဲ့မှုများကို မျှဝေလိုပါကြောင်း၊ ညီလာခံသို့ တက်ရောက်သည့် ကိုယ်စားလှယ် ၅၄၀ ခန့်ရှိကြောင်း၊ ညီလာခံတွင် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးချုပ်ရာထူး ရွေးကောက်ပွဲပြုလုပ်ကြောင်း၊ မိမိအနေဖြင့် ရွေးကောက်ပွဲကြီးကြပ်ရေးကော်မတီတွင် အဖွဲ့ဝင်အနေဖြင့် ပါဝင်ဆောင်ရွက်ပေးခဲ့ရကြောင်း၊ ရွေးကောက်ပွဲတွင် မိမိ၏အကြံပြုချက်များကို ရွေးကောက်ပွဲကြီးကြပ်ရေးကော်မတီက လက်ခံခဲ့ပါကြောင်း၊ မဲရေတွက်မှုကို ကွန်ပျူတာစနစ် အသုံးပြု၍ တစ်နာရီအတွင်း ရွေးကောက်ပွဲပြီးခဲ့ကြောင်း၊ ဗီယက်နမ်ရုံးတွင် စာရင်းစစ်အားလုံး၏ ၈၀ ရာခိုင်နှုန်းသည် မဟာဘွဲ့ရဖြစ်၍ အားကျဖွယ်ရာဖြစ်ကြောင်း၊ မိမိတို့ ဝန်ထမ်းများကိုလည်း ပညာရပ်ဆိုင်ရာတွင် အားပေးအားမြှောက်ပြုလုပ်ပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**အတွေ့အကြုံဗဟုသုတများ မျှဝေ**

ယခုလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများ၊ စိန်ခေါ်မှုများအပေါ် ကျော်လွှားဖြေရှင်းနိုင်မှု၊ စစ်ဆေးဖော်ထုတ်နိုင်မှုများကို အချင်းချင်းအတွေ့အကြုံဗဟုသုတများ မျှဝေသွားရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များက ဆွေးနွေးတင်ပြကြသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား RFA သတင်းဌာနမှ သီးသန့်တွေ့ဆုံမေးမြန်း

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား RFA သတင်းဌာနမှ Bureau Chief ဖြစ်သူ ဦးကျော်မင်းထွန်းနှင့်အဖွဲ့က ယနေ့နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ သီးသန့်တွေ့ဆုံမေးမြန်းသည်။ **(အပေါ်ပုံ)**

သီးသန့်တွေ့ဆုံမေးမြန်းခန်းတွင် လက်ရှိမြန်မာနိုင်ငံ၏ မီဒီယာလွတ်လပ်ခွင့် အခြေအနေ၊ ပဋိပက္ခဒေသများတွင် သတင်းရယူရာ၌ တွေ့ကြုံရသည့် အခက်အခဲများ၊ သတင်းသမားများ အရေးယူခံနေရသည့် ကိစ္စရပ်များ၊ ပုဂ္ဂလိက သတင်းမီဒီယာများ ရှင်သန်ရပ်တည်နိုင်ရေးစသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ RFA ၏ မေးမြန်းချက်များကို ဒုတိယဝန်ကြီးက လက်ရှိဆောင်ရွက်နေသည့် အစိုးရအဖွဲ့၊ ဝန်ကြီးဌာနများ၏ သတင်းထုတ်ပြန်မှုများ၊ ပဋိပက္ခ ဒေသများသို့ မီဒီယာခရီးစဉ်စုဖွဲ့ စေလွှတ်ပေးနေမှုများ စသည်တို့ကို ရှင်းလင်းဖြေကြားသည်။

ထို့ပြင် နိုင်ငံတကာအသိုက်အဝန်းသို့ မြန်မာအကြောင်းကို မှန်ကန်ထိရောက်စွာ တင်ပြနိုင်ရန်အတွက် ပြည်တွင်းတွင် ထူးချွန်ထက်မြက်သည့် သတင်းသမားကောင်းများ ပေါ်ထွန်းလာရန် ပြုစုပျိုးထောင်နိုင်ရေးအတွက် မြန်မာ့မီဒီယာလောကကို အမှီအခိုကင်းပြီး မိမိဘာသာ ထိန်းကျောင်းတာဝန်ယူနိုင်သည့် အဆင့်ထိ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ကြရန် ဒုတိယဝန်ကြီးက မီဒီယာလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများအားလုံးကို RFA မှတစ်ဆင့် တိုက်တွန်းခဲ့သည်။


**သတင်းစဉ်**

# စင်ကာပူဈေးနှုန်းနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းတို့အပေါ် မူတည်ကာ ပြည်တွင်းစက်သုံးဆီဈေးနှုန်း အတက်အကျပြောင်းလဲမှုများ ဖြစ်ပေါ်နေ

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်တွင်းတွင် သုံးစွဲနေသည့် စက်သုံးဆီများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် စင်ကာပူမှ အဓိကတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိရာ စင်ကာပူဈေးနှုန်း MOPS နှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းတို့အပေါ် မူတည်ကာ ပြည်တွင်း စက်သုံးဆီဈေးနှုန်းအတက်အကျ ပြောင်းလဲမှုဖြစ်ပေါ်လျက်ရှိပြီး အိမ်နီးချင်းအာရှနိုင်ငံတချို့နှင့် နှိုင်းယှဉ်လေ့လာမည်ဆိုပါက မြန်မာနိုင်ငံအောက်တွင် မလေးရှားနိုင်ငံနှင့် ဘရူနိုင်း နိုင်ငံတို့သာရှိကြောင်း ယနေ့နံနက်ပိုင်းက ပြုလုပ်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ရေးအခမ်းအနားမှ သိရသည်။

"ကျွန်တော်တို့ နိုင်ငံမှာ လက်ရှိထုတ်လုပ်နိုင်တဲ့ စက်သုံးဆီ တစ်ပြည်လုံးသုံးစွဲမှုရဲ့ ၇ ရာခိုင်နှုန်းပဲ ထုတ်လုပ်နိုင်ပါတယ်။ ကျန်တာက ပြည်ပကနေ တင်သွင်းရတာဖြစ်ပါတယ်။ ပြည်ပက တင်သွင်းတာက အိမ်နီးချင်းနိုင်ငံတွေက တင်သွင်းတာ ၆ ရာခိုင်နှုန်းလောက်ရှိတယ်။ ကျန်တာအားလုံးကို ပြည်ပကတင်သွင်းပြီး အဓိကတင်သွင်းတဲ့နိုင်ငံကတော့ စင်ကာပူနိုင်ငံ ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံကနေ အဓိကဝယ်ယူတင်သွင်းရတဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာ ပြန်ရောင်းတဲ့ဈေးက စင်ကာပူရဲ့ MOPS (Means of Platts Singapore ) ဈေးနှုန်းပေါ်မှာ အဓိကအခြေခံပါတယ်။ နောက်တစ်ခါ ပြည်တွင်းမှာဖြစ်ပေါ်နေတဲ့ နိုင်ငံခြား ငွေကြေးလဲလှယ်မှုပေါ်မှာ မူတည်ပါတယ်" ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်က ပြောကြားသည်။




ယမန်နှစ်က နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၁၃၆၀ ခန့်ရှိရာမှ ယခုနှစ်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၁၅၀၀ ကျော် ထိမြင့်တက်ခဲ့ပြီး နှစ်စဉ်ယခုကာလသည် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေကျဖြစ်ကြောင်း သိရသည်။

"မိုးအကုန် ဆောင်းအကူး ပွင့်လင်းရာသီ ရောက်ပြီဆိုတာနဲ့ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းဆိုတာလည်း တက်လေ့ရှိပါတယ်။ ထို့အတူပဲ စက်သုံးဆီဈေးနှုန်းလည်း တက်လေ့ရှိပါတယ်။ ပြီးခဲ့တဲ့ နှစ်နှစ်က 92 Ron တစ်စည်ကို ၆၇ ဒေါ်လာလောက်ပဲရှိပါတယ်။ ဒီနှစ်မှာ ဒေါ်လာ ၉၀ နီးပါးထိ ရှိပါတယ်။ ဒီဇယ်ဆီ ပြီးခဲ့နှစ်က ဒေါ်လာ၇၀ လောက်ရှိပြီး ဒီနှစ်မှာ ဒေါ်လာ ၉၀ ကျော်ကနေ ၁၀၀ ကျော်သွားပါတယ်။

*စာမျက်နှာ ၁၁ သို့*

# နိုင်ငံတော်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးနေတာဖြစ်သလို SME ကဏ္ဍ၊ လယ်ယာကဏ္ဍ စတဲ့ကဏ္ဍကြီးတွေကိုလည်း အားပေးလျက်ရှိပါတယ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

## မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် SME ကဏ္ဍအတွက် ငွေကြေးဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးမှုဆိုင်ရာ စကားဝိုင်းဆွေးနွေး

**မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် SME ကဏ္ဍအတွက် ငွေကြေးဖြည့်ဆည်း ပံ့ပိုးဆောင်ရွက်ပေးမှုဆိုင်ရာ စကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ၊ မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာ ဦးဝင်းနိုင်ဦးနှင့် စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်တို့ ပါဝင်ဆွေးနွေးကြသည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်-**

**အစီအစဉ်မှူး ။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ လယ်ယာကဏ္ဍနဲ့ SME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်တဲ့ ငွေကြေးဖြည့်ဆည်းပံ့ပိုးပေးဖို့ ဘယ်လိုမူဝါဒတွေနဲ့ ဆောင်ရွက်နေတယ်ဆိုတာ ဒုတိယဝန်ကြီးအနေနဲ့ ဦးစွာဆွေးနွေးပေးစေလိုပါတယ်။**

**ဒုတိယဝန်ကြီး။ ။** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ လယ်ယာကဏ္ဍနဲ့ SME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MEB Two Step Loan ဘဏ္ဍာငွေကြေး ကူညီပံ့ပိုးပေးရေးအပိုင်းကို ဆောင်ရွက်နေတာရှိပါတယ်။ နိုင်ငံတော်ကလည်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးနေတာဖြစ်သလို SME ကဏ္ဍ၊ လယ်ယာကဏ္ဍစတဲ့ ကဏ္ဍကြီးတွေကိုလည်း အားပေးလျက်ရှိပါတယ်။ ဒီလိုအားပေးဖို့အတွက် SME ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတွေကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတတို့ဦးစီးပြီး ဖွဲ့စည်းထားပါတယ်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဒုတိယသမ္မတဦးစီးပြီး ဖွဲ့စည်းထားပါတယ်။ SME နဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကော်မတီတွေ ဖွဲ့စည်းထားပါတယ်။ ကော်မတီရဲ့အောက်မှာ ကော်မတီခွဲ၊ ဆပ်ကော်မတီတွေ အသီးသီးထပ်ဖွဲ့ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပိုင်းက ဘဏ္ဍာငွေကြေးပိုင်းဆိုင်ရာ ရရှိဖို့အတွက် ချေးငွေအပါအဝင် အကူအညီငွေ၊ ထောက်ပံ့ငွေ စတဲ့ငွေကြေး အရပ်ရပ်၊ အခွန်ကိစ္စတွေကို အဆင်ပြေချောမွေ့စေဖို့အတွက် ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။

### ငွေကြေးအကူအညီတွေ ရရှိနိုင်အောင်

နိုင်ငံတော်က ချမှတ်ထားတဲ့ စီးပွားရေးမူဝါဒတွေထဲမှ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာ ဖူလုံစေရေးနဲ့ ပြည်သူတွေရဲ့လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍတွေ ဘက်ညီစွာတိုးတက်လာစေဖို့၊ လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီတဲ့ စီးပွားရေးပုံစံ ဖော်ထုတ်ဖို့ဆိုတဲ့ မူဝါဒတစ်ခုရှိပါတယ်။ နောက်မူဝါဒတစ်ခုက တောင်သူလယ်သမားတွေနဲ့ စီးပွားရေးလုပ်ငန်းတွေကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မယ့် ငွေကြေးစနစ်နဲ့ ဘဏ္ဍာရေးတည်ငြိမ်မှုရရှိလာအောင် ဆောင်ရွက်ဖို့ မူဝါဒချမှတ်ထားပါတယ်။ ဒီမူဝါဒများနဲ့အညီ SME ကဏ္ဍတွေကို ယခုအခါမှာ အရင်ကထက် ဘဏ္ဍာငွေရရှိမှု ပိုမိုများပြားလာအောင် ဆောင်ရွက်နေပါတယ်။ လယ်ယာကဏ္ဍကို အရင်ကထက်ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် အမျိုးအစားစုံစုံလင်လင်နဲ့ ငွေကြေးအကူအညီတွေ ရရှိနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**အစီအစဉ်မှူး ။ ။ တောင်သူတွေကိုစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးတဲ့ဘဏ်အဖြစ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က လယ်ယာကဏ္ဍအတွက် ငွေကြေးဖြည့်ဆည်းပံ့ပိုးဖို့ ဘယ်လိုရည်မှန်းချက်တွေနဲ့ ဆောင်ရွက်နေတယ်ဆိုတာ ဆွေးနွေးပေးပါ ခင်ဗျာ။**

**ဦးမင်းသူ ။ ။** မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ကို စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနေတဲ့ဘဏ်ကြီးတစ်ခုလို့ အများသိကြပါတယ်။ ကျွန်တော်တို့ ဘဏ်လုပ်ငန်းမှာ အဓိက နှစ်ပိုင်းရှိပါတယ်။ ဘဏ်အပိုင်းနဲ့ Customer အပိုင်း ဖြစ်ပါတယ်။ ဘဏ်အပိုင်းကတော့ လိုက်နာရတဲ့ ဥပဒေတွေ ရှိပါတယ်။ အဓိကအားဖြင့် ဥပဒေသုံးခုကို လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီဥပဒေတွေကတော့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ၊ လယ်ယာမြေဥပဒေနဲ့ တောင်သူလယ်သမားအကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးဥပဒေဆိုတဲ့ ဥပဒေ(၃)ခုကို လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။

ဥပဒေသုံးရပ်ရဲ့ အဓိက ရည်မှန်းချက်က စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဆောင်ရွက်နေတဲ့ တောင်သူတွေနဲ့ လုပ်ငန်းရှင်တွေကို ငွေကြေးအရင်းအနှီး ပံ့ပိုးဖြည့်ဆည်းပေးဖို့ အဓိက ဖြစ်ပါတယ်။ ဒီတာဝန်ကို ကျွန်တော်တို့ ဘဏ်ကနေ နည်းလမ်းပေါင်းစုံနဲ့ စဉ်းစားပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒါက ဘဏ်ရဲ့အခန်းကဏ္ဍ ဖြစ်ပါတယ်။ နောက်တစ်ခုက Customer အခန်းကဏ္ဍ ဖြစ်ပါတယ်။ ဘဏ်မှာ Customer တွေဘယ်လိုဆက်သွယ် ဆောင်ရွက်နေလဲဆိုတာ သုံးမျိုးခွဲခြားပြောကြားလိုပါတယ်။

ပထမတစ်မျိုးက မိရိုးဖလာ တောင်သူတွေပါ၊ တစ်ပိုင်တစ်နိုင် လယ်ယာလုပ်ငန်းလုပ်ကိုင်နေတဲ့ လုပ်ကွက်ငယ်တောင်သူတွေ (၁၀ ဧကအောက်) ပိုင်ဆိုင်တဲ့ တောင်သူတွေဖြစ်ပါတယ်။ ပြီးတော့ စိုက်ဧက ၁၀ ဧကအထက် လုပ်ကွက်ကြီးတွေပိုင်ဆိုင်တဲ့ တောင်သူကြီးတွေ ရှိပါတယ်။ သူတို့က ကိုယ်တိုင်လယ်ယာလုပ်ငန်းလည်း လုပ်တယ်၊ ပြီးရင် ရင်းနှီးထားတဲ့ စက်ကိရိယာတွေနဲ့ တခြားတောင်သူတွေရဲ့လုပ်ငန်းတွေကိုပါ လုပ်မယ်၊ တခြားစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေကို တွဲလုပ်တဲ့ တောင်သူကြီးမျိုးဖြစ်ပါတယ်။

### ငွေပင်ငွေရင်းလည်ပတ်မှု အနေအထား

နောက်တစ်ခုက တောင်သူတော့မဟုတ်ဘူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံး ကျွန်တော်တို့ဘဏ်ရဲ့ Customer တွေအဖြစ်ပါဝင်ပါတယ်။ ကျွန်တော်တို့က ဘယ်လို Financing ပေးရမလဲ စဉ်းစားတဲ့အခါမှာ ခေတ်အဆက်ဆက် ငွေပင်ငွေရင်း လည်ပတ်မှုအနေအထားကို မူတည်ပြီးတော့ စဉ်းစားခဲ့ပါတယ်။ ၁၀ ဧကအောက် တောင်သူတွေကို ကြည့်လိုက်ရင် ဧက ၁၇ သန်းလောက် ရှိပါတယ်။ ဧကကြီးတွေပိုင်တဲ့ တောင်သူတွေက ဧက သန်း ၂၀ လောက်ရှိတော့ ကျွန်တော်တို့ဘဏ်က ချေးနိုင်တဲ့ ငွေပင်ငွေရင်းက နည်းပါတယ်။

မြန်မာ့စီးပွားရေးဘဏ်မှာရှိတဲ့ အများပြည်သူအပ်နှံငွေကနေ ထုတ်ချေးပေးရတဲ့ အနေအထားဖြစ်တဲ့အတွက် အရင်းအနှီးနည်းပါးတဲ့ လုပ်ကွက်ငယ်တောင်သူတွေကို နှစ်စဉ် စိုက်ပျိုးစရိတ် ထုတ်ချေးပေးနေတဲ့ အနေအထားရှိပါတယ်။ ဒါလည်း တောင်သူတွေ နှစ်စဉ် ရာသီအလိုက် စိုက်ပျိုးသီးနှံတွေ စိုက်မယ်၊ ပေါ်တဲ့အချိန်မှာ ပြန်ဆပ်ရတဲ့နှစ်ချင်းဆပ် ချေးငွေပုံစံမျိုးနဲ့ ထုတ်ချေးပေးလျက်ရှိပါတယ်။ လုပ်ကွက်ငယ်တောင်သူတွေကတော့ စိုက်ပျိုးစရိတ်ချေးငွေရပြီ၊ ဒီနေရာမှာ လုပ်ကွက်ကြီး တောင်သူကြီးတွေကရော ဒီလိုချေးငွေတွေ မရနိုင်ဘူးလားဆိုတဲ့ တောင်းဆိုမှုတွေ၊ မေးခွန်းတွေကို မကြာခဏ တွေ့ရှိရပါတယ်။

ဒါကိုကျွန်တော်တို့ စဉ်းစားတဲ့အခါဘယ်လို Financing အကူအညီလုပ်ပေးမလဲ စဉ်းစားလာရပါတယ်။ စဉ်းစားတဲ့အခါမှာ နိုင်ငံတော်အစိုးရရဲ့ မူဝါဒလမ်းညွှန်ချက်တွေ၊ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ သူတို့ရဲ့ လယ်ယာထုတ်ကုန် အရင်းအနှီးတွေမှာ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်ထုတ်ချေးပေးနိုင်အောင်စဉ်းစားကြမယ်ဆိုပြီး မြန်မာ-ဂျပန် အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်နဲ့ JICA Two Step Loan ချေးငွေ ဆိုပြီး ပေါ်ပေါက်လာခဲ့ပါတယ်။

### အကျိုးဝင်တဲ့ ချေးငွေအစီအစဉ်

စိုက်ပျိုးစရိတ်ချေးငွေရော၊ JICA Two Step Loan ချေးငွေရော ချေးငွေနှစ်မျိုးစလုံးက တောင်သူတွေအတွက်သာ ထုတ်ချေးတဲ့အတွက် တောင်သူကြီးတွေ၊ တောင်သူငယ်တွေရော ပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှာ တောင်သူတွေသာမက လုပ်ငန်းရှင်တွေလည်း ပါဝင်ပါတယ်။ ဒီလိုပါတော့ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းခွင်တွေကိုလည်း လိုအပ်တဲ့ အရင်းအနှီးတွေ ဖြည့်ဆည်းပေးရမယ်၊ ဘယ်လိုပုံစံမျိုးနဲ့ ဖြည့်ဆည်းကြမလဲ စဉ်းစားတဲ့အခါ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့ မြန်မာ့စီးပွားရေးဘဏ်နဲ့ပူးပေါင်းပြီးတော့ MEB Two Step Loan ဆိုပြီးပေါ်လာတယ်။ MEB Two Step Loan က တောင်သူတွေလည်း အကျုံးဝင်တယ်၊ တောင်သူမဟုတ်တဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူလုပ်ငန်းရှင်တွေအားလုံးလည်း အကျုံးဝင်တဲ့ ချေးငွေအစီအစဉ်ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဘဏ်က လုပ်ကွက်ငယ် တောင်သူ၊ လုပ်ကွက်ကြီးတောင်သူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် စိုက်ပျိုးစရိတ်ချေးငွေ၊ JICA Two Step Loan ချေးငွေ၊ MEB Two Step Loan ဆိုတဲ့ ချေးငွေအမျိုးအစားသုံးခုကို ထုတ်ချေးပေးလျက်ရှိတဲ့ ဘဏ်တစ်ခုဖြစ်တယ်လို့ ဆွေးနွေးတင်ပြလိုပါတယ်။

**အစီအစဉ်မှူး ။ ။ SME ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်လို မူဝါဒ ရည်မှန်းချက်တွေနဲ့ ဆောင်ရွက်နေတယ်ဆိုတာကိုလည်း ရှင်းလင်းဆွေးနွေးပေးစေလိုပါတယ်။**

**ဦးဝင်းနိုင်ဦး ။ ။** ကျွန်တော်တို့မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ကတော့ နိုင်ငံပိုင်ဘဏ်တစ်ခုအဖြစ် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းအပြင် နိုင်ငံတော်ရဲ့မူဝါဒအရ တာဝန်ပေးတဲ့ လုပ်ငန်းတွေကိုပါ ဆောင်ရွက်နေတာပါ၊ ဒီလိုဆောင်ရွက်နေတဲ့အခါမှာ နိုင်ငံတော်ရဲ့တာဝန်ပေးချက်အရ SME တွေဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပါဝင်ပြီး ဆောင်ရွက်ပေးနေပါတယ်။

### SME တွေဖွံ့ဖြိုးဖို့ ကူညီပံ့ပိုး

SME တွေဆိုတာ နိုင်ငံတိုင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အင်မတန်မှ အရေးပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံမှာပဲဖြစ်စေ၊ ဖွံ့ဖြိုးပြီးနိုင်ငံမှာပဲဖြစ်စေ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အား Key Driver လို့တောင် တင်စားခေါ်ကြပါတယ်။ ဒါကြောင့် အစိုးရတွေက SME တွေ ဖွံ့ဖြိုးတိုးတက်ဖို့ နည်းမျိုးစုံနဲ့ ကူညီပံ့ပိုးပေးကြပါတယ်။ SME တွေ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ချက်တွေတော့ ရှိတာပေါ့၊ ဒီထဲမှာ အရေးကြီးတဲ့ လိုအပ်ချက်တစ်ခုကတော့ ငွေကြေးအရင်းအနှီးတွေရရှိဖို့၊ Access to Finance ဖြစ်ပါတယ်။ များသောအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ကြည့်မယ်ဆိုရင် SME တွေ တော်တော်များများက သာမန်အားဖြင့် သမားရိုးကျ ဘဏ်တွေဆီက ငွေကြေးအရင်းအနှီးတွေကို ရယူဖို့ အခက်အခဲရှိကြပါတယ်။

ဘာကြောင့်လဲဆိုတော့ များသောအားဖြင့် SME တွေက လုပ်ငန်းအသစ်တွေဖြစ်တဲ့အပြင် အာမခံလည်း အလုံအလောက်မရှိကြဘူး။ ဘဏ်တွေထံကို အာမခံအလုံအလောက် မပေးနိုင်တဲ့အခါမှာ ငွေကြေးအရင်းအနှီးကိုလည်း လုံလုံလောက်လောက် မရကြဘူး။ ဒီလို မရတဲ့အခါ တစ်ဖက်ကပြန်ပြီး ပြင်ပဈေးကွက်ကနေ ချေးယူရတဲ့အခါမှာ အတိုးနှုန်းကြီးတယ်၊ ဒါ့အပြင် SME တွေ တော်တော်များများ လိုအပ်တာက နှစ်ချင်းဆပ် ကာလတို ချေးငွေမဟုတ်ဘူး၊ ကာလလတ် အနည်းဆုံး သုံးနှစ်၊ ငါးနှစ် စသဖြင့် ဒီလိုမျိုး ကာလလတ် ချေးငွေတွေကို လိုအပ်တာဖြစ်ပါတယ်။

ဒီလို ချေးငွေတွေကို သမားရိုးကျဘဏ်အဖွဲ့အစည်းတွေက မပေးနိုင်ဘူး။ မပေးနိုင်တဲ့အခါ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် မြန်မာ-ဂျပန်အစိုးရ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ Two Step Loan က ဒီလိုအပ်တဲ့ ကွက်လပ်ကိုဖြည့်ပေးမှာ ဖြစ်ပါတယ်။ Two Step Loan ကို ဘယ်လိုလူတွေရနိုင်လဲ၊ ဘယ်လိုလုပ်ငန်းတွေ အကျုံးဝင်လဲဆိုတာ ရှင်းပြပါမယ်။ Two Step Loan ဟာ SME တိုင်းလည်း မရနိုင်ပါဘူး။

*စာမျက်နှာ ၁၁ သို့*



**“ တောင်သူလယ်သမားတွေနဲ့ စီးပွားရေးလုပ်ငန်းတွေကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မယ့် ငွေကြေးစနစ်နဲ့ ဘဏ္ဍာရေး တည်ငြိမ်မှုရရှိလာအောင် ဆောင်ရွက်ဖို့ မူဝါဒချမှတ်ထားပါတယ်။ ဒီမူဝါဒများနဲ့အညီ SME ကဏ္ဍတွေကို ယခုအခါမှာ အရင်ကထက် ဘဏ္ဍာငွေရရှိမှု ပိုမိုများပြားလာအောင် ဆောင်ရွက်နေပါတယ် ”**

*စာမျက်နှာ ၁၀ မှ*

SME တွေအများစုဟာ ပုံသဏ္ဌာန်မျိုးစုံနဲ့ ရှိနေပါတယ်။ အဲဒီအထဲကမှ နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမယ့် ပုံစံမျိုးဖြစ်တဲ့ SME တွေကို ရွေးပြီးတော့ ပံ့ပိုးပေးခြင်း ဖြစ်ပါတယ်။ အဲဒီလိုလုပ်တဲ့အခါ ဘယ်ဥပဒေနဲ့ညီရမလဲဆိုရင် SME ဥပဒေတွေနဲ့ ညီညွတ်တဲ့ အဖွဲ့အစည်းတွေဖြစ်ရမယ်။ လုပ်ငန်းရွေးချယ်တဲ့အခါ ဥပမာ - ကုန်ထုတ်လုပ်ငန်း၊ လုပ်သားအခြေပြုလုပ်ငန်း၊ လက်လီရောင်းဝယ်ရေးလုပ်ငန်း၊ လက်ကားရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း အစရှိတဲ့ ဒီလိုလုပ်ငန်းတွေကို ရွေးချယ်ပြီးတော့ ဒီ SME တွေ ဖွံ့ဖြိုးတိုးတက်ဖို့ ငွေထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်။

ထုတ်ချေးတဲ့အခါ အတိုးနှုန်းအားဖြင့် ၈ ဒသမ ၅ ရာခိုင်နှုန်း၊ ချေးငွေ သက်တမ်းက တစ်နှစ်ကနေ ငါးနှစ်အထိစသဖြင့် SME တွေ အမှန်အကယ် လိုအပ်တာတွေကို ဖြည့်ဆည်းပေးနိုင်အောင် စီမံပြီးတော့ မူဝါဒချမှတ်ဆောင်ရွက်ပေးထားတာဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကဏ္ဍ ဘက်ကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ကူးပြောင်းဆောင်ရွက်နေတယ်ဆိုတာကိုလည်း ရှင်းပြပေးပါဦးခင်ဗျာ။**

**ဦးခွန်အေးနိုင် ။ ။** လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စက်မှုလယ်ယာစနစ်ကို ကူးပြောင်းကျင့်သုံးဖို့ဆိုပြီး မူဝါဒချမှတ်ထားပါတယ်။ မူဝါဒကို အကောင်အထည်ဖော်တဲ့နေရာမှာ အပိုင်းနှစ်ပိုင်း ရှိပါတယ်။ တစ်ပိုင်းကတော့ လယ်ယာကဏ္ဍမှာ စက်ကိရိယာတွေ တပ်ဆင်အသုံးပြုကြမှာဖြစ်ပါတယ်။ လယ်ယာသုံးစက်ကိရိယာတွေ လယ်ယာကဏ္ဍမှာ များများစားစား သုံးစွဲလာနိုင်တာနဲ့အမျှ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းသွားနိုင်ဖို့ဖြစ်ပါတယ်။ ဒုတိယတစ်ပိုင်းက ဒီလိုမျိုး လယ်ယာသုံးစက်ကိရိယာတွေကို သုံးစွဲတော့မယ်ဆိုရင် အကျိုးရှိထိရောက်အောင် သုံးနိုင်ဖို့ဆိုတာ စက်ကိရိယာတွေ ဝင်နိုင်ထွက်နိုင်တဲ့ ကုန်ထုတ်လမ်းတွေလည်း ရှိဖို့လိုတယ်။

### ပြည်ပလယ်ယာသုံးစက်ကိရိယာ အခွန်ကင်းလွတ်ခွင့်ပေး

အရွယ်အစားပုံသဏ္ဌာန်အမျိုးမျိုး၊ ကျဉ်းမြောင်းနေတဲ့ အရွယ်အစားတွေကို အချိုးကျညီညီညာညာနဲ့ စက်ကိရိယာဝင်ရောက်မောင်းနှင်နိုင်တဲ့ အကျယ်အဝန်းရှိအောင် လက်ရှိလယ်ယာမြေတွေကို ကောင်းမွန်လာအောင် စနစ်ကျလယ်ယာမြေအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားတဲ့အပိုင်းဆိုပြီး စက်မှုလယ်ယာ ဦးစီးဌာနကလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ လယ်ယာသုံးစက်ကိရိယာတွေကို တိုးတက်သုံးစွဲလာမှု အပိုင်းမှာတော့ နိုင်ငံတော်အနေနဲ့လည်း ပြည်ပကနေ တင်သွင်းလာတဲ့ ခေတ်မီလယ်ယာသုံး စက်ကိရိယာတွေဆိုရင် အခွန်ကင်းလွတ်ခွင့်တွေပေးပြီး တောင်သူလယ်သမားတွေ သက်သက်သာသာ ဝယ်နိုင်အောင် ဆောင်ရွက်ပေးနေပါတယ်။

စက်မှုလယ်ယာဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူလယ်သမားလေးတွေ၊ အရင်းအနှီး နည်းပါးတဲ့သူတွေ ဝယ်ယူသုံးစွဲနိုင်အောင်ဆိုပြီး ရရှိတဲ့ ရန်ပုံငွေဘောင်အတွင်းကနေ နှစ်နှစ်အတွင်း သုံးရစ်ခွဲပြီး ဆပ်တဲ့စနစ်နဲ့လည်း အရစ်ကျရောင်းပေးနေပါတယ်။ လိုအပ်ချက်က များနေတာဖြစ်တဲ့အတွက် ဌာနရန်ပုံငွေတစ်ခုတည်းနဲ့လည်း အပြည့်အဝ မဖြည့်တင်းပေးနိုင်တဲ့အခါ ပုဂ္ဂလိက လယ်ယာသုံးစက်ရိယာ တင်သွင်းရောင်းချတဲ့သူတွေနဲ့ ကျွန်တော်တို့ ဌာနက ညှိနှိုင်းပေါင်းစပ်ပြီးတော့ ကနဦးပေးသွင်းတဲ့ စက်ဖိုးငွေ ၁၀ ရာခိုင်နှုန်း ပေးသွင်းရုံနဲ့ စက်တွေ ဝယ်ယူနိုင်မယ်၊ ပြီးရင် သုံးနှစ်အတွင်း ခုနစ်ရစ်ခွဲပြီးတော့ ပြန်ဆပ်နိုင်အောင် စီမံပေးတာတွေကိုလည်း ကျွန်တော်တို့ဌာနက ဆောင်ရွက်ပေးပါတယ်။ တန်ဖိုးကြီးတဲ့ လယ်ယာသုံးစက်ကိရိယာတွေကို တွင်တွင်ကျယ်ကျယ် သုံးလာနိုင်အောင် သက်ဆိုင်ရာ အခြားဆက်စပ် အဖွဲ့အစည်းတွေကနေ ဘဏ္ဍာငွေကြေးအထောက်အပံ့တွေ ပိုပြီး ရရှိလာမယ်ဆိုရင် လယ်ယာကဏ္ဍမှာ စက်ကိရိယာ တွေပိုပြီးတော့ သုံးစွဲလာနိုင်တဲ့ အခြေအနေနဲ့ အနေအထားတစ်ရပ်ကို ရောက်ရှိလာနိုင်မယ်လို့ ယူဆပါတယ်။

**အစီအစဉ်မှူး ။ ။ လယ်ယာကဏ္ဍနဲ့ SME ကဏ္ဍတွေမှာ လိုအပ်တဲ့ ငွေကြေးအရင်းအနှီးတွေ တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ဖို့ ဘယ်လိုလုပ်ဆောင်ပေးမလဲဆိုတာ ဒုတိယဝန်ကြီးအနေနဲ့ ဆွေးနွေးပေးစေလိုပါတယ်။**

**ဦးမောင်မောင်ဝင်း ။ ။** စောစောက ပြောခဲ့သလို အရင်နဲ့ အခု နှိုင်းယှဉ်ပြီးတော့ တင်ပြချင်ပါတယ်။ ဥပမာ လယ်ယာကဏ္ဍဆိုရင် ကျွန်တော်တို့ နိုင်ငံတော်က လုပ်ပေးနိုင်တာ အမတော်ကြေးလို့ခေါ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေ၊ တစ်ရာသီစာ ချေးတာဖြစ်ပါတယ်။ နှစ်ချင်းဆပ်ချေးငွေဆိုရင် တစ်ရာသီအတွင်းမှာ ပြန်ဆပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် မိုးစပါး၊ မိုးကြိုသီးနှံတွေနဲ့ ဆောင်းသီးနှံတွေအတွက် သူ့ရာသီနဲ့သူ တတ်နိုင်သလောက် တောင်သူလယ်သမားတွေအတွက် နိုင်ငံတော်က ချေးငွေ ချေးပေးလျက်ရှိပါတယ်။

အရင်ကလယ်ယာကဏ္ဍကို ငွေကြေး အကူအညီပေးတာ ထင်ထင်ရှားရှားဆိုလို့ စိုက်ပျိုးစရိတ်ချေးငွေပဲ ရှိပါတယ်။ နောက်တစ်ခု သမဝါယမကဏ္ဍကပေးတဲ့ ကုန်ထုတ် သမဝါယမ အသင်းလေးတွေဖွဲ့ပြီးချေးပေးတဲ့ သမဝါယမ ချေးငွေလေးတွေလည်း ရှိနိုင်ပါတယ်။ အခု အချိန်မှာ မြန်မာ - ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ Two Step Loan ဆိုတဲ့ နှစ်ဆင့်ချေးငွေ၊ JICA Two Step Loan လို့ လူသိများပါတယ်။ JICA Two Step Loan က လယ်ယာကဏ္ဍကို Two Step Loan နဲ့ SME ကဏ္ဍကို Two Step Loan ဆိုပြီး နှစ်ခု ခွဲလာတာဖြစ်ပါတယ်။

ပထမတစ်ဆင့်မှာ မြန်မာနိုင်ငံကို ချေးပေးတယ်၊ နောက်တစ်ဆင့် မြန်မာနိုင်ငံမှာရှိတဲ့ တောင်သူလယ်သမားတွေကို ချေးပေးတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ SME လုပ်ငန်းရှင်တွေကို ချေးပေးတယ်။ ဒါကြောင့် နှစ်ဆင့်ချေးငွေလို့ ဖြစ်လာတာဖြစ်ပါတယ်။ SME ကဏ္ဍကို ပေးတဲ့အခါ မြန်မာ့စီးပွားရေးဘဏ်ကနေ တာဝန်ယူပြီး သူနဲ့အတူ ပူးပေါင်းပြီးချေးဖို့၊ တခြားသော ပုဂ္ဂလိကက သင့်တော်တဲ့ဘဏ်တွေကို ရွေးချယ်ပြီး ဘဏ်အသီးသီးကနေ SME လုပ်ငန်းရှင်တွေ လက်ထဲရောက်အောင် ထုတ်ချေးပေးတာဖြစ်ပါတယ်။

### တောင်သူလယ်သမားလက်ဝယ်အရောက် ငွေချေး

မြန်မာ့စီးပွားရေးဘဏ်ကလည်း လယ်ယာဖွံ့ဖြိုးရေးအတွက် ချေးငွေယူပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို ပြန်ချေးပေးတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ တောင်သူလယ်သမား လက်ဝယ်အရောက် ချေးငွေတွေ ချေးပေးပါတယ်။ JICA ကို ကျေးဇူးတင်တာက Two Step Loan ဖန်တီးပေးတဲ့အတွက် သူ့ဆီကရတဲ့ချေးငွေကို ထပ်ဆင့်ချေးပေးခြင်းအားဖြင့် ကျွန်တော်တို့ လိုနေတဲ့ကွက်လပ်ကလေးကို ဖြည့်ပေးနိုင်ပါတယ်။

အဲဒါကို နမူနာယူပြီးတော့ မြန်မာ့စီးပွားရေးဘဏ်မှာ ပိုလျှံနေတဲ့ အပ်ငွေတွေကိုလည်း အလားတူ ထုတ်ချေးတယ်၊ JICA ကို နမူနာယူပြီး မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ လယ်ယာကဏ္ဍကိုချေးပေးတယ်။ ကိုယ်ပိုင်အပ်ငွေထဲက SME ကိုလည်း အလားတူဆက်ပြီး ချေးပေးတယ်။ အဲဒါမျိုးတွေ နှစ်ဆင့်ထပ်ပြီးတော့ လုပ်လိုက်ပါတယ်။

မြန်မာ့စီးပွားရေးဘဏ်ကနေ အပ်ငွေကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်ကို အတိုင်းအတာတစ်ခုအထိ ချေးပေးလိုက်တယ်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်က အရင်က စိုက်ပျိုးစရိတ်တစ်ခုတည်းကို ချေးနေရာကနေ စိုက်ပျိုးစရိတ်မဟုတ်တဲ့ တခြားလိုအပ်တာလေးတွေ ထုတ်ချေးလာနိုင်ပါတယ်။ အလားတူ SME ကဏ္ဍကိုလည်း JICATwo Step Loan က စည်းကမ်းသတ်မှတ်ချက်တွေနဲ့ မညီညွတ်လို့ မရသေးတဲ့ SME တွေကို ချေးငွေရအောင် MEB ငွေထဲက SME ချေးငွေချေးပေးတယ်၊ အခု Two Step Loan နှစ်မျိုးနဲ့ သွားနေတယ်၊ JICA Two Step Loan၊ မြန်မာနိုင်ငံက Two Step Loan နှစ်ခုနဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေလည်း ရရှိအောင်၊ လုပ်ငန်းမျိုးစုံလည်းရအောင်၊ အတိုးနှုန်းလည်း သက်သာအောင်၊ ချေးငွေ သက်တမ်းလည်း ပိုပြီးကြာအောင် ချေးပေးလျက်ရှိပါတယ်။

**အစီအစဉ်မှူး ။ ။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေနဲ့ လယ်ယာကဏ္ဍအတွက် လက်ရှိအခြေအနေမှာ ဘယ်လောက်အတိုင်းအတာအထိ ငွေကြေးဖြည့်ဆည်းမှုတွေ ဆောင်ရွက်ပေးထားတယ်။ ဆက်လက်ပြီးလည်း ဘယ်လိုဆောင်ရွက်ပေးသွားမယ်ဆိုတာ ပြောပြပေးစေလိုပါတယ်။**

**ဦးမင်းသူ ။ ။** စောစောက ရှင်းပြခဲ့သလိုပဲ ချေးငွေအမျိုးအစားသုံးခုမှာ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးတာက အဓိကလုပ်ငန်းလို့လည်း ပြောလို့ရပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေကတော့ နှစ်စဉ်နှစ်တိုင်းကို ချေးငွေပမာဏအများဆုံးနဲ့ တောင်သူဦးရေ နှစ်သန်းခန့်ကို ထုတ်ချေးပေးနေတာ ဖြစ်ပါတယ်။ အခုအစိုးရ မတိုင်မီ ၂၀၁၅-၂၀၁၆ လောက်တုန်းက စပါး တစ်ဧကကို တစ်သိန်းနှုန်းနဲ့ ထုတ်ချေးပါတယ်။ အခြားသီးနှံဖြစ်တဲ့ ပဲမျိုးစုံ၊ ချည်မျှင်ရှည်ဝါ၊ ပြောင်း ဒါကိုတော့ တစ်ဧကကို နှစ်သောင်းကျပ်နဲ့ ထုတ်ချေးပေးခဲ့ပါတယ်။ ချက်ကြံကိုတော့ တစ်ဧက တစ်သိန်းနှုန်းနဲ့ ထုတ်ချေးပါတယ်။

### တိုးမြှင့်ထုတ်ချေး

အခုအစိုးရသစ် တက်လာပြီးတဲ့နောက် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ စပါးတစ်ဧကကို တစ်သိန်းကနေ တစ်သိန်းခွဲအထိ တိုးမြှင့်ထုတ်ချေးခဲ့ပါတယ်။ အခြားသီးနှံကတော့ ကျပ်နှစ်သောင်းပဲ မပြောင်းလဲဘူး။ ချက်ကြံကိုလည်း တစ်သိန်းနဲ့ ချေးခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်ရောက်တော့ တောင်သူတွေက တောင်းဆိုလာတယ်။ အခြားသီးနှံနှုန်းထား တိုးမြှင့်ပေးဖို့ လိုအပ်လာတဲ့အတွက် စပါးကို တစ်ဧက တစ်သိန်းခွဲနဲ့ ထုတ်ချေးပါတယ်။ အခြားသီးနှံဖြစ်တဲ့ ပဲမျိုးစုံ၊ ချည်မျှင်ရှည်ဝါ၊ ပြောင်း ဒါကို နှစ်သောင်းကျပ်ကနေ ငါးသောင်းကျပ်အထိ တိုးမြှင့်ထုတ်ချေးခဲ့ပါတယ်။ ချက်ကြံကတော့ တစ်သိန်းနဲ့ ထုတ်ချေးခဲ့ပါတယ်။ ထုတ်ချေးခဲ့တဲ့ပမာဏကို ကြည့်မယ်ဆိုလျှင် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ကျပ်ဘီလီယံပေါင်း ၁၆၃၀ အထိ ထုတ်ချေးခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ မှာ ၁၇၀၇ ဘီလီယံ ထုတ်ချေးခဲ့ပါတယ်။

၂၀၁၈ ခုနှစ် ၆ လ ဘတ်ဂျက်မှာတော့ ကျပ်ဘီလီယံ ၁၃၀၀ ထုတ်ချေးခဲ့တဲ့အတွက် ဒီအစိုးရကာလသစ်မှာပဲ စိုက်ပျိုးစရိတ် ထုတ်ချေးမှုက ကျပ်ဘီလီယံပေါင်း ၄၈၀၀ လောက်အထိ ထုတ်ချေးပေးနိုင်ခဲ့ပြီးတော့ တိုးမြှင့်ထုတ်ချေးတဲ့ အချိန်က ၂၀၁၆-၂၀၁၇ တစ်ကြိမ် စပါးသီးနှံကို တိုးမြှင့် ထုတ်ချေးခဲ့တယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ အခြား သီးနှံကို တိုးမြှင့်ထုတ်ချေးခဲ့ပါတယ်။ ဒါကလည်း မျက်ဝါးထင်ထင် တွေ့ရတဲ့အပိုင်း ဖြစ်ပါတယ်။ တောင်သူတွေ တချို့ကလည်း ကျွန်တော်တို့ ပေးနေတဲ့ ဘဏ်ထုတ်ချေးငွေက လုံလောက်မှု မရှိဘူး၊ တိုးမြှင့်ထုတ်ချေးပါစသဖြင့် တောင်းဆိုမှုတွေလည်း ရှိပါတယ်။

### ထုတ်ချေးရမယ့် ငွေပမာဏနဲ့ ချိန်ဆ

ဒီအတွက်လည်း ကျွန်တော်တို့က နည်းလမ်းပေါင်းစုံနဲ့ အများကြီးစဉ်းစားရပါတယ်။ ကျွန်တော်တို့ လည်ပတ်နေတဲ့ ငွေပမာဏဟာ ကျွန်တော်တို့ဘဏ်က နည်းနည်းပဲ ပါပါတယ်။ အဓိကတော့ မြန်မာ့စီးပွားရေးဘဏ်မှာ အများပြည်သူ အပ်နှံထားတဲ့ငွေကနေ ထုတ်ချေးရတာ ဖြစ်တော့ စပါးကေကိုကြည့်ရင် ၁၀ သန်းလောက်ရှိပါတယ်။ တစ်ဧကကို ငါးသောင်းလောက် တိုးလိုက်ရင် တောင်မှပဲ ရတဲ့တောင်သူက တစ်ဧကကို ငါးသောင်းပဲ တိုးသွားမယ်။ စီးပွားရေးဘဏ်မှာ ရှိတဲ့ ငွေကဘီလီယံ ၅၀၀ ထိမြင့်သွားတယ်။ MEB အနေနဲ့လည်း သူ့မှာရှိတဲ့ ငွေပင်ငွေရင်းနဲ့ လည်ပတ်ရမယ့်ငွေနဲ့ အခြားလုပ်ငန်းတွေမှာ ထုတ်ချေးရမယ့် ငွေပမာဏနဲ့ ချိန်ဆပြီး ဝန်ကြီးဌာနကို တင်ပြဆောင်ရွက်ရတာ ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း အကောင်းဆုံးဖြစ်မယ့် နည်းလမ်းကိုတော့ စီမံကိန်းနဲ့ ဘဏ္ဍာရေး ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ရဲ့ BOD အဖွဲ့ကို တင်ပြပြီးတော့မှ သင့်တော်မယ့်နှုန်းထား တစ်ခုကို အဆင်အပြေဆုံးဖြစ်အောင် စဉ်းစားပြီးတော့ ဆောင်ရွက်နေပါတယ်။ ဒါက စိုက်ပျိုးစရိတ်ချေးငွေ ဖြစ်ပါတယ်။ JICA Two Step Loan ကတော့ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှာ Pilot Project ကို စခဲ့ပါတယ်။ စပြီးတစ်နှစ်တာကာလကျော်မှာတော့ မြို့နယ်ပေါင်း ၁၁၇ မြို့နယ်အထိ ကျွန်တော်တို့ လွှမ်းခြုံနိုင်ပါပြီ၊ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နဲ့ တိုင်းဒေသကြီး အားဖြင့် ၁၂ ခု လွှမ်းခြုံနိုင်ပါပြီ၊ တောင်သူပေါင်း ၈၁၄ ဦးကို ကျပ်သန်းပေါင်း သုံးသောင်းနီးပါး၊ ဘီလီယံ ၃၀ လောက်အထိ ထုတ်ချေးပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်ထုတ်ချေးဖို့ ဆောင်ရွက်နေတာဆိုရင် စက်တင်ဘာလောက်မှာ နောက်ထပ် ၉ ဘီလီယံလောက် ထုတ်ချေးပေးနိုင်မှာဖြစ်ပါတယ်။

ဒီချေးငွေဟာလည်း အရှိန်အဟုန်နဲ့ သွားလျက်ရှိပါတယ်။ အတိုးနှုန်းကလည်း စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားအတိုင်း တစ်နှစ်လုံးမှ ၈ ရာခိုင်နှုန်းပဲယူပါတယ်။ တစ်လကို ၆၇ ပြားပဲ ကျသင့်တဲ့ချေးငွေဖြစ်ပြီး ကျွန်တော်တို့နိုင်ငံမှာဆိုရင် အတိုးနှုန်း အသက်သာဆုံး ချေးငွေလို့ ပြောလို့ရပါတယ်။ ဒါလည်းတောင်သူ တစ်ဦးချင်း နှစ်တို/နှစ်လတ် Investment လုပ်ချင်တဲ့ တောင်သူတွေအတွက် လယ်ယာသုံးစက်ကိရိယာ တွေဝယ်ဖို့၊ value added စက်ရုံတွေစိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံလုပ်ငန်းတွေလုပ်ဖို့ တောင်သူတစ်ဦးကို သိန်း ၅၀၀အထိ ထုတ်ချေးပေးပါတယ်။ အဲဒါမှမဟုတ်ရင် အစုအဖွဲ့အလိုက် ချေးမယ်ဆိုရင် တောင်သူ သုံးဦးမှ ၁၀ ဦးအထိ စုဖွဲ့ပြီး ကျပ်သိန်း ၅၀၀၀ လောက်အထိ ထုတ်ချေးနိုင်ပါတယ်။

ဒီနေ့အထိ တောင်သူတွေက တစ်ဦးချင်းပဲ ထုတ်ချေးတာ တွေ့ရပါတယ်။ အစုအဖွဲ့အလိုက်က အခုအချိန်အထိ အကြောင်းအမျိုးမျိုးကြောင့် ထုတ်ချေးပေးနိုင်ခြင်း မရှိသေးပါဘူး။ ပြည်နယ်၊ တိုင်းဒေသကြီးတွေအနေနဲ့ အစုအဖွဲ့လေးတွေ ထုတ်ချေးပေးနိုင်မယ်ဆိုရင် ပမာဏများများနဲ့ Supply chain တစ်ခုလုံးကို Cover ဖြစ်မယ့် ချေးငွေမျိုးဖြစ်ပါတယ်။ ကျပ်သိန်း ၅၀၀၀ ဆိုတော့ စိုက်ပျိုးရေးလုပ်ငန်းမှာ မြေပြုပြင်တာ၊ ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းခြွေလှေ့ ထုပ်ပိုးရောင်းချတဲ့ Process တစ်ခုလုံးကို Cover ဖြစ်မယ့် ချေးငွေ အမျိုးအစားဖြစ်ပါတယ်။ အင်မတန်အကျိုးရှိတဲ့ ချေးငွေပုံစံ ဖြစ်တယ်လို့ ပြောနိုင်ပါတယ်။

**ရှင်မင်း၊ မွေးကြူ၊ ဓာတ်ပုံ-အေးသန်း**

*(ဆက်လက်ဖော်ပြပါမည်)*

*စာမျက်နှာ ၉ မှ*

အခုနောက်ပိုင်းမှာတော့ ဒေါ်လာ ၁၀၀ အောက်လျော့သွားပါပြီ။ ဒါဆိုရင် ဝယ်ယူတင်သွင်းရတဲ့ ဈေးနှုန်းရော ငွေကြေးလဲလှယ်နှုန်းထားရော မြင့်တဲ့အတွက် စက်သုံးဆီဈေးနှုန်းကြီးမြင့်တာပဲ ဖြစ်ပါတယ်။ သို့သော် ဝယ်ဈေးနဲ့ပြန်ရောင်းနေတဲ့ဈေးက အရင်တုန်းကတော့ မှန်တယ်။ စင်ကာပူဈေးကျတယ်၊ ဒီမှာမကျသေးဘူး။ နည်းနည်းဈေးတက်ရင် ဒီမှာအများကြီးတက်နေပြီ စသဖြင့် ဖြစ်ခဲ့တယ်။ အခုနောက်ပိုင်းမှာ တက်ရင်တက်တယ်။ ကျရင်ကျတယ်။ တစ်ရက် နှစ်ရက် ကွာဟမှုလေးတွေရှိပါတယ်။ သို့သော် လစဉ်ပျမ်းမျှကို ယူကြည့်မယ် ဆိုရင်တော့ ဂရပ်အတိုင်းသွားနေတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဒီဇယ်ဆိုလည်း ဒီအတိုင်းပဲ ဖြစ်ပါတယ်။ အဓိက ပြောချင်တာကတော့ MOPS ဈေးတက်လာတာနဲ့အမျှ ကျွန်တော်တို့ဆီက အများကြီး မတက်ပါဘူး။

"နောက်တစ်ချက်အနေနဲ့ အခုစက်သုံးဆီ ဈေးနှုန်းတက်နေသော်လည်းပဲ ကျွန်တော်တို့နိုင်ငံမှာ အခုရောင်းနေတဲ့ဈေးက အာရှနိုင်ငံတွေ အိမ်နီးချင်း နိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံအောက်မှာ ဈေးသက်သာတာ နှစ်နိုင်ငံရှိပါတယ်။ ချမ်းသာတဲ့နိုင်ငံတွေဖြစ်တဲ့ မလေးရှားနိုင်ငံနဲ့ ဘရူနိုင်းနိုင်ငံတို့ဖြစ်ပါတယ်။ ဘရူနိုင်းကတော့ တော်တော်လေးကို သက်သက်သာသာနဲ့ရောင်းတာ တွေ့ရပါတယ်။ စင်ကာပူက အများဆုံး ဖြစ်ပါတယ်။ MOPS အပေါ်မှာ ရောင်းနေတာ ကျွန်တော်တို့နိုင်ငံရဲ့ဈေးနှုန်း ဖြစ်ပါတယ်။ စက်သုံးဆီဈေးနှုန်းနဲ့ပတ်သက်လို့ ကျွန်တော်တို့ဝန်ကြီးဌာနက အမြဲတမ်းနေ့စဉ် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း၊ ကမ္ဘာ့စက်သုံးဆီ ပေါက်ဈေးနှုန်း၊ ရန်ကုန်၊ မန္တလေး၊ နယ်တွေမှာ ရောင်းတဲ့ ဈေးနှုန်းတွေကို နေ့စဉ် ကြည့်ပါတယ်။ အဲဒီအပေါ်မှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းထက်များပြီး မတော်လောဘနဲ့ ရောင်းချရင်တော့ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သာမန်အားဖြင့်ကတော့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချခွင့်ပြုထားပါတယ်။ အခုလက်ရှိ အခြေအနေမှာ ပြည်တွင်းလုပ်ငန်းရှင်တွေရဲ့ တစ်ဦးနဲ့ တစ်ဦး စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချမှုဟာ ပြိုင်ဆိုင်မှု ပြင်းထန်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၀ ပြည့်နှစ်ကစပြီး ပုဂ္ဂလိက စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို တိုင်းရင်းသားလုပ်ငန်းရှင်များအား လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့ပြီး သက်ဆိုင်ရာဌာနများတွင် လိုင်စင်များလျှောက်ထားရယူကာ စက်သုံးဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်စေခြင်း ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - သိခ်**



# ဒေသအချို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းတံတားများရေကျော်၊ လယ်ယာမြေများရေကြီးနစ်မြုပ်



ထီးလင်း-ရေမျက်နီ-ပုလဲကားလမ်း မြေသားပြိုကျမှုများကို ဝိုင်းဝန်းဖယ်ရှားရှင်းလင်းကြစဉ်။

**လဲချား**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လဲချားမြို့နယ်တွင် အောက်တိုဘာ ၁၀ ရက်က နံနက် ၁၀ နာရီမှ ညနေ ၅ နာရီခွဲအထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းလှိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းစိန်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစန်းလွင်တို့ ပါဝင်သောအဖွဲ့ဝင်များသည် ရေကြီးနစ်မြုပ်ရာသို့ သွားရောက် ကွင်းဆင်းကြည့်ရှုခဲ့ကြရာ မိုင်းကိုင်မြို့နယ်မှ ချောင်းဖျားခံစီးဆင်းလာသော နမ့်တိန်းချောင်းသည် လဲချားမြို့ အရှေ့ဘက်နှစ်မိုင်အကွာ ချောင်းတစ်လျှောက်ရှိ ကွင်းများအနက် ကွင်းခုနစ်ကွင်းတွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့မကျေးရွာအုပ်စုအတွင်းရှိ နမ့်တိန်းချောင်းရေကြီးမှု ဖြစ်စဉ်တွင် တောင်သူ ၁၀၈ ဦးပိုင် ကွင်းပေါင်းခုနစ်ကွင်း၊ ဦးပိုင် ၁၁၂၊ ရေမြုပ်ဧရိယာစုစုပေါင်း ၄၁၉ ဒသမ ၅၉ ဧကခန့် ရေကြီးနစ်မြုပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

**ထီးလင်း**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ထီးလင်း- ကျင်း- ပခုက္ကူကားလမ်းပိုင်း မိုင်တိုင်အမှတ် ၇၅/၆ အနီးတွင်လည်းကောင်း၊ ထီးလင်း- ရေမျက်နီ- ပုလဲကားလမ်း မိုင်တိုင်အမှတ် ၈၁/၄ အနီးတို့တွင်လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်က လမ်းမြေပြိုမှုဖြစ်ပွားသဖြင့် လမ်းပိတ်ဆို့ကာ မော်တော်ယာဉ်သွားလာမှု ခေတ္တပြတ်တောက်သွားသည်။

အဆိုပါ နေရာများသို့ သက်ဆိုင်ရာ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များ၊ နယ်မြေရဲစခန်းများ၊ လမ်းဦးစီးဌာနနှင့် မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ဆက်သွယ်သွားလာမှု ပြတ်တောက်ခြင်း မရှိစေရေးအတွက် စက်ယန္တရား၊ လူအင်အားတို့ဖြင့် ဝိုင်းဝန်းဖယ်ရှားရှင်းလင်းခဲ့ရာ အောက်တိုဘာ ၁၁ ရက် နံနက်တွင် မော်တော်ယာဉ်များ ပုံမှန်မောင်းနှင် သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**စိန်ကျော်**



**မြစ်သား**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့၌ ပန်းလောင်မြစ်ရေလျှံ၍ ရေဝင်ရောက်သော အိမ်ခြေနှစ်ရာခန့်အား အောက်တိုဘာ ၁၀ရက် ညနေ ၄နာရီက ထမင်းထုပ်များဝေငှခဲ့ကြောင်း သိရသည်။

ဘူတာရပ်ကွက်တွင် အိမ်ခြေတစ်ထောင်ခန့်ရှိရာတွင် မြေနိမ့်ပိုင်းဖြစ်သော နယ်မြေ(၆)ဘက်ရှိ အိမ်ခြေနှစ်ရာခန့်၌ ယမန်နေ့ကမိုးများ သည်းထန်စွာရွာသွန်းခဲ့ပြီးပန်းလောင်မြစ်ရေလျှံရာမှ ရေများဝင်ရောက်ခဲ့ရာ ယနေ့တွင် ရေများလျော့ကျသွားပြီဖြစ်ကြောင်း အဆိုပါ ရပ်ကွက်နေ ဦးအောင်ဝင်းက ပြောသည်။

ရေများလျော့ကျသွားပြီဖြစ်သော်လည်း ထမင်းဟင်းချက်ပြုတ်ရန် ခက်ခဲနေသောမိသားစုများအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်မင်းထွန်း ဦးဆောင်သော မြို့မအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးနှင့် စေတနာရှင်များက ထမင်းထုပ်များ၊ သောက်ရေသန့်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**စဉ့်ကူး**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး မန္တလေး - မိုးကုတ် ကားလမ်းပိုင်းနှင့် စဉ့်ကူး-လက်ပန်လှ ကားလမ်းပိုင်းတို့တွင် တောင်ကျရေများကျဆင်းမှုများဖြစ်ပေါ်ခဲ့ရာ မော်တော်ယာဉ်များ ခရီးသွားလာမှု ခေတ္တပြတ်တောက်ခဲ့သည်။

အဆိုပါ မိုးသုံးရက် အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကျရေများကျဆင်းကာ စဉ့်ကူး-လက်ပန်လှသွားကားလမ်း ကြို့ပြင်ကျေးရွာလမ်းပိုင်းနှင့် မန္တလေး - မိုးကုတ် ကာလမ်း မိုင်တိုင်အမှတ် (၄၃/၅)နှင့် (၄၃/၇) ညောင်ဝန်းနှင့် ငွေတောင်ဘက်တို့တွင် ရေများကျော်ခဲ့ပြီး ကားသွားလာမှုများခေတ္တပြတ်တောက်ကာ စပါးစိုက်ခင်းအချို့ ပျက်စီးခဲ့သည်။

အဆိုပါ ဖြစ်ပွားသည့်နေရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်ဝင်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်နိုင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နီလင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချမ်းပြည့်ကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုကြပြီး ခရီးသွားလာမှု အခက်အခဲမရှိစေရေးတို့အတွက် လိုအပ်သည်များ ဆောက်ရွက်ပေးကြကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

# သုံးနိုင်ငံရိုးရာလက်ဝှေ့ပြိုင်ပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး AH- GA Fighter Group နှင့် H & S Group တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ-ထိုင်း- ဥဇဘက်ကစ္စတန် သုံးနိုင်ငံမှ လက်ဝှေ့ကျော်များ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို လာမည့်အောက်တိုဘာ ၁၄ ရက်မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နာမည်ကြီး ပထမတန်းလက်ဝှေ့ကျော်များဖြစ်သည့် စိုးလင်းဦး(ဒို့ရိုးရာ) နှင့် ထိုင်းနိုင်ငံမှ ၂၀၁၈ MX လက်ဝှေ့ချန်ပီယံ ဖွားဆိုလ၊ ဖျံသွေး (ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် ဥဇဘက်ကစ္စတန် မှ မွေထိုင်းလက်ဝှေ့ ချန်ပီယံ တူတာဗို့၊ သွေးသစ်ဝင်းလှိုင်(Adventure) နှင့် ၂၀၁၈ MX ရွှေခါးပတ်ချန်ပီယံ ဖစ်ဆာဌွန် (ထိုင်း)တို့က အထူးစိန်ခေါ်ပွဲများအဖြစ် ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

"ဒီပွဲကရွှေခါးပတ်ချန်ပီယံတွေ အားပြိုင်တဲ့ပွဲပါ။ အထူးသဖြင့် မနှစ်ကရတဲ့ ရွှေခါးပတ်ချန်ပီယံတွေနဲ့ ဒီနှစ်ရတဲ့ ရွှေခါးပတ်ချန်ပီယံတွေ ချန်ပီယံထဲက ချန်ပီယံလုတဲ့ ပွဲလို့ပြောလို့ရပါတယ်။ ဖျံသွေးနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့်တူတာဗို့က ထိုင်းဖိုက်မှာ တူးတူးကို အမှတ်နဲ့ အနိုင်ရထားတဲ့သူပါ။ ထွန်းထွန်းမင်းနဲ့တွဲပေးဖို့ အချိန်မပေးခဲ့တာနဲ့ ပွဲပျက်ခဲ့တယ်။ ခုပြန်လည်တောင်းဆိုတာနဲ့ ဖျံသွေးနဲ့တွဲပေးခဲ့တာပါ" ဟု ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်က ပြောသည်။

အခြားပြည်တွင်းပွဲစဉ်များတွင် မြန်မာနိုင်ငံ ဒုတိယတန်းလက်ဝှေ့ကျော် 2018 50th Media ချန်ပီယံ ရဲတံခွန် (အဖြူရောင်သွေးသစ်) နှင့် ၂၀၁၈ ရွှေခါးပတ်ချန်ပီယံ ကျားပေါက် (ရန်စစ်ငြိမ်း)၊ တက်သစ်စမျိုးဆက်သစ်များဖြစ်သော ၂၀၁၈ ရွှေခါးပတ်ချန်ပီယံ ကောင်းကောင်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ) နှင့် ၂၀၁၇ ရွှေခါးပတ်ချန်ပီယံ စိန်လုံးချော( တောင်ကလေး)၊ ၂၀၁၈ ရွှေခါးပတ်ချန်ပီယံ လက်ထက်အောင် (တောင်ကလေး)နှင့် ၂၀၁၇ ရွှေခါးပတ်ချန်ပီယံ စိုးဝင်းသန်း(ရန်စစ်ငြိမ်း)၊ ၂၀၁၈ ရွှေခါးပတ်ချန်ပီယံ သက်ပိုင်အောင် (ရွှေဘားလား)နှင့် ၂၀၁၇ ရွှေခါးပတ်ချန်ပီယံ သပြေအောင်(မြိုင်ကလေးဘိလပ်မြေစက်ရုံ) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါ ပွဲသို့ ရိုးရာလက်ဝှေ့ဝါသနာရှင်များ လာရောက်ကြည့်ရှုလိုပါက ဖုန်း-၀၉-၂၅၄၂၁၄၁၆၀ သို့ ကြိုတင်လက်မှတ်များ မှာယူနိုင်ပြီး ရုံဝင်ကြေးများကို ပထမတန်းငွေကျပ် ခုနစ်သောင်း၊ ဒုတိယတန်း ငွေကျပ်ငါးသောင်း၊ ရိုးရိုးတန်းလက်မှတ်များကို ငွေကျပ်သုံးသောင်းနှင့် ကျပ်နှစ်သောင်း သတ်မှတ်ထားကြောင်း သိရသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**

# ပုသိမ်မြို့၌ ပြောက်အိုးမီးရှူးမီးပန်းရောင်းချသူကို အရေးယူ

**ပုသိမ် အောက်တိုဘာ ၁၁**

ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်စိုး ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၀ ရက် ည ၇ နာရီခန့်တွင် ပုသိမ်မြို့အမှတ် ၄ နယ်မြေ ရွှေပြည်သာဈေးအနီး လှည့်ကင်းလှည့် စုံစမ်းရှာဖွေရာ ည ၇ နာရီခွဲက ဈေးချောင်းလမ်းထိပ်ရှိ နေပြည်တော် မှန်ဆိုင်အတွင်း၌ မီးရှူး၊ မီးပန်း၊ ပေသီး၊ ရှူးဒိုင်းများရောင်းဝယ် သိုလှောင်ထားရှိသော ပစ္စည်းစုံ ၁၉ မျိုး ကာလတန်ဖိုးငွေကျပ် ၂၈၀၀၀၀ ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် သိုလှောင်ရောင်းချသူ ဦးအောင်နိုင် ပုသိမ်အမှတ် ၆ နယ်မြေ မင်းရဲကျော်စွာလမ်းနေသူကို ပုသိမ်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# ကုန်သေတ္တာတင်ယာဉ် ယာဉ်မောင်းနှင့် ယာဉ်အကူများ ဆန္ဒထုတ်ဖော်ခဲ့မှုအပေါ် တောင်းဆိုချက်များအား ညှိနှိုင်း

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်သေတ္တာတင်ယာဉ် (ကွန်တိန်နာယာဉ်) များကို အချိန်ပြောင်းလဲသတ်မှတ်လိုက်သည့်အတွက် ယမန်နေ့ညပိုင်းက ယာဉ်မောင်းနှင့် ယာဉ်အကူများ ဆန္ဒထုတ်ဖော်ခဲ့မှုအပေါ် တောင်းဆိုချက်များအား သက်ဆိုင်ရာနှင့် ညှိနှိုင်းမှုများပြုလုပ်ရှိသည့်အပြင် ဆန္ဒထုတ်ဖော်မှုကြောင့် ယာဉ်ကြောပိတ်ဆို့နေမှုများကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်အင်အား ၁၀၀ ခန့်ဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အောင်နိုင်ဦးက ပြောကြားသည်။

အဆိုပါ ဆန္ဒထုတ်ဖော် တောင်းဆိုချက်များနှင့်ပတ်သက်၍ ယနေ့ နေ့လယ်ပိုင်းတွင် သက်ဆိုင်ရာက မြန်မာနိုင်ငံကုန်သေတ္တာတင်အသင်းနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယနေ့ ဆွေးနွေးညှိနှိုင်းမှုအရ သဘောတူညီချက်တွင် ညပိုင်း၌ ယခင်သတ်မှတ်ချိန်အတိုင်း ည ၈ နာရီမှ နံနက် ၆ နာရီအထိ လည်းကောင်း၊ နေ့ပိုင်းတွင် နံနက် ၁၁ နာရီမှ မွန်းလွဲ ၃ နာရီအချိန်အတွင်း လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်ဘက်အခြမ်းသို့ လည်းကောင်း မောင်းနှင်ခွင့်ပေးမည်ဟု သတင်းများထွက်ပေါ်နေသော်လည်း သက်ဆိုင်ရာမှ တရားဝင်စာထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော ကုန်သေတ္တာတင်ယာဉ် ၁၅၀၀၀ ခန့်ရှိပြီး ယင်းတို့အနက် မြန်မာနိုင်ငံ ကုန်သေတ္တာတင်အသင်းဝင် ကုန်သေတ္တာတင်ယာဉ် ၅၀၀၀ ခန့်ရှိကြောင်း အဆိုပါ ကုန်သေတ္တာတင်အသင်းမှ သိရသည်။



**သီရိမင်္ဂလာဈေးအနီး ကွန်တိန်နာယာဉ်များ ပိတ်ဆို့မှုကြောင့် လမ်းဆင်းလျှောက်ရသည့် ခရီးသွားများကို တွေ့ရစဉ်။**

"အရင်ရက်တွေက ည ၈ နာရီ ကားတွေလွှတ်တယ်။ မနေ့က ည ၉ နာရီမှာလွှတ်တယ်ဆိုတော့ သွားလာရေးအဆင်မပြေတော့ဘူး။ ဆိပ်ကမ်းကနေ ရွှေပြည်သာ၊ လှိုင်သာယာစက်မှုဇုန်ကို သွားရင် မီးပွိုင့်ပိတ်၊ ကားပိတ်တာ ၁ နာရီခွဲမောင်းရတယ်။ လမ်းမှာငါးစီးပွိုင့် ၁၀ စီးပွိုင့်တွေ ဖြတ်သန်းရတော့ စက်မှုဇုန်ကို ည ၁၁ နာရီမှ ရောက်တယ်။ ပစ္စည်းချတာက တစ်နာရီနဲ့မပြီးဘူး။ မနက် ၆ နာရီဆိုရင် ဖြတ်သန်းလို့မရတော့ဘူး။ ကျွန်တော်တို့က ဆိပ်ကမ်းကို အခွံနဲ့ပြန်မှာ၊ ရှေ့ကကားတွေ Export ပို့ကုန်တွေပါတယ်။ သူတို့လည်း သွားလို့မရတော့ဘူး။ အခုည ၉ နာရီမှ ဆိပ်ကမ်းက လွှတ်တယ်ဆိုတော့ အဆင်မပြေတော့ဘူး" ဟု ရပ်တန့်ထားသော ကွန်တိန်နာယာဉ်တစ်စီးမှ ယာဉ်မောင်းအကူ ကိုဖြိုးဝေအောင်က ပြောသည်။

ဆိပ်ကမ်းမှ ထွက်ခွာသည့် ကွန်တိန်နာယာဉ်များအား ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရန်နှင့် အများပြည်သူခရီးသွားလာရေးအဆင်ပြေစေရန် နေ့ပိုင်းတွင် သွားလာမှုတားမြစ်ထားပြီး ည ၈ နာရီမှသာ ဆိပ်ကမ်းမှထွက်ခွာခွင့်ပြုသော်လည်း ရွှေပြည်သာစက်မှုဇုန်မှ လှိုင်သာယာစက်မှုဇုန်သို့ နံနက် ၁၁ နာရီမှ ၁၂ နာရီထိ မောင်းနှင်ခွင့်ပြုထားပြီး ဆိပ်ကမ်းမှ ရွှေပြည်သာနှင့်လှိုင်သာယာကို မွန်းလွဲ ၁ နာရီမှ ၂ နာရီထိ၊ လည်းကောင်း၊ တောင်ဒဂုံစက်မှုဇုန်မှ ကွန်တိန်နာများကို မွန်းလွဲ ၁ နာရီမှ ၃ နာရီထိလည်းကောင်း သွားလာခွင့်ပြုထားရာ သတ်မှတ်ချိန်အတွင်း အပြိုင်မောင်းနှင်မှုကြောင့် ယာဉ်အန္တရာယ်ဖြစ်မှုများလည်း ကြုံတွေ့ရကြောင်း၊ ကွန်တိန်နာယာဉ်အချို့တွင် လူငယ်ယာဉ်မောင်းများကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

"အင်းစိန်က YBS စီးလာတာ သီရိမင်္ဂလာဈေးနားရောက်တော့လမ်းပြောင်းပြန်မောင်းတာကို သွားမရတော့ဘူး။ ခရီးသည်တွေအားလုံး လမ်းဆင်းလျှောက်ပြီး လှည်းတန်းကို လမ်းလျှောက်ရမယ်။ အဲ့ဒီကမှ ဆူးလေကို ကားပြန်စီးရမှာ။ မနေ့ညထဲက ကွန်တိန်နာတွေ ရပ်ထားတာတွေ့ရတယ်။ ဒီမနက်မရှိလောက်ဘူးထင်ထားတာ။ ပိုဆိုးနေတယ်။ ရန်ကုန်မြို့က စက်မှုမြို့ဆိုတော့ ကွန်တိန်နာတွေအတွက် အင်းစိန်ပေါက်တောလမ်းဆုံထိ သီးသန့်လမ်းထားပေးနိုင်ရင် အဆင်ပြေနိုင်မယ်။ အခုလိုလုပ်တာတော့ မထောက်ခံဘူး။ ပြည်သူပဲဒုက္ခရောက်တာ" ဟု ဆူးလေတွင် အလုပ်လုပ်ကိုင်နေသော ဦးစောနောင်က ပြောသည်။

**သတင်း-သန်းထိုက်၊ ဇော်ကြီး၊**
**ဓာတ်ပုံ -သန်းစိုး**

# တမူးမြို့နယ်၌ ငွေကျပ်သိန်းနှစ်ထောင်ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**တမူး အောက်တိုဘာ ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်၌ ငွေကျပ်သိန်းနှစ်ထောင်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကို အောက်တိုဘာ ၁၀ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

တမူးမြို့ မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များနှင့် ခရိုင်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၀ ရက်က မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်၌ စောင့်ဆိုင်းနေစဉ် တမူးမြို့ဘက်မှ အိန္ဒိယနိုင်ငံ မိုးရေးမြို့ဘက်သို့ တမူးမြို့နန်းဖာလုံနယ်မြေ(၁၃)ရပ်ကွက်နေ အောင်ဇော်မင်း(ခ)ဇော်ဟိန်း မောင်းနှင်ပြီး တမူးမြို့ ပြည်တော်သာ(၁၂) ရပ်ကွက်နေ သန်းနိုင်အေး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ တမူးမြို့ မြို့မ(၁၂-က) ရပ်ကွက်တွင် နေထိုင်သည့် မဖြူ (ခ) မစန္ဒာ ပိုင်ဆိုင်သည့် နေအိမ်ဂိုဒေါင်မှ အခကြေးငွေယူကာ တင်ဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါး တစ်စုံတစ်ရာမတွေ့ရှိရသော်လည်း မဖြူ(ခ)မစန္ဒာနှင့်အတူ အိန္ဒိယနိုင်ငံ မိုးရေးမြို့မှ ထင်ခိုဟုန်းနှင့် ထန်ဇင်မ်တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ငါးဦးအား တမူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **(ယာပုံ)**

အလားတူ မူးယစ်တပ်ဖွဲ့စု (၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သောအဖွဲ့သည် အောက်တိုဘာ ၁၀ ရက်က ကွတ်ခိုင်မြို့ အမှတ်(၄) ရပ်ကွက်နေ ကျော်လင်းအောင်၏ နေအိမ်ကိုရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၀၊ ဘိန်းဖြူ ၁၁ ဂရမ်နှင့် မြန်မာငွေကျပ် ၅၀၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**



## မြန်မာ့ရုပ်မြင်သံကြား

**၁၂-၁၀-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - MRTV Travelogue
- ၈း၃၅ - မျက်မှောက်ရေးရာ အဖြာဖြာ
- ၁၀း၃၅ - "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၈၀)
- ၁၀း၄၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၁း၃၅ - အလုပ်သမားရေးရာ အစီအစဉ်
- ၁၂း၃၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၇)
- ၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါချောင်အန်း" (အပိုင်း-၁၀)
- ၁၄း၁၅ - မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၂)

**ညပိုင်း**

- ၁၆း၂၀ - "တောဆင်ရိုင်းတို့၏ မြင့်မြတ်သော နှလုံးသားပိုင်ရှင်"
- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "အဆစ်ရောင်ရောဂါများနှင့် သိကောင်းစရာ" (အပိုင်း-၂)
- ၁၇း၂၅ - Catch Asia News
- ၁၇း၃၀ - Weekly Sport Info
- ၁၈း၂၀ - BBC Click
- ၁၈း၄၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "အဝေးချစ်"
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း- ၈)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ၊
- ၂၀း၃၅ - "ဆန္ဒမဲလက်မှတ် ရေတွက်ခြင်းနှင့် ရလဒ်ကြေညာခြင်း"
- - "မမျှော်လင့်သော ဖိတ်ခေါ်သံ"

## မိုးကောင်း၌ မူးယစ်ဆေးဝါးသုံးစွဲသူများ ဖမ်းမိ

**မိုးကောင်း အောက်တိုဘာ ၁၁**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မြို့ဟောင်းကျေးရွာ၌ အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီခန့်က မူးယစ်ဆေးဝါးသုံးစွဲသူများကို သက်သေခံ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့မရဲစခန်းမှ ရဲအုပ်ခင်မောင်ထွေး ဦးစီးတပ်ဖွဲ့ဝင်များသည် မြို့ဟောင်းကျေးရွာနေ ဦးအင်ခွန်ဘောက်နော်၏ နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းမှာနေအိမ်တွင်မရှိဘဲ တစ်ရွာတည်းနေ ဇော်ဖန်း (၂၄ နှစ်)၊ ဂျာယော်(၂၈ နှစ်)၊ မရွှယ်လော့ဒ် (၃၅ နှစ်) တို့ အတူရှိနေသည့် အခန်းအတွင်းမှ ဘိန်းဖြူအမှုန့် ၁ ဒသမ ၆ ဂရမ်၊ ဘိန်းဆီ ၀ ဒသမ ၃ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၀ အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိရသူ ဇော်ဖန်း၊ ဂျာယော်၊ မရွှယ်လော့ဒ်နှင့် အိမ်ရှင် အင်ခွန်ဘောက်နော်တို့ လေးဦးကို မိုးကောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ဘားအံမြို့၌ မီးရှူးမီးပန်း ပြောက်အိုးရောင်းချသူများကို အရေးယူ

**ဘားအံ အောက်တိုဘာ ၁၁**
ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရပ်ကွက်များအတွင်း အောက်တိုဘာ ၁၀ ရက် ညနေပိုင်းက ပူးပေါင်းအဖွဲ့များဖြင့် မီးရှူးမီးပန်း ပြောက်အိုးရောင်းချသည့် စျေးဆိုင်များကို စစ်ဆေးတွေ့ရှိ၍ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၃ နာရီခန့်က ဘားအံမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်အောင်မျိုးကျော် ဦးစီးတပ်ဖွဲ့ဝင်များနှင့် ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ်ပုလဲမြ ဦးစီးတပ်ဖွဲ့ဝင်များသည် ဘားအံမြို့ အမှတ် (၂)ရပ်ကွက် သီတာအနောက်လမ်းနေ ဒေါ်ဇာနည်ငြိမ်း(၃၆ နှစ်)၏ နေအိမ်စျေးဆိုင်အတွင်းမှ မီးရှူး မီးပန်း ပြောက်အိုးမျိုးစုံရှစ်မျိုးကို လည်းကောင်း၊ အမှတ်(၂)ရပ်ကွက် သီတာအလယ်လမ်းနေ ဒေါ်ခင်ခက်ခက်ခိုင် (၃၃ နှစ်)၏ စျေးဆိုင်မှ မီးရှူးမီးပန်း ပြောက်အိုးမျိုးစုံ ၂၀ မျိုးကို လည်းကောင်း၊ အမှတ်(၅) ရပ်ကွက် ဥယျာဉ် (၃) လမ်းနေ ဒေါ်ခင်သန်း (၃၈ နှစ်) ၏ နေအိမ်စျေးဆိုင်မှ မီးရှူး မီးပန်းပြောက်အိုးမျိုးစုံ ကိုးမျိုးကို လည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ထို့ကြောင့် မီးရှူး မီးပန်းပြောက်အိုးများ လက်ဝယ်တွေ့ရှိသူများကို ဘားအံမြို့မ ရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း ဒုရဲအုပ်အောင်မျိုးကျော်ထံမှ သိရသည်။

**မင်းသူ(ဘားအံ)**

## ထိုင်းနိုင်ငံသို့သွားရောက်လိုသူများကို နယ်ကိုယ်စားလှယ်ခွင့်ပြုချက်မရှိဘဲ ငွေကောက်ခံသူများအား ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေဖြင့် အရေးယူထား

**နေပြည်တော် အောက်တိုဘာ ၁၁**
နေပြည်တော် လယ်ဝေးမြို့နယ် မြို့မရဲစခန်းသို့ ပိတောက်အိမ်ရာနေ ဒေါ်သူဇာမြင့် (အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှဦးစီးအရာရှိ) ရောက်ရှိလာပြီး လယ်ဝေးမြို့ အမှတ်(၃) ရပ်ကွက်နေ ဦးသိန်းဇော်ထွန်း (ရွှေပြည်တော်မှုခင်းနှင့် သတင်းစုံဂျာနယ်) နှင့် ရန်အောင်မြင်ကျေးရွာနေ ဒေါ်သန်းသန်းဦး (ရွှေပြည်တော်မှုခင်းနှင့် သတင်းစုံဂျာနယ် သတင်းထောက်) တို့သည် အောက်တိုဘာ ၁၀ ရက်က နယ်ကိုယ်စားလှယ် ခွင့်ပြုချက် မရှိဘဲ ထိုင်းနိုင်ငံသို့ သွားရောက်လိုသည့် လယ်ဝေးမြို့နယ် (၆)မိုင်ကျေးရွာနေ မအေးအေးဝင်းပါ ခြောက်ဦးတို့ကို စုဆောင်း၍ တစ်ဦးလျှင်ငွေကျပ်ကိုးသိန်း ကောက်ခံခဲ့သဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ ဦးသိန်းဇော်ထွန်းနှင့် ဒေါ်သန်းသန်းဦးတို့ကို လယ်ဝေးမြို့မ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ရေပူစစ်ဆေးရေးအဖွဲ့ ပိတောက်နှင့် ကျွန်းခွဲသားများစစ်ဆေးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၈၅၉ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်း တန်ဖိုးငွေကျပ် ၅ ဒသမ ၉၃၀ သန်း၊ စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀ ဒသမ ၇၈၉ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် ကျွန်းတောအနီး (၁၉၃) မိုင်ခန့်တွင် ရပ်တန့်ထားသော Faw ခြောက်ဘီးယာဉ် တစ်စီးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခေးရွေ၊ ခွဲသား၊ သစ်လုံး၊ ကျွန်းခွဲသား ၂ ဒသမ ၈၆၀ တန်နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၈၅၉ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြင်းမူမြို့နယ်၌ ခရီးသည်တင်ယာဉ်တစ်စီး သစ်ပင်ဝင်တိုက်မိ၍ ၄၁ ဦးဒဏ်ရာရ

**မြင်းမူ အောက်တိုဘာ ၁၁**
စစ်ကိုင်းခရိုင် မြင်းမူမြို့တွင် မုံရွာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးသည် အောက်တိုဘာ ၁၀ ရက် ည ၉ နာရီခွဲက အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်ကိုဝင်တိုက်မိရာ ခရီးသည်များဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မုံရွာမှ မန္တလေးမြို့သို့ ယာဉ်မောင်း စိုင်းဝေလင်း ဒဂုံရောအဝေးပြေးကားကွင်းနေထိုင်သူ မောင်းနှင်လာသော ခရီးသည်တင်မှန်လုံယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ မြင်းမူမြို့အဝင် မြို့ရှောင်လမ်း မိုင်တိုင်အမှတ် (၄၆/၅) ညာဘက်ရှိ ဆူးဖြူပင်ကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါ ယာဉ်မောင်းနှစ်ဦး၊ ယာဉ်နောက်လိုက်နှစ်ဦးနှင့် ခရီးသည် ၃၇ ဦး ဒဏ်ရာများရရှိကာ မြင်းမူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသလျက်ရှိပြီး ယာဉ်မောင်း စိုင်းဝေလင်းကို မန္တလေးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း စိုင်းဝေလင်းကို မြင်းမူရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## အမြန်လမ်း၌ ယာဉ်တိမ်းမှောက်၍ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၁၁**
ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၁၆/၆-၇)ကြား၌ ယနေ့ နံနက် ၄ နာရီ မိနစ် ၅၀ က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ် (၃) လမ်းဆုံ အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းမီးသတ်တပ်ဖွဲ့ ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ မှော်ဘီမြို့နယ် ကုလားပုန်းကျေးရွာနေ ဖိုးသား(ခ)မျိုးထွန်းမော် (၂၃) နှစ်မောင်းနှင်လာသည့် 9N/---- နှစ်ဆန်းခြောက်ဘီးယာဉ် သည် ယာဘက်ရှေ့ဘီးပေါက်၍ အရှိန် မထိန်းနိုင်ဘဲ လမ်းဘေးကာထားသော အလူမီနီယံတန်းကို တိုက်မိတိမ်းမှောက်ခဲ့သဖြင့် ဖိုးသား (ခ)မျိုးထွန်းမော်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဦးကျော်ကျော် (၂၄) နှစ်တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ယာဉ်မောင်းကိုအမှတ်(၃)လမ်းဆုံအမြန်လမ်း မကြီးရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၂၂ ဘီးနောက်တွဲယာဉ်၏ ဘီးကိုဆိုင်ကယ်ဝင်တိုက် ဆိုင်ကယ်မောင်းနှင်သူ ပွဲချင်းပြီးသေဆုံး

**နောင်ချို အောက်တိုဘာ ၁၁**
နောင်ချိုမြို့နယ် မန္တလေး-လားရှိုးကားလမ်း ဆမ္မဆယ်ကျေးရွာအုပ်စု ရေမောင်းတန်းကျေးရွာအနီး မိုင်တိုင်အမှတ် ၆၅/၇ ၌ အောက်တိုဘာ ၁၁ ရက် နံနက် ၁၁ နာရီက ၂၂ ဘီးနောက်တွဲယာဉ်ကို ဆိုင်ကယ်ဝင်တိုက်မှုကြောင့် ဆိုင်ကယ်စီးနင်းသူသေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ နောင်ချိုမြို့ဘက်မှ ပြင်ဦးလွင်မြို့ဘက်သို့ ဇာနည်အောင် မောင်းနှင်ပြီး မောင်မောင်ချစ်လိုက်ပါလာသော ဆိုင်ကယ်သည် အရှိန်ဖြင့်မောင်းနှင်လာခဲ့ရာ ကားလမ်းအကွေ့တွင် မျက်နှာချင်းဆိုင်မှ ထွန်းထွန်းနိုင် (၃၈)နှစ် မောင်းနှင်လာသည့် ၂၂ ဘီးနောက်တွဲယာဉ်၏ ဒုတိယဘီးကို ဝင်တိုက်မိကာ ဆိုင်ကယ်နှင့်အတူယာဉ်နောက်ဘီးထဲ ဝင်ရောက်သွားခဲ့သည်။

ဆိုင်ကယ်မောင်းနှင်သူ ဇာနည်အောင်(၂၉ နှစ်) သည် ယင်းနေရာတွင် ပွဲချင်းပြီး သေဆုံးသွားပြီး နောက်မှလိုက်ပါလာသူ မောင်မောင်ချစ် (၂၆)နှစ်မှာ ကားလမ်းမပေါ် ပြုတ်ကျကျန်ခဲ့ရာ ဝဲဘက်ခြေသလုံးရိုးကျိုး၊ ယာလက်ဖျံရိုးကျိုးသွားသဖြင့် နောင်ချိုမြို့ ပြည်သူ့ဆေးရုံ၌ ပို့ဆောင်ကုသထားပြီး နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲ နေပြည်တော်တွင် ပြောင်းလဲကျင်းပမည်

ချင်းမိုင် အောက်တိုဘာ ၁၁

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) ၏ ဒုတိယနေ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ဆက်လက်ကျင်းပခဲ့သည်။** (ယာပုံ)

ဆွေးနွေးပွဲသည် အစိုးရ၊ တပ်မတော်နှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့တို့မှ ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကြခြင်းဖြစ်ပြီး နှစ်ရက်တာ ဆွေးနွေးပွဲအပြီးတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST)က ထုတ်ပြန်ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်ချက်တွင် "လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် ဖြစ်ပေါ်နေသော တစ်ဆို့မှုများအား ကျော်လွှားနိုင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ သက်ဆိုင်ရာ ထိပ်သီးခေါင်းဆောင်များ အကြား အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲမှ တစ်ဆင့် ဆွေးနွေးအဖြေရှာသွားနိုင်ရန် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်၌ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ခေါင်းဆောင်များနှင့် ပူးတွဲကျင်းပသွားရန် သဘောတူဆုံးဖြတ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်" ဟူ၍ ပါရှိသည်။

အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို တရားဝင် လက်မှတ်ရေးထိုးခြင်း သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် အစိုးရ၊ တပ်မတော် ထိပ်သီးခေါင်းဆောင်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ ၁၀ ဖွဲ့မှ ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံမည့် ၁၀ အပေါင်း ၁၀ ဆွေးနွေးပွဲအဖြစ် တွေ့ဆုံကြခြင်းဖြစ်သည်။ ထိပ်သီးခေါင်းဆောင်များ အလွတ်သဘောတွေ့ဆုံမှုကို မူလက ပုပ္ပားတောင်ခြေအနီးတွင် ကျင်းပရန် ယာယီသတ်မှတ်ခဲ့သော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုမှုကြောင့် နေပြည်တော်တွင်သာ ကျင်းပရန် ပြန်လည်ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

နှစ်ရက်တာဆွေးနွေးမှုအပြီးတွင် ABSDF ဥက္ကဋ္ဌ ရဲဘော်သံခဲနှင့် ချင်းအမျိုးသားတပ်ဦး CNF ဥက္ကဋ္ဌ ပူးဇင်ကျုံးတို့က မီဒီယာများနှင့် တွေ့ဆုံ၍ သိရှိလိုသည်များကို ဖြေကြားပေးခဲ့သည်။

ရဲဘော်သံခဲက "လက်ရှိ လိုအပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်တွေထဲက ရင်ဆိုင်နေရတဲ့တစ်ဆို့မှုတွေကို ကျော်လွှားဖို့အတွက် အစိုးရ၊ တပ်မတော်၊ လွှတ်တော်နဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ကြိုတင်ပြင်ဆင်မှု အစည်းအဝေးတွေ လုပ်ခဲ့ကြတယ်။ ညှိနှိုင်းတဲ့ ဆွေးနွေးပွဲတွေထဲမှာ ကျွန်တော်တို့တစ်တွေအနေနဲ့ အချိန်တွေ၊ နေရာတွေကို အခုပြောတဲ့ PPST အစည်းအဝေးကျရင် ပြန်ဆွေးနွေးမယ်။ ဆွေးနွေးပြီးတော့မှ နှစ်ဖက်ပူးတွဲပြီး ညှိမယ်ဆိုတဲ့ အခြေခံယူဆချက်ရှိပါတယ်။ အစိုးရဘက်က ပြင်ဆင်မှုက ပုပ္ပားလို့ပြောတယ်။ ကျွန်တော်တို့ရဲ့ ပြင်ဆင်မှုက ပုပ္ပားထက်စာရင် ကျယ်ကျယ်ဝန်းဝန်းလည်း ရှိမယ်။ ကျွန်တော်တို့အားလုံး ပြန်လည်ညှိနှိုင်းတိုင်ပင်နိုင်တဲ့နေရာမျိုးဆို ရန်ကုန်မြို့က ပိုသင့်တော်တယ်လို့ ကျွန်တော်တို့ ဘက်က အဆိုပြုတယ်။ ဒါပေမယ့် ဆက်လက်ပြီး ညှိတဲ့အခါ နေပြည်တော်က အစိုးရပိုင်းရော တပ်မတော်ခေါင်းဆောင်တွေပါ လက်လှမ်းမီနိုင်တယ်။ ကျွန်တော်တို့ဘက်ကလည်းကျယ်ကျယ်ဝန်းဝန်းနဲ့ အဆင်ပြေနိုင်တယ်ဆိုတဲ့အတွက် နေပြည်တော်ကို တွေ့ဆုံမယ့်နေရာအဖြစ် ဆုံးဖြတ်ခဲ့တာ ဖြစ်တယ်။ နေရာထက် ထိပ်သီးခေါင်းဆောင်တွေ တွေ့ဆုံမှုက ပိုပြီးအရေးကြီးတယ်။ နှစ်ဖက်ညှိနှိုင်းမှုအရ နေပြည်တော်မှာ ဆက်ပြီးကျင်းပဖို့ သဘောတူခဲ့တာဖြစ်တယ်" ဟု ဖြေကြားသည်။

ထိပ်သီးခေါင်းဆောင်များ ဆွေးနွေးပွဲသို့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ ခေါင်းဆောင်စောမူတူးဆေးဖိုး၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးယွက်ဆစ်နှင့် အခြားအဖွဲ့အစည်းများမှထိပ်ပိုင်းခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်သည်။

အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ထိပ်သီးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက်မှ ၁၈ ရက်အထိ ပြုလုပ်ရန် လျာထားပြီး အစိုးရနှင့် တပ်မတော်မှ တာဝန်ရှိသူများနှင့် ပြန်လည်ညှိနှိုင်းသွားမည် ဖြစ်ကြောင်း သိရသည်။

**ရဲခေါင်ညွန့်**




**ဓာတ်ပုံ** -EPRN



## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၁**

မောင်တောမြို့နယ် နယ်မြေ(၃)တောင်ပြို(ယာ)နယ်မြေရဲစခန်းမှ ရဲအုပ် မြတ်ဇော်ဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၃၄)နယ်ခြားစောင့်တပ် Baishfari ကင်းစခန်းမှ Naib Subedar Md. Rafiqul Islam ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီခွဲမှ ၁၁ နာရီ ၁၀ မိနစ်အထိ မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင်(၃၆)မှ (၃၈) အထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## လှိုင်းကြီးမည်

**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မိုး/ဇလ

# Eleven ဂျာနယ်မှ သုံးဦးအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ) ဖြင့် တရားစွဲဆိုထားခြင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ သတင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁၁**

အောက်တိုဘာလ ၈ ရက်နေ့ထုတ် Weekly Eleven ဂျာနယ်ပါ "အမြဲရှုံးနေတဲ့ စက်သုံးဆီဆိုင်တွေ ပိတ်ရေး၊ ငွေချေးသူဘယ်သူမှန်းမသိတဲ့ ကျောင်းကားနှင့် လူနာမည်ပေါက် ပြည်သူ့ရှယ်ယာ" ဟူသော ဆောင်းပါးသည် မှန်ကန်ခြင်းမရှိဘဲ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြည်သူအများက အကြည်ညိုပျက်ပြီး အယုံအကြည်မဲ့ကာ အများပြည်သူက အစိုးရကို ပြစ်မှုကျူးလွန်လာအောင် ပြုလုပ်ခြင်းဖြစ်သဖြင့် Weekly Eleven ဂျာနယ်မှ ဆောင်းပါးရှင် ဖြိုးဝေ(ခ)ဖြိုးဝေဝင်း၊ အယ်ဒီတာချုပ် ကျော်ဇောလင်းနှင့် တာဝန်ခံအယ်ဒီတာ နရီမင်းတို့ကို ရာကြီး ၈၅၆/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ- ၅၀၅(ခ)ဖြင့် တာမွေမြို့နယ် တရားရုံးတွင် ဦးတိုက်လျှောက်ထားပြီး တရားစွဲဆိုထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သတင်းထုတ်ပြန်သည်။

ဆောင်းပါးပါ အချို့အချက်အလက်များသည် မမှန်ကန်ဘဲ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းထားသော Yangon Metropolitan Development Public Co.,Ltd တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားပြုပြီး ကုမ္ပဏီတွင် ပါဝင်ခြင်းသာဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ဆောင်းပါးရှင် ရေးသားဖော်ပြထားသကဲ့သို့ ပြည်သူ့ငွေများသုံးထားပြီး ကုမ္ပဏီကလူနာမည်ပေါက် ရှယ်ယာဝင်ထားခြင်း မဟုတ်သကဲ့သို့ ဦးမြင့်သောင်းဆိုသော နာမည်အောက်တွင် ပြည်သူ့ဘဏ္ဍာရှယ်ယာများကို ထည့်ဝင်ထားခြင်းလည်း မဟုတ်ကြောင်း သိရသည်။

အမှန်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းထားသော Yangon Metropolitan Development Public Co.,Ltd ကို မှတ်ပုံတင်အမှတ် ၅၅၃၃/၂၀၁၆-၂၀၁၇ (ရက)ဖြင့် ၂၀၁၇ ခုနှစ် မတ် ၈ ရက်တွင် ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားပြီး ရန်ကုန်တိုင်းဒေသကြီး၏ အစုရှယ်ယာ ၅၃၉၅၀၀ နှင့် Myanmar Construction and Development Co.,Ltd မှ အစုရှယ်ယာ ၄၈၆၀၀ တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ဆောင်းပါးရှင် ရေးသားဖော်ပြမှုတွင် "ပြည်သူ့ဘဏ္ဍာတွေသုံးပြီး ကုမ္ပဏီတွေထူထောင် ရလာတဲ့ရှယ်ယာတွေကို လူနာမည်ပြောင်းပြီး တိုင်းပြည်ဘဏ္ဍာဟာ လူတွေအတွက် ဖြစ်သွားတယ်ဆိုတဲ့ ပြဿနာမျိုးက မြန်မာနိုင်ငံတွင် ဖြစ်ခဲ့တဲ့ ပြဿနာမျိုးပါ။ တကယ်မှာ ဖြစ်သင့်တာက ကျပ် ၅၄ ဘီလီယံသုံးထားတဲ့ Yangon Metropolitan အများပိုင်ကုမ္ပဏီ ရှယ်ယာရှင်အမည်ဟာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဆိုတဲ့ အမည်အောက်မှာပဲ အစုရှယ်ယာပေါင်း ၆၃၉၅၀၀ ရှိနေရမှာပါ၊ ဒါမှလည်း ဘယ်သူပဲ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဖြစ်လာ ဖြစ်လာ ပြည်သူ့ဘဏ္ဍာတွေဟာ အမြဲတည်ရှိနေမယ့် အစိုးရရာထူးအောက်မှာ တည်မြဲနေမှာပါ၊ သက်တမ်းငါးနှစ်ပဲရှိတဲ့ အစိုးရတစ်ရပ်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဆိုတဲ့ ရာထူးအောက်မှာ ပြည်သူ့ဘဏ္ဍာရှယ်ယာတွေကို မထားဘဲ ဦးမြင့်သောင်းဆိုတဲ့ နာမည်အောက်မှာ ပြည်သူ့ရှယ်ယာတွေ ထားနေတာကလုပ်ထုံးလုပ်နည်း အရ လွဲမှားမှုတွေ ဖြစ်နေတယ်" ဟု ဖော်ပြထားသည်။

ထိုကဲ့သို့ မမှန်မကန် ဖော်ပြရေးသားဖြန့်ချိမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်း၍ အစုထည့်ဝင်သူ မြန်မာ့ဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးရေးအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ အစုရှယ်ယာဝင်များ၏ စိတ်တွင် ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်း၊ ထူထောင်ထားသော ကုမ္ပဏီကို အများပြည်သူ အယုံအကြည်ပျက်စေခြင်းတို့ ဖြစ်စေသည့်အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုပါ ပြည်သူအများက အကြည်ညိုပျက်ပြီး အယုံအကြည်မဲ့စေသည့်အတွက် Weekly Eleven ဂျာနယ်မှ ဆောင်းပါးရှင် ဖြိုးဝေ(ခ) ဖြိုးဝေဝင်း၊ အယ်ဒီတာချုပ် ကျော်ဇောလင်းနှင့် တာဝန်ခံအယ်ဒီတာ နရီမင်းတို့ကို ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ)အရ အရေးယူပေးပါရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ခိုင်မှ အောက်တိုဘာ ၉ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် တာမွေမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့လျှောက်ထားမှုအပေါ် မြို့နယ်တရားသူကြီး ဒေါ်တင်ဝါဝါသိန်းက ရာကြီး ၈၅၆/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ - ၅၀၅(ခ)ဖြင့် လက်ခံခဲ့ပြီး အဆိုပါနေ့ ညနေ ၄ နာရီတွင် ဖြိုးဝေ၊ ကျော်ဇောလင်းနှင့် နရီမင်းတို့အား ခံဝန်မဲ့ဖမ်းဆီးတင်ပို့ရန် ဖမ်းဝရမ်းထုတ်ပေးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အောက်တိုဘာ ၁၀ ရက် နံနက် ၁၁ နာရီတွင် Eleven Media Group မှ ဆောင်းပါးရှင် ဖြိုးဝေ(ခ) ဖြိုးဝေဝင်း (၃၁)နှစ်၊ (ဘ) ဦးဝင်းဌေး၊ အယ်ဒီတာချုပ် ကျော်ဇောလင်း (၃၉)နှစ်၊ (ဘ) ဦးအောင်မြင့်နှင့် တာဝန်ခံအယ်ဒီတာ နရီမင်း (ခ) ဒေါက်တာ မင်းလွင် (၅၀)နှစ်၊ (ဘ) ဦးညွန့်ဆွေတို့သည် အမှုနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရန် တာမွေမြို့မရဲစခန်းသို့ လာရောက်အဖမ်းခံခဲ့သဖြင့် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှ တာမွေမြို့နယ် တရားရုံးသို့သွားရောက်ပို့အပ်ခဲ့ပြီး ထိုမှတစ်ဆင့် အင်းစိန်အကျဉ်းထောင်သို့ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

Eleven ဂျာနယ်မှ ဖြိုးဝေ၊ ကျော်ဇောလင်းနှင့် နရီမင်းတို့ကို လာမည့်အောက်တိုဘာ ၁၇ ရက်တွင် ရုံးချိန်းပြန်လည်ချိန်းဆို စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်နီ**

# ကမ္ဘာ့ခေါင်းဆောင်များ ကမ္ဘာ့ကုန်သွယ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲဖို့လိုကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ ဥက္ကဋ္ဌပြော

ဂျကာတာ အောက်တိုဘာ ၁၁

**ကမ္ဘာ့ခေါင်းဆောင်များသည် ကမ္ဘာ့ကုန်သွယ်ရေးစနစ်ကို ပျက်စီးစေမည့်အစား ပြုပြင်ပြောင်းလဲမှုလုပ်ရန် လိုအပ်နေကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌ ခရစ္စတင်းလာဂါဒီက မကြာသေးမီက ပြောကြားလိုက်ပြီး ကိုယ်ကျိုးစီးပွားကာကွယ်မှုများနှင့် အခွန်ကောက်ခံမှု မြင့်တက်လာခြင်းကို တွန်းအားပေးသည့် လုပ်ရပ်များလုပ်ဆောင်နေသည့် အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်သော နိုင်ငံရေးသမားများကို ပြစ်တင်လိုက်ကြောင်း သိရသည်။**

တရုတ်နှင့် အမေရိကန်ကြား ကုန်သွယ်ရေး အားပြိုင်မှုများက ကမ္ဘာ့စီးပွားရေးကို ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာပြီးနောက် ယခုကဲ့သို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌ ခရစ္စတင်းလာဂါဒီ၏ မှတ်ချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိ ကုန်သွယ်ရေးအငြင်းပွားမှုကို ဖြေလျှော့ရန် အတူတကွလက်တွဲလုပ်ဆောင်ရန် လိုအပ်ကြောင်း ဘာလီ၌ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့ တွေ့ဆုံစဉ် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ဥက္ကဋ္ဌ ခရစ္စတင်းလာဂါဒီက ပြောကြားခဲ့ခြင်းဖြစ်သည်။

လတ်တလောဖြစ်ပွားနေသည့် ကုန်သွယ်ရေးစနစ်ကို ဖြေရှင်းရန်အတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘာ့စီးပွားရေး ထိပ်တန်းပုဂ္ဂိုလ်များ အင်ဒိုနီးရှား အားလပ်ရက်အပန်းဖြေကျွန်းတွင် တစ်ပတ်ကြာစီးပွားရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြစဉ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အမေရိကန်သည်သာ ပထမဟူသည့် မူဝါဒများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကမ္ဘာတစ်ဝန်းလုံးရှိ စီးပွားရေးနှင့်သက်ဆိုင်သည့် ကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံခြင်း သို့မဟုတ် အခွန်တိုးမြှင့်ကောက်ခံ မည်ဟု ခြိမ်းခြောက်ခြင်းများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြီးအကဲက အင်အားပြင်းထန်သည့် ကုန်သွယ်ရေးစစ်ပွဲမှာ ကမ္ဘာ့ကုန်သွယ်မှု၏ စီးပွားရေးကို ၁၈ ရာခိုင်နှုန်းခန့် လျော့နည်းသွားစေပြီး ကမ္ဘာလုံးဆိုင်ရာ အသားတင်ထုတ်လုပ်မှုတန်ဖိုးအပေါ် ရိုက်ခတ်မှုရှိကြောင်း ပြောခဲ့သည်။




ယင်းအခြေအနေများတွင် တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် သီးခြားစီ ကုန်သွယ်ရေးဆိုင်ရာ ဆိုးကျိုးများခံစားရနိုင်ခြေရှိကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ညွှန်ကြားရေးမှူးချုပ် ရိုဘာတို အယ်ဇီဗွိဒိုက ပြောခဲ့သည်။ **အေအက်ဖ်ပီ**

# ဆော်ဒီသတင်းထောက် ၁၅ ဦးထက်မနည်း ပျောက်ဆုံးနေကြောင်း နယ်စည်းမခြားသတင်းထောက်အဖွဲ့ပြောကြား

**ရီယာ့ဒ် အောက်တိုဘာ ၁၁**

လွန်ခဲ့သောနှစ်များအတွင်း ဆော်ဒီသတင်းထောက်နှင့် ဘလော့ဂါသမား အနည်းဆုံး ၁၅ ဦးခန့် ဖမ်းဆီးခံခဲ့ရကြောင်း နယ်စည်းမခြားသတင်းထောက်များအဖွဲ့(အာရ်အက်စ်အက်ဖ်)က မကြာသေးမီက ပြောကြားခဲ့သည်။

အာရ်အက်စ်အက်ဖ်သည် ဆော်ဒီသတင်းထောက်တစ်ဦးဖြစ်သူ ဂျာမေးလ်ခါရှော့ဂျီ ပျောက်ဆုံးပြီးနောက် ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ပျောက်ဆုံးမှုဖြစ်ရပ်အများစုတွင် ၎င်းတို့ ဖမ်းဆီးခြင်းခံရမှုကို တရားဝင်အတည်ပြုခြင်းမရှိသလို ၎င်းတို့ကို မည်သည့်နေရာတွင် ဖမ်းဆီးထားသနည်း၊ မည်သည့်အမှုဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသနည်း စသည့် ကိစ္စများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း ကမ္ဘာတစ်ဝန်း သတင်းလွတ်လပ်ခွင့်များကို ခုခံကာကွယ်ပေးနေသည့် အဖွဲ့ဖြစ်သည့် နယ်စည်းမခြား သတင်းထောက်များအဖွဲ့က ပြောခဲ့သည်။

သတင်းထောက် တစ်ဦးဖြစ်သည့် ဆာလေအယ်လ်ရှီဟီပါဝင်သည့် အမှုတွင်လည်း ၎င်းဖမ်းဆီးခံထားရကြောင်း ဖေဖော်ဝါရီလတွင် အတည်ပြုခဲ့ပြီးနောက် ထောင်ဒဏ်ငါးနှစ် ချမှတ်ခံရကြောင်း ၎င်း၏မိသားစုက သိရှိခဲ့ရသည်ဟု အာရ်အက်စ်အက်ဖ်က ပြောခဲ့သည်။

၎င်းသည် လွန်ခဲ့သည့် ၂၀၁၇ခုနှစ် ဒီဇင်ဘာက ပျောက်ဆုံးခဲ့ခြင်းဖြစ်ပြီး ပြစ်မှုစီရင်ချိန်အထိ ဖမ်းဆီးထိန်းသိမ်းခံရခြင်းနှင့် ပတ်သက်ပြီး သတင်းတစ်စုံတစ်ရာ ထုတ်ပြန်ခြင်းလည်းမရှိသလို ကြားသိရခြင်းလည်း မရှိကြောင်း အာရ်အက်စ်အက်ဖ်က ဆက်လက်ပြောကြားခဲ့သည်။

ထို့အတူ စီးပွားရေးသတင်းထောက် အက်ဆန်အယ်လ်ဇမေးလ်သည်လည်း အစိုးရ၏ စီးပွားရေးဆိုင်ရာမဟာဗျူဟာများနှင့် ပတ်သက်ပြီး လူမှုကွန်ရက်ဝက်ဘ်ဆိုက်များတွင် ဖော်ပြဝေဖန်ခဲ့သည့်အတွက် ၎င်းမှာ တရားရုံးတွင် အမှုရင်ဆိုင်နေရကြောင်း သိရသည်။ ၎င်းသည် ယခင်ကလည်း ထောင်ကျခဲ့ဖူးသူဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဆော်ဒီမီဒီယာအပေါ် သက်ဆိုင်ရာ အာဏာပိုင်များက အာဏာသုံးဖိနှိပ်မှုများကို ဆန့်ကျင်ဖော်ပြခဲ့သည့်အတွက် နောက်ထပ် သတင်းထောက်တစ်ဦးဖြစ်သူနှင့် ဝေဖန်စာများရေးသားသူ တူရက်အယ်လ်အမ်ရီသည်လည်း လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်က ပျောက်ဆုံးသွားခဲ့ကြောင်း အဆိုပါအဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျသည် သတင်းထောက်များကို ဖိနှိပ်မှုပြုလုပ်ရာ၌ အဆိုးဆုံးအမှုတစ်ခုမှာ ဆော်ဒီသတင်းထောက်တစ်ဦးဖြစ်သူ ဂျာမေးလ်ခါရှော့ဂျီ ပျောက်ဆုံးနေမှုဖြစ်ကြောင်း အရှေ့အလယ်ပိုင်းဆိုင်ရာ အာရ်အက်စ်အက်ဖ်ဌာနခွဲမှ တာဝန်ရှိသူ ဆိုဖီအင်န်မူက ပြောခဲ့သည်။

၎င်းပျောက်ဆုံးနေမှုကို စုံစမ်းရန် လွတ်လပ်သော နိုင်ငံတကာစုံစမ်းစစ်ဆေးမှုပြုလုပ်သင့်ကြောင်း အာရ်အက်စ်အက်ဖ်က တိုက်တွန်းပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**




## တူရကီကမ်းလွန်တွင် ဒုက္ခသည်လှေတစ်စင်း တိမ်းမှောက်ရာ လေးဦးသေဆုံး

**အန်ကာရာ အောက်တိုဘာ ၁၁**

တရားမဝင်လှေစီး ဒုက္ခသည်များ တင်ဆောင်လာသော လှေတစ်စင်းသည် တူရကီအနောက်ဘက်ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်တွင် တိမ်းမှောက်နစ်မြုပ်ခဲ့ရာ လူလေးဦးသေဆုံးခဲ့ကြောင်း တူရကီကမ်းခြေစောင့်တပ်ဖွဲ့က အောက်တိုဘာ ၁၀ ရက်က ပြောခဲ့သည်။ တစ်ချိန်တည်းမှာပင် လှေပေါ်ပါ ဒုက္ခသည် ၃၀ ကိုရှာဖွေရန် ကယ်ဆယ်ရေးများကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အသက်ကယ်အင်္ကျီဝတ်ဆင်ထားသည့် ရေစိုနေသော အဝတ်အစားများဖြင့် အီရတ်အမျိုးသမီးသည် အစ်ဇ်မားပြည်နယ် ကာရာဘူရန်ဒေသရှိ ကမ်းခြေစောင့်တပ်ဖွဲ့ထံမှ အကူအညီတောင်းယူခဲ့ပြီးနောက် ရှာဖွေမှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၎င်းက ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖြစ်ကြောင်းကုန်စင်ပြောပြရာတွင် ၎င်းနှင့်အခြား ၃၄ ဦးကိုတင်ဆောင်လာသော လှေသည် ခရီးစဉ်စတင်ထွက်ခွာလာပြီး မကြာမီ တိမ်းမှောက်နစ်မြုပ်ခဲ့ကြောင်းနှင့် ၎င်းမှာလည်း ခဲရာခဲဆစ် ကမ်းစပ်သို့ရောက်အောင် ကြိုးစားခဲ့ရကြောင်း ပြောပြခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းစတင်ပြီးနောက် ကမ်းခြေစောင့်တပ်ဖွဲ့သည် လှေစီးဒုက္ခသည်လေးဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်း၊ နှစ်ဦးမှာ ကမ်းခြေပေါ်မှဖြစ်ပြီး တခြားနှစ်ဦးမှာ ရေထဲမှဖြစ်ကြောင်း သိရသည်။

အခြား လှေစီး ဒုက္ခသည်များမှာ မည်သည့်နိုင်ငံမှဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမပြုသော်လည်း တူရကီနိုင်ငံက ဆီးရီးယားဒုက္ခသည် သုံးသန်းကျော်လက်ခံခဲ့ရာတွင် အီရတ်ဒုက္ခသည် သုံးသိန်းကျော်အထိ ပါဝင်ကြောင်း သိရသည်။

စစ်ပွဲနှင့် ဆင်းရဲမွဲတေမှုကြောင့် ဥရောပသို့ ထွက်ပြေးလာသော ဒုက္ခသည်များအတွက် တူရကီသည် တစ်ဆင့်ခံနိုင်ငံဖြစ်ကြောင်းသိရပြီး အဆိုပါလှေမှာ ဂရိနိုင်ငံသို့ သွားသည့် ဒုက္ခသည်လှေဖြစ်နိုင်ကြောင်းသိရသည်။

ဥရောပသို့ ဒုက္ခသည်စီးဝင်မှုသည် ၂၀၁၅ ခုနှစ်တွင် အမြင့်ဆုံးဖြစ်ခဲ့ပြီးနောက် တဖြည်းဖြည်း လျော့နည်းလာကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# လက်ရှိ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ကို ၂၀၀၄ ခုနှစ်က လုပ်ကြံသတ်ဖြတ်မှုနှင့် ပတ်သက်ပြီး တရားရုံးက လူ ၁၉ ဦးကို သေဒဏ်ချမှတ်

**ဒါကာ အောက်တိုဘာ ၁၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၀၄ ခုနှစ်က လက်ရှိဝန်ကြီးချုပ် ရှိတ်ဟာဆီနာကို လက်ပစ်ဗုံးဖြင့် လုပ်ကြံသည့်အမှုဖြင့် အောက်တိုဘာ ၁၀ ရက်က လူ ၁၉ ဦးအား ဘင်္ဂလားဒေ့ရှ်တရားရုံးတစ်ရုံးက သေဒဏ်ချမှတ် လိုက်ကြောင်း သိရသည်။ သို့သော်လည်း အတိုက်အခံခေါင်းဆောင်မှာ သေဒဏ်မှ ကင်းလွတ်ခဲ့ကြောင်း သိရသည်။

ယင်းကိစ္စအပေါ် မကျေနပ်သည့် အတိုက်အခံအင်အားစုများက ဆန့်ကျင်ဆန္ဒပြမှုများပြုလုပ်ခဲ့ပြီး သေဒဏ်ချမှတ်ခြင်းကို နိုင်ငံရေးအရ လက်စားချေတုံ့ပြန်ခြင်းဟုဆိုကာ ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ကြသည်။

ထို့အပြင် နိုင်ငံမြောက်ပိုင်းတွင် ဘတ်စ်ကားတစ်စီး မီးလောင်ဗုံးဖြင့် တိုက်ခိုက်ခံရပြီးနောက် လုံခြုံရေးတာဝန်ယူထားသော ရဲတပ်ဖွဲ့ဝင်များအား ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း တပ်လှန့်ကာ လုံခြုံရေးသတိဖြင့် အမြဲအသင့်ရှိနေကြောင်း သိရသည်။

ဒါကာ၌ ၂၀၀၄ ခုနှစ်က ဖြစ်ပွားသော တိုက်ခိုက်မှုတွင် ယခင်က အတိုက်အခံဘက်ကရှိနေပြီး ယခုလက်ရှိတွင် ဝန်ကြီးချုပ်ဖြစ်နေသည့် ရှိတ်ဟာဆီနာမှာ ဒဏ်ရာရရှိခဲ့ကာ လူ ၂၀ သေဆုံးခဲ့သည်။

တရားရင်ဆိုင်နေရသူ ၄၉ ဦးအနက် ထိုအချိန်က ဝန်ကြီးချုပ်ဖြစ်သူ၏သားတာရစ်ရာမန်နှင့် ဟာဆီနာ၏ အဓိကပြိုင်ဘက်ဖြစ်လာသူ ခါလီဒါ ဇီယာတို့သည်လည်း အပါအဝင်ဖြစ်ကြောင်း သိရသည်။ ထို့အတူ ရာမန်ကိုလည်း ပူးပေါင်းကြံစည်မှုနှင့် လူသတ်မှုများဖြင့် တရားစွဲဆိုထားကြောင်း သိရသည်။

အသက် ၅၀ ရှိ ရာမန်သည် တရားရင်မဆိုင်ဘဲ ၂၀၀၈ ခုနှစ်က လန်ဒန်သို့ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

သို့သော် ဇီယာသည် အကျင့်ပျက်ခြစားမှုဖြင့် လွန်ခဲ့သည့် ဖေဖော်ဝါရီလက ထောင်ငါးနှစ် ချမှတ်ခံရသောကြောင့် ယခုအခါတွင် ရာမန်မှာ အင်အားကြီး အတိုက်အခံပါတီဖြစ်သည့် ဘင်္ဂလားဒေ့ရှ်အမျိုးသားပါတီ (ဘီအမ်ပီ) ပါတီကို ဦးဆောင်နေကြောင်း သိရသည်။



"နိုင်ငံရေးဟာ အတိုက်အခံကို တိုက်ခိုက်ခြင်းလား"ဟု တရားသူကြီး ရှာဟက်နာအက်ဒင်က ပထမအကြိမ်ဂျူရီအဖွဲ့၏ အဆုံးအဖြတ်ကို ဖတ်ကြားချိန်တွင် ပြောကြားခဲ့သည်။ ယခုကဲ့သို့ အမှုအဆုံးအဖြတ်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ရမည်ဟု အစိုးရရှေ့နေဖြစ်နေသူ မိုရှာရဖ်ဟူဆိန်က သတင်းထောက်များကို ပြောခဲ့သည်။ **အေအက်ဖ်ပီ**

# မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၈၀ ခုနှစ်၊ လ ရက်**

**၂၀၁၉ ခုနှစ်၊ လ ရက်**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း (၁)**

**အခန်း (၁)**

**အမည်နှင့် စတင်အာဏာတည်ခြင်း**

**အမည်နှင့် စတင်အာဏာတည်ခြင်း**

၁။ (က) ဤဥပဒေကို **မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) အပိုင်း (၁၀) မှအပ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

(ဂ) ဤဥပဒေ၏ အပိုင်း (၁၀) သည် နိုင်ငံတော်သမ္မတက သီးခြားအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

**အခန်း (၂)**

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၂။ ဤဥပဒေတွင် -

(က) **သက်ဆိုင်ရာဥပဒေ** ဆိုသည့်စကားရပ်တွင် သက်ဆိုင်ရာကိစ္စရပ်အပေါ် အကျိုးသက်ရောက်မှုရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း အတည်ဖြစ်လျက်ရှိသည့် ဥပဒေများနှင့် ဥပဒေကဲ့သို့ စည်းနှောင်အားရှိသော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် တစ်ရပ်ရပ်တို့ ပါဝင်သည်။

(ခ) **တွဲဖက်လုပ်ကိုင်သူ** ဆိုသည်မှာ -

(၁) အထူးသဖြင့် ကုမ္ပဏီတစ်ခုနှင့်သက်ဆိုင်သည့်အခါတွင်-

(ကက) မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေတွင် အဓိပ္ပာယ်ဖော်ပြသတ်မှတ်ထားသည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၊

(ခခ) ဆက်စပ်သည့်အဖွဲ့အစည်း၊

(ဂဂ) ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၊

(ဃဃ) ကုမ္ပဏီကို ထိန်းချုပ်အုပ်ချုပ်နေသော သို့မဟုတ် ကုမ္ပဏီ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို ခံရသော ကုမ္ပဏီအပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦး၊

(ငင) ပုဒ်မခွဲငယ် (ကက) သို့မဟုတ် (ဂဂ) သို့မဟုတ် (ဃဃ) တွင် ရည်ညွှန်းဖော်ပြထားသည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ ဇနီး၊ ခင်ပွန်း၊ မိဘ၊ ညီအစ်ကိုမောင်နှမ သို့မဟုတ် သားသမီးတစ်ဦးဦး၊ နှင့်

(စစ) ဤအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ရည်ညွှန်းဖော်ပြထားသည့် ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်အုပ်ချုပ်နေသော ကုမ္ပဏီတစ်ခုခု၊ နှင့်

(၂) ယေဘုယျအားဖြင့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခု (ကုမ္ပဏီတစ်ခုအပါအဝင်) နှင့် သက်ဆိုင်သည့်အခါတွင် -

(ကက) ပုဂ္ဂိုလ်တစ်ဦး၏ ဇနီး၊ ခင်ပွန်း၊ မိဘ၊ ညီအစ်ကိုမောင်နှမ သို့မဟုတ် သားသမီးတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၊

(ခခ) အဖွဲ့အစည်းကို ထိန်းချုပ်အုပ်ချုပ်နေသော သို့မဟုတ် အဖွဲ့အစည်း၏ ကြီးကြပ်အုပ်ချုပ်ခြင်းကိုခံရသော ကုမ္ပဏီအပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦး၊

(ဂဂ) ပုဒ်မခွဲငယ် (ခခ) တွင် ရည်ညွှန်းဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်အုပ်ချုပ်သော ကုမ္ပဏီတစ်ခုခုကို ဆိုသည်။

(ဂ) **အသင်း** ဆိုသည်မှာ အပိုင်း (၃) အရ ဖွဲ့စည်းထားသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်းကို ဆိုသည်။

(ဃ) **လူမွဲ** ဆိုသည်မှာ ကြွေးမြီပြန်လည်မပေးဆပ်နိုင်သဖြင့် အပိုင်း (၈) ပါ ပြဋ္ဌာန်းချက်များအရ လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းခံရသူ တစ်ဦးဦးကို ဆိုသည်။

(င) **လူမွဲအဖြစ်ခံယူစေသည့်အမိန့်** ဆိုသည်မှာ ကြွေးမြီပြန်လည်မပေးဆပ်နိုင်သဖြင့် လူပုဂ္ဂိုလ်တစ်ဦးဦးအား လူမွဲအဖြစ်ခံယူစေရန် ဆုံးဖြတ်သည့်အမိန့်တစ်ရပ်ကို ဆိုသည်။

(စ) **စာအုပ်စာတမ်းများ** ဆိုသည်မှာ ငွေစာရင်းများ၊ စာချုပ်စာတမ်းများ၊ ရေးသားချက်များနှင့် စာရွက်စာတမ်းများကို ဆိုသည်။

(ဆ) **အလုပ်လုပ်ကိုင်ရက်** ဆိုသည်မှာ စနေ၊ တနင်္ဂနွေနှင့် နိုင်ငံတော်အတွင်း ဘဏ်ပိတ်ရက်အဖြစ် သတ်မှတ်ထားသည့်နေ့ရက်မှအပ အခြားမည်သည့်နေ့ရက်ကိုမဆို ဆိုသည်။

(ဇ) **စီးပွားရေးလုပ်ငန်းဆိုင်ရာကြွေးမြီ** ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ခုခုက ဆောင်ရွက်နေသည့်လုပ်ငန်း သို့မဟုတ် စီးပွားရေးကို လည်ပတ်နေစေရန်အတွက် ကုန်စည်များပေးသွင်းရန် သို့မဟုတ် ဝန်ဆောင်မှုများပေးရန် သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ကို ပြုလုပ်ရန်အလို့ငှာ ယင်း၏လုပ်ငန်းလည်ပတ်မှုများသို့ ငွေကြေးထည့်ဝင်သည့်နည်းလမ်းဖြင့်ဖြစ်စေ၊ အရင်းအနှီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်နည်းလမ်းဖြင့်ဖြစ်စေ ကျခံဆောင်ရွက်ပေးသဖြင့် တင်ရှိသော ကြွေးမြီတစ်ရပ်ရပ်ကို ဆိုသည်။

(ဈ) **တောင်းဆိုချက်** ဆိုသည်မှာ ငွေပေးချေရန်တောင်းခံပိုင်ခွင့်တစ်ရပ်ကို ဖြစ်ပေါ်စေသည့် လုပ်ငန်းတာဝန်တစ်ရပ်ကို ချိုးဖောက်မှုအတွက် ကုစားခွင့်၊ တောင်းခံပိုင်ခွင့်အပါအဝင် ငွေပေးချေမှုတစ်ရပ်ကို တောင်းခံပိုင်ခွင့်တစ်ရပ်ဖြစ်ပြီး ယင်းအခွင့်အရေးသည် တရားရုံး၏ စီရင်ချက်အရဖြစ်စေ၊ ပုံသေသတ်မှတ်ထားချက်အရဖြစ်စေ၊ ကိစ္စတစ်ရပ်အပေါ် မူတည်သည်ဖြစ်စေ၊ မတည်သည်ဖြစ်စေ၊ အငြင်းပွားနေသည်ဖြစ်စေ၊ အငြင်းမပွားသည်ဖြစ်စေ၊ အာမခံအကျိုးခံစားခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အကျုံးဝင်စေရမည်။

(ည) **ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီကို ဆိုသည်။

(ဋ) ကုမ္ပဏီတစ်ခုနှင့်စပ်လျဉ်း၍ **ကြွေးမြီပေးဆပ်ရသူ** ဆိုသည်မှာ-

(၁) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခဲ့လျှင် ကုမ္ပဏီတွင် လက်ရှိပါဝင်နေသူဖြစ်စေ၊ ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူဖြစ်စေ ကုမ္ပဏီ၏ပိုင်ဆိုင်မှုအတွက် ကြွေးမြီဆပ်ရန် တာဝန်ရှိသူ၊

(၂) အစုရှယ်ယာ မတည်ငွေရင်းထားရှိသောကုမ္ပဏီဖြစ်ပါက အစုရှယ်ယာတန်ဖိုးအား အပြည့်အဝပေးချေ ဝယ်ယူပိုင်ဆိုင်ထားသူ၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) အရ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူများအား ဆုံးဖြတ်နိုင်ခြင်းမရှိမီ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိသူဟု စွပ်စွဲဖော်ပြခံရသူကို ဆိုသည်။

(ဌ) **ကောင်စီ** ဆိုသည်မှာ မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီကို ဆိုသည်။

(ဍ) **တရားရုံး** ဆိုသည်မှာ ဤဥပဒေအရ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရန် စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးကို ဆိုသည်။

(ဎ) **ဒီဘင်ချာ** ဆိုသည်မှာ ချေးယူသောငွေအတွက် ကုမ္ပဏီက ထုတ်ပေးသော သက်သေခံလက်မှတ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဒီဘင်ချာစတော့ရှယ်ယာလည်း ပါဝင်သည်။

(ဏ) ကုမ္ပဏီ သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခု၏ **ဒါရိုက်တာ** ဆိုသည်မှာ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် ဒါရိုက်တာကို ဆိုသည်။

(တ) **လူမွဲပိုင်ပစ္စည်း** ဆိုသည့်စကားရပ်တွင် ပုဒ်မ ၂၈၉ အရ အမိန့်ချမှတ်နိုင်သော လူမွဲ၏ဝင်ငွေလည်း ပါဝင်စေရမည်။

(ထ) အပိုင်း (၈) ပါ ပြဋ္ဌာန်းချက်များအရ တစ်သီးပုဂ္ဂလလူမွဲခံယူခြင်းအတွက် **ဖယ်ထုတ်ရမည့်ပစ္စည်းများ** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည် -

(၁) လူမွဲ၏အလုပ်အကိုင်အတွက်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းအတွက်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအတွက်ဖြစ်စေ မရှိမဖြစ် အသုံးပြုရန်လိုအပ်သော ကိရိယာများ၊ စာအုပ်များ၊ ယာဉ်များနှင့် အခြားကိရိယာများ၊

(၂) အခြားသူတစ်ဦးဦးက လူမွဲထံ ယုံမှတ်အပ်နှံထားသော ပစ္စည်းများ၊

(၃) နည်းဥပဒေများဖြင့် သတ်မှတ်ထားသော တန်ဖိုးပမာဏရှိ လူမွဲနှင့် ၎င်းမိသားစု အခြေခံစားဝတ်နေရေးအတွက် လိုအပ်သည့် အဝတ်အစား၊ အိပ်ရာ၊ ပရိဘောဂ၊ အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်တွင်းစားနပ်ရိက္ခာ၊

(၄) နည်းဥပဒေဖြင့် သတ်မှတ်ထားသော တန်ဖိုးထက်မကျော်လွန်သည့် ယာယီနေထိုင်ရေး အသုံးစရိတ်၊

(၅) နည်းဥပဒေဖြင့် သတ်မှတ်ထားသော တန်ဖိုးထက်မကျော်လွန်သည့် ဘာသာရေးဆိုင်ရာ ဓလေ့ထုံးစံအရ သုံးစွဲသည့် လူမွဲ၏ လက်ဝတ်ရတနာများ။

(ဒ) **အပြောင်းအလဲရှိသောကြွေးမြီတာဝန်** ဆိုသည်မှာ စတင်ချေးငှားစဉ်ကပင် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တစ်ရပ်အဖြစ် ရည်ရွယ်သတ်မှတ်ခဲ့သော ကြွေးမြီတာဝန်ကို ဆိုသည်။

(ဓ) **ကုမ္ပဏီတစ်ခုနှင့်ဆက်နွှယ်နေသည့် အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ** ဆိုသည်မှာ ဆက်နွှယ်နေသည့် လက်အောက်ခံကုမ္ပဏီတစ်ခုအဖြစ်ရောက်ရှိနေသော ကုမ္ပဏီ၏အစုများကို ပိုင်ဆိုင်သည့် ကုမ္ပဏီကို ဆိုသည်။

(န) **မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်း** ဆိုသည်မှာ အောက်ပါ စီးပွားရေးလုပ်ငန်းကို ဆိုသည်-

(၁) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဖြစ်ပါက အပိုင်း (၆)အရ လျှောက်ထားစဉ်အချိန်က မြီရှင်များထံသို့ ပေးဆပ်ရန်တင်ရှိသည့် စုစုပေါင်းကြွေးမြီသည် နည်းဥပဒေဖြင့် သတ်မှတ်ထားသော ပမာဏထက် မပိုသည့် စီးပွားရေးဆိုင်ရာကြွေးမြီများ တင်ရှိနေသည့်လုပ်ငန်း၊

(၂) ကုမ္ပဏီအဖြစ် မှတ်ပုံတင်မထားသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဖြစ်ပါက အပိုင်း (၆) အရ လျှောက်ထားစဉ်အချိန်က မြီရှင်များထံသို့ ပေးဆပ်ရန် တင်ရှိသည့် စုစုပေါင်းကြွေးမြီသည် နည်းဥပဒေဖြင့် သတ်မှတ်ထားသော ပမာဏထက်ကျော်လွန်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာကြွေးမြီများ တင်ရှိနေသည့်လုပ်ငန်း။

(ပ) **ကုမ္ပဏီမှတ်ပုံတင်ထားခြင်းမရှိသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်း** ဆိုသည်မှာ -

(၁) လူပုဂ္ဂိုလ်တစ်ဦးတည်းက ပိုင်ဆိုင်လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်း၊

(၂) နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများက ၁၉၃၂ ခုနှစ်၊ အစုစပ်လုပ်ငန်းအက်ဥပဒေ ပုဒ်မ ၄ နှင့်အညီ လုပ်ဆောင်နေသော အစုစပ်လုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ဖ) **လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ** ဆိုသည်မှာ အပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်ထားသူကို ဆိုသည်။

(ဗ) **ကြွေးမြီမပေးဆပ်နိုင်ခြင်း** ဆိုသည်မှာ ကြွေးမြီများကို ပေးဆပ်ရန် စေ့ရောက်သည့်အချိန်တွင် ပေးဆပ်နိုင်မှုမရှိခြင်းကို ဆိုသည်။

(ဘ) **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** ဆိုသည်မှာ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန် အပိုင်း (၇) အရ ခန့်အပ်ခြင်း ခံရသူကို ဆိုသည်။

(မ) **ဈေးကွက်တန်ဖိုး** ဆိုသည်မှာ ပစ္စည်းတစ်ခုအား ရောင်းချရန်ဆန္ဒရှိသူက ဈေးကွက်တွင် လွတ်လပ်စွာရောင်းချခြင်းဖြင့် ရရှိနိုင်မည့် ငွေပမာဏကို ဆိုသည်။

(ယ) **စံဥပဒေ** ဆိုသည်မှာ နိုင်ငံဖြတ်ကျော် လူမွဲခံယူမှုများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဥပဒေဆိုင်ရာ ကုလသမဂ္ဂကော်မရှင်အဖွဲ့က ရေးဆွဲခဲ့ပြီး ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် A/RES/52/ 158 (1997) ဖြင့် အတည်ပြုခဲ့သော ဥပဒေကို ဆိုသည်။

(ရ) **မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပြန်လည်ထူထောင်ရေး အစီအစဉ်** ဆိုသည်မှာ ပုဒ်မ ၁၂၁ တွင် ရည်ညွှန်းဖော်ပြထားသော အချက်အလက်များပါရှိသည့် အဆိုပြုချက် သို့မဟုတ် ထိုသို့သောအသွင်သဏ္ဌာန်ရှိသည့် အစီအစဉ်ကို ဆိုသည်။

(လ) **ရာထူးလက်ရှိဖြစ်သူ** ဆိုသည်မှာ အောက်ပါရာထူးတစ်ခုခုအတွက် ခန့်အပ်ထားသော လူပုဂ္ဂိုလ်ကို ဆိုသည်-

(၁) ကုမ္ပဏီ၏ပစ္စည်းထိန်း၊

(၂) ကုမ္ပဏီ၏ ပြန်လည်ထူထောင်ရေး မန်နေဂျာ၊

(၃) အပိုင်း (၅) အရ ဆောင်ရွက်သော ကုမ္ပဏီ၏ ပြန်လည်ထူထောင်ရေး အစီအစဉ် ကြီးကြပ်သူ၊

(၄) အပိုင်း (၆) အရ ဆောင်ရွက်သော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ခု၏ ပြန်လည်ထူထောင်ရေး အစီအစဉ်ကြီးကြပ်သူ၊

(၅) မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ခု၏ ပြန်လည်ထူထောင်ရေးအကြံပေး၊

(၆) ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အပါအဝင် ကုမ္ပဏီတစ်ခု၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊

(၇) လူမွဲခံယူခြင်းဆိုင်ရာ ယုံမှတ်အပ်နှံခြင်းခံရသူ။

(ဝ) အဖွဲ့အစည်းတစ်ခုနှင့်ပတ်သက်သည့် **အရာရှိ** ဆိုသည်မှာ ထိုအဖွဲ့အစည်း၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးကို ဆိုသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံသစ် မြောက်ဥက္ကလာပအဝိုင်းအနီး ဖွင့်လှစ်



လူဦးရေ ၅၀၀ ဆံ့ မင်္ဂလာအဆင့်မြင့်(မြောက်ဥက္ကလာပ) ရုပ်ရှင်ရုံသစ်အတွင်း ပရိသတ်များ ရုပ်ရှင်ကြည့်ရှုကြစဉ်။

**ရန်ကုန် အောက်တိုဘာ ၁၁**

လူဦးရေ ၅၀၀ ဝန်းကျင်ခန့် ကြည့်ရှုနိုင်မည့် မင်္ဂလာအဆင့်မြင့် (မြောက်ဥက္ကလာပ) ရုပ်ရှင်ရုံသစ်ကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သုဓမ္မာလမ်း မြောက်ဥက္ကလာပ အဝိုင်းအနီး၌ ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲနှင့်ပတ်သက်၍ မင်္ဂလာကုမ္ပဏီမှ မန်နေဂျာ ဦးစောလွင်က "ကျွန်တော်တို့ ကုမ္ပဏီက ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းက ပါဝင်တဲ့အနေနဲ့ ရုပ်ရှင်ရုံတွေကို တိုးချဲ့တည်ဆောက်သွားမယ့် ရည်ရွယ်ချက်ရှိပါတယ်။ ဆင်ခြေဖုံးမြို့နယ်တွေမှာ ရုပ်ရှင်ရုံက နည်းတော့ မြို့ထဲကိုလာပြီး ကြည့်ရတဲ့ အနေအထားရှိပါတယ်။ နဝဒေးရုပ်ရှင်ရုံတော့ရှိတယ်။ ဒီဘက်မှာလည်း ပရိသတ်က ရှိနေတဲ့အတွက် အခုလို တိုးချဲ့ဖွင့်လှစ်လိုက်တာ ဖြစ်ပါတယ်"ဟု ပြောသည်။

မင်္ဂလာအဆင့်မြင့် (မြောက်ဥက္ကလာပ) ရုပ်ရှင်ရုံတွင် (2D ၊ 3D) Cinema - 1 ၊ Cinema - 2 ဟူ၍ နှစ်ရုံရှိပြီး ဖွင့်ပွဲအနေဖြင့် ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) ရိုက်ကူးသည့် အဝေးချစ် ရုပ်ရှင်ဇာတ်ကားနှင့် VENOM နိုင်ငံခြား ရုပ်ရှင်ဇာတ်ကားတို့ကို အောက်တိုဘာ ၁၂ ရက်မှ စတင်ပြသသွားမည်ဖြစ်သည်။

"အခုနောက်ပိုင်းမှာ ရိုက်တဲ့ကားတွေကလည်း များလာတဲ့အတွက် ရုပ်ရှင်ရုံ တွေကိုလည်း တိုးချဲ့တည်ဆောက်လာတာ ဖြစ်ပါတယ်။ ကျွန်တော်တို့က တစ်ပတ်မှာ တစ်ကားပဲ ပြသနိုင်တဲ့ အနေအထား ဖြစ်ပါတယ်။ ဇာတ်ကားအရေအတွက် များများပြသနိုင်အောင် ကြိုးစားတဲ့အနေနဲ့ ပိတ်ကားတွေ ခွဲပြီး ပြသနေတာ ဖြစ်ပါတယ်။ ရုပ်ရှင်ကြည့် ပရိသတ်တွေကို ဖျော်ဖြေမှုအနေနဲ့ ရသအကောင်းဆုံးပေးနိုင်အောင်၊ အပန်းဖြေနိုင်အောင် ဆောင်ရွက်ပေးနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ရုပ်ရှင်ရုံတွင် နိုင်ငံခြား ရုပ်ရှင်များနှင့် မြန်မာဇာတ်ကားများကို အလှည့်ကျ ပြသသွားမည်ဖြစ်ပြီး Cinema - 1 တွင် လူဦးရေ ၂၆၀ နှင့် Cinema 2 တွင် ၂၈၅ ဦး ကြည့်ရှုနိုင်မည်ဖြစ်သည်။ ရုပ်ရှင်လက်မှတ်နှုန်းထားများကို 2D တွင် ငွေကျပ် ၁၅၀၀၊ ၂၅၀၀၊ ၃၀၀၀၊ ၄၅၀၀ နှင့် 3D တွင် ငွေကျပ် ၂၀၀၀၊ ၃၀၀၀၊ ၃၅၀၀ နှင့် ၅၀၀၀ သတ်မှတ်ထားပြီး ပွဲစဉ်များအနေဖြင့် နံနက် ၁၀ နာရီမှ ည ၉ နာရီခွဲအထိ တစ်နေ့လျှင် ငါးပွဲ ပြသသွားမည် ဖြစ်ကြောင်း သိရသည်။



**မင်္ဂလာ အဆင့်မြင့် (မြောက်ဥက္ကလာပ) ရုပ်ရှင်ရုံသစ် အဆောက်အအုံကို တွေ့ရစဉ်။**

ဓာတ်ပုံ-ထိန်လင်း

"ရုပ်ရှင်ရုံ များများဖွင့်နိုင်လေ ကောင်းလေပေါ့။ တချို့ရပ်ကွက်တွေက ရုပ်ရှင်ရုံမရှိဘူး။ ဒါပေမယ့် ရုပ်ရှင်ရုံ တစ်ရုံစာမကတဲ့ လူဦးရေရှိတယ်။ ရုံတွေများများဆောက်နိုင်တာ ဝမ်းသာတယ်။ မြန်မာပြည်မှာ ရုပ်မြင်သံကြားတွေရှိတယ်။ လူမှုကွန်ရက်တွေလည်း ရှိတယ်။ ဒါပေမယ့် ရုပ်ရှင်ဆိုတဲ့ အရသာက ဘာနဲ့မှ မတူဘူး။ ရုံထဲမှာ ပိတ်ထားပြီး ကြည့်တာဖြစ်တဲ့အတွက် အရသာပိုရှိတယ်။ အသံလည်း မတူဘူး။ ရုပ်ရှင်ကြည့်တာ ပိုပြီးအရသာရှိတယ်လို့ ထင်ပါတယ်" ဟု ဒါရိုက်တာပန်းချီစိုးမိုးက ပြောသည်။



မင်္ဂလာအဆင့်မြင့်(မြောက်ဥက္ကလာပ) ရုပ်ရှင်ရုံ လက်မှတ်အရောင်းကောင်တာကို တွေ့ရစဉ်။

ယနေ့ ဖွင့်လှစ်လိုက်သည့် မင်္ဂလာအဆင့်မြင့်(မြောက်ဥက္ကလာပ) ရုပ်ရှင်ရုံသည် မင်္ဂလာကုမ္ပဏီ၏ ၂၅ ရုံမြောက် ရုပ်ရှင်ရုံဖြစ်ပြီး မကြာမီ တာမွေမြို့နယ်၌လည်း မင်္ဂလာအဆင့်မြင့်(တာမွေ) ရုပ်ရှင်ရုံကို ဆက်လက်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်စတူဒီယိုများ မွမ်းမံပြင်ဆင်ပေးခြင်း၊ ရုပ်ရှင်အတတ်ပညာနှင့် နည်းပညာများ ဆွေးနွေးတိုင်ပင်နိုင်မည့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စင်တာတွင် အလုပ်ရုံ ဆွေးနွေးပွဲများ၊ ဇာတ်ညွှန်းနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများကို လစဉ်ကျင်းပပေးလျက်ရှိပြီး မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြားခြင်း၊ အချင်းချင်း ဆွေးနွေးတိုင်ပင်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်မှုမှာ ၂၀၁၄ ခုနှစ်တွင် ဇာတ်ကား ကိုးကား၊ ၂၀၁၅ ခုနှစ်တွင် ၃၂ ကား၊ ၂၀၁၆ ခုနှစ်တွင် ၄၈ ကား၊ ၂၀၁၇ ခုနှစ်တွင် ၁၅၈ ကားနှင့် ၂၀၁၈ ခုနှစ် ယခုလအထိ ၁၂၀ အထိ တိုးတက်ထုတ်လုပ်လာနိုင်ခဲ့သည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားများကို ပြသရန် ရုပ်ရှင်ရုံများကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိပြီး ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရုပ်ရှင်ရုံများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့်လည်း ချိတ်ဆက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာတစ်နိုင်ငံလုံး၌ ၂၀၁၃ ခုနှစ်တွင် ရုပ်ရှင်ရုံ ၁၉ ရုံ၊ ပိတ်ကား ၁၉ ခု ရှိခဲ့ရာမှ ယခုအခါ ရုပ်ရှင်ရုံ ၁၁၃ ရုံ၊ ပိတ်ကား ၁၂၇ ခုအထိ တိုးတက်ဖွင့်လှစ်လာနိုင်ခဲ့သည်။

ရုပ်ရှင်ရုံများ တိုးတက်ဖွင့်လှစ်လာနိုင်သည့်အပေါ် ရုပ်ရှင်သရုပ်ဆောင် ကျော်ထက်အောင်က "ဒီလို ရုပ်ရှင်ရုံအသစ်တွေ ထပ်တိုးလာတာ ကောင်းပါတယ်။ ကျွန်တော်တို့ရဲ့ဇာတ်ကားတွေကို ရုံတင်ပေးနိုင်တာ ဒီလို ရုပ်ရှင်ရုံတွေရှိတဲ့အတွက်ကြောင့်ပါ။ ကျွန်တော်တို့ ဖန်တီးလိုက်တဲ့အရာတွေကို အဝေးကြီး သွားကြည့်စရာမလိုဘဲ မြို့နယ်တိုင်းမှာ ရုပ်ရှင်ရုံတွေရှိနေရင် မြို့နယ်နေပြည်သူတွေ အဆင့်အတန်းမြင့်မြင့် ကြည့်ရှုနိုင်ပါတယ်။ ကျွန်တော်တို့လည်း ဖန်တီးရကျိုးနပ်ပါတယ်"ဟု ပြောသည်။

**ဝင်းဝင်း၊ ဓာတ်ပုံ-ဇော်မင်းလတ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၁**

နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ကျော်၏ ကြီးကြပ်မှုဖြင့် ဒက္ခိဏသီရိမြို့မရဲစခန်း " စီ " လမ်းဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ရဲအုပ် မြင့်ကျော်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က လုံခြုံရေးအတွက် အောက်တိုဘာ ၁၀ ရက်က ယာဉ်များအား စစ်ဆေးဆောင်ရွက်စဉ်။**

ကျော်လှိုင်သင်း(နေပြည်တော်)





## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၁-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၁၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၇၅/၁၀၉၅ ကျပ် | ၁၁၁၀/၁၁၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၈၅/၁၁၀၅ ကျပ် | ၁၁၂၅/၁၁၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၄၅/၁၀၆၅ ကျပ် | ၁၁၁၀/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၉၅/၁၁၁၅ ကျပ် | ၁၁၆၀/၁၁၇၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၀ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၅၃ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၈ · ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၈ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၅၃ · ၇ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၄ · ၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၉ · ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၄၇၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ · ၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ · ၆၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ · ၀၉၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ပွဲကျပ်နှစ်ပွဲ ဆက်ကစားရမယ့် အင်္ဂလန်

## UEFA နေရှင်နယ်လိဂ်

—— ဝေမိုးဆက် ——

အောက်တိုဘာ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ရက်တွေမှာ ဥရောပနိုင်ငံများဖလားလိဂ်ပြိုင်ပွဲကို ပြန်လည်ကျင်းပသွားမှာဖြစ်ပါတယ်။ လိဂ် (A) ပြိုင်ပွဲမှအုပ်စု လေးခုအတွင်းမှာ ဥရောပရဲ့ ထိပ်တန်းနိုင်ငံအသင်းတွေသာ ပါဝင်နေတာကြောင့် ယှဉ်ပြိုင်မှုပိုမိုအားကောင်းနေခဲ့ပါတယ်။ ဒီတစ်ပတ် ပြန်လည်ကျင်းပသွားမယ့် ပွဲစဉ်တွေမှာလည်း ဘယ်လ်ဂျီယံနဲ့ ဆွစ်ဇာလန်၊ခရိုအေးရှားနဲ့ အင်္ဂလန်၊ ဟော်လန်နဲ့ ဂျာမနီ၊ စပိန်နဲ့ အင်္ဂလန်၊ ပြင်သစ်နဲ့ ဂျာမနီစတဲ့ ပွဲကောင်းတွေ ပါဝင်နေတာကြောင့် ဘယ်လိုခြေစွမ်းတွေနဲ့ ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာဦးမလဲဆိုတာ စိတ်ဝင်စားစရာဖြစ်နေပါတယ်။

### ဘယ်လ်ဂျီယံ နှင့် ဆွစ်ဇာလန်

**ကစားမည့်အချိန် - နံနက် ၁း၁၅ (၁၃-၁၀-၁၈)**

နှစ်သင်းစလုံးတစ်ပွဲစီကစားအပြီးမှာ နိုင်ပွဲတွေရရှိထားခဲ့ကာ ဆွစ်ဇာလန်က ဂိုးအသာနဲ့ အုပ်စုထိပ်ဆုံးနေရာကို ဦးဆောင်နေတာဖြစ်တယ်။ ဘယ်လ်ဂျီယံဟာ အခုပွဲကို အိမ်ကွင်းမှာကစားရမှာဖြစ်ပြီး ကစားသမားကောင်းတွေနဲ့ ပွဲထွက်လာဦးမှာဖြစ်လို့ ခြေစွမ်းအသာနဲ့ဖိအားပေးကစားနိုင်ဖို့ သေချာနေပါတယ်။ ဒါပေမယ့်လည်း ဆွစ်ဇာလန်က အသင်းလိုက်စုဖွဲ့မှုအားကောင်းကာ ကစားပုံမာကျောတဲ့ အသင်းဖြစ်နေလို့ ဘယ်လ်ဂျီယံ ကပ်ပြီးသာနိုင်မယ်။

### ခရိုအေးရှား နှင့် အင်္ဂလန်

**ကစားမည့်အချိန် - နံနက် ၁း၁၅ (၁၃-၁၀-၁၈)**

ခရိုအေးရှားဟာ စပိန်ကို ၆-၀ ဂိုးနဲ့ အရှက်ရဖွယ်ရှုံးခဲ့ရပါတယ်။ ဒါကြောင့် ဒီပြိုင်ပွဲမှာ နိုင်ပွဲပြန်ရဖို့ အခုလို အိမ်ကွင်းပွဲစဉ်မျိုးမှာ လူစုံပြန်လည်ပွဲထွက်လာဖို့ရှိနေပါတယ်။ ခရိုအေးရှားရဲ့ ခြေစွမ်းက အဓိက ကစားသမားအစုံအလင် ပြန်လည်ပွဲထွက်လာမယ်ဆိုရင် ထက်မြက်လာနိုင်ပါတယ်။ ခရိုအေးရှားမှာ မိုဒရစ်၊ ရာကီတစ်တို့ပါဝင်လာမှာဖြစ်လို့ ကွင်းလယ်ပိုင်းမှာ အင်္ဂလန်ကိုဖိအားပေးနိုင်ဖို့ရှိနေပါတယ်။ တိုက်စစ်မှာ မန်ဇူကစ် မပါဝင်ပေမယ့် ခရိုအေးရှား နိုင်ပွဲကပ်ရနိုင်တယ်။



### အုပ်စု(၁)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ပြင်သစ် | ၂ | ၁ | ၁ | ၀ | ၄ |
| ဂျာမနီ | ၁ | ၀ | ၁ | ၀ | ၁ |
| ဟော်လန် | ၁ | ၀ | ၀ | ၁ | ၀ |

### အုပ်စု(၂)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ဆွစ်ဇာလန် | ၁ | ၁ | ၀ | ၀ | ၃ |
| ဘယ်လ်ဂျီယံ | ၁ | ၁ | ၀ | ၀ | ၃ |
| အိုက်စလန် | ၂ | ၀ | ၀ | ၀ | ၀ |

### အုပ်စု(၃)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ပေါ်တူဂီ | ၁ | ၁ | ၀ | ၀ | ၃ |
| ပိုလန် | ၁ | ၀ | ၁ | ၀ | ၁ |
| အီတလီ | ၂ | ၀ | ၁ | ၁ | ၁ |

### အုပ်စု(၄)

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| စပိန် | ၂ | ၂ | ၀ | ၀ | ၆ |
| အင်္ဂလန် | ၁ | ၀ | ၀ | ၁ | ၀ |
| ခရိုအေးရှား | ၁ | ၀ | ၀ | ၁ | ၀ |

### ဟော်လန် နှင့် ဂျာမနီ

**ကစားမည့်အချိန် - နံနက် ၁း၁၅ (၁၄-၁၀-၁၈)**

ဟော်လန်နဲ့ ဂျာမနီတို့ဟာ တစ်ပွဲစီကစားခဲ့ပြီးချိန်မှာ နိုင်ပွဲမရသေးပါဘူး။ ဟော်လန်ဟာ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခြေစစ်ပွဲမအောင်ခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ခြေစွမ်းပိုင်းအနည်းငယ်တိုးတက်ပါတယ်။ ဒါပေမယ့် ဂျာမနီကိုအနိုင်ယူဖို့တော့ ခက်ပါတယ်။ ဂျာမနီက ဒီအုပ်စုရဲ့ ထိပ်ဆုံးနေရာကိုရယူနိုင်ဖို့ ဒီပွဲကို အနိုင်ကစားထားရမှာ ဖြစ်ပါတယ်။ ဂျာမနီတို့ ဒီပွဲအပြီးမှာ ပြင်သစ်နဲ့ ရင်ဆိုင်ရဦးမှာဖြစ်လို့လည်း ဒီပွဲမှာအမှားခံမှာ မဟုတ်ပါဘူး။ ဂျာမနီကပ်နိုင်မယ်။

### ပိုလန် နှင့် အီတလီ

**ကစားမည့်အချိန် - နံနက် ၁း၁၅ (၁၅-၁၀-၁၈)**

အီတလီဟာ ဥရောပမှာ အကောင်းဆုံးခြေစွမ်းပုံစံတွေပြသဖို့ အနည်းငယ် ခက်ခဲရုန်းကန်နေခဲ့ရပါတယ်။ အခုပွဲမှာလည်း ပိုလန်အိမ်ကွင်းပွဲစဉ်ဖြစ်နေလို့ အီတလီအတွက်နိုင်ပွဲရဖို့ ခက်ခဲဦးမှာဖြစ်တယ်။ ပိုလန်ကတော့ အသင်းလိုက် ကစားအားကောင်းမွန်တဲ့အသင်းဖြစ်ကာ အိမ်ကွင်းမှာ ကစားရမှာဖြစ်လို့ အားစိုက်ကစားလာမှာပါ။ ဒါပေမယ့် သတိပြုရမှာက ပိုလန်အနေနဲ့ ပေါ်တူဂီနဲ့ရင်ဆိုင်ခဲ့ရလို့ ပွဲပန်းလာနိုင်တဲ့အချက်ဖြစ်တယ်။ သရေကျဖို့များတယ်။

### စပိန် နှင့် အင်္ဂလန်

**ကစားမည့်အချိန်- နံနက် ၁း၁၅ (၁၆-၁၀-၁၈)**

စပိန်ဟာ နည်းပြအင်းနရစ်ရဲ့ လက်ထက်မှာ ခြေစွမ်းပိုင်း သိသိသာသာ တိုးတက်လာပါတယ်။ ပထမကျော့ အင်္ဂလန်မြေမှာတောင် စပိန်တို့နိုင်ပွဲရအောင် ကစားနိုင်ခဲ့ပါတယ်။ အထူးသဖြင့် စပိန်ရဲ့ကစားအားနဲ့ ခြေစွမ်းထက်မြက်မှုက အိမ်ကွင်းမှာ ပိုမိုလို့တောင် ထက်မြက်နေဦးမှာပါ။ အင်္ဂလန်ကတော့ ဒီပွဲမှာနိုင်ပွဲပြန်ယူဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ခရိုအေးရှားနဲ့ ရင်ဆိုင်ခဲ့ရလို့ ပွဲပန်းလာနိုင်ပါတယ်။ စပိန်သာ နိုင်ပွဲရမယ်။

### ပြင်သစ် နှင့် ဂျာမနီ

**ကစားမည့်အချိန်- နံနက် ၁း၁၅ (၁၇-၁၀-၁၈)**

ပြင်သစ်ရဲ့အကောင်းဆုံးခြေစွမ်းတွေကို အိမ်ကွင်းမှာ မြင်ရမယ့်ပွဲပါ။ ဂျာမနီကတော့ ခြေစွမ်းအနည်းငယ်ကျနေလို့ ဒီပွဲမှာ နိုင်ပွဲရဖို့ ခက်ဦးမှာပါ။ ဂျာမနီအနေနဲ့ အိမ်ကွင်းမှာတုန်းက ပြင်သစ်ကို အနိုင်ရယူနိုင်ခြင်းမရှိခဲ့လို့ အုပ်စုကို ဦးဆောင်ချင်ရင် ဒီလိုပွဲမျိုးမှာ နိုင်ပွဲရဖို့လိုအပ်တာကြောင့် အားစိုက်ကစားလာမှာဖြစ်ပေမယ့် ဟော်လန်နဲ့ ရင်ဆိုင်ခဲ့ရတာကြောင့် ဂျာမနီတို့ ပွဲပန်းလာနိုင်ပါတယ်။ ပြင်သစ်ကသာ နိုင်ပွဲရယူသွားနိုင်မှာပါ။

### နိုင်ငံများလိဂ်ပြိုင်ပွဲ ပြိုင်ပွဲအဆင့်(A)

| | | |
|---|---|---|
| **သောကြာနေ့** | | **၁၂-၁၀-၁၈** |
| ဘယ်လ်ဂျီယံ | ဆွစ်ဇာလန် | နံနက် ၁း၁၅ (စနေနံနက်) |
| ခရိုအေးရှား | အင်္ဂလန် | နံနက် ၁း၁၅ (စနေနံနက်) |
| **စနေနေ့** | | **၁၃-၁၀-၁၈** |
| ဟော်လန် | ဂျာမနီ | နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) |
| **တနင်္ဂနွေနေ့** | | **၁၄-၁၀-၁၈** |
| ပိုလန် | အီတလီ | နံနက် ၁း၁၅ (တနင်္လာနံနက်) |
| **တနင်္လာနေ့** | | **၁၅-၁၀-၁၈** |
| အိုက်စလန် | ဆွစ်ဇာလန် | နံနက် ၁း၁၅ (အင်္ဂါနံနက်) |
| စပိန် | အင်္ဂလန် | နံနက် ၁း၁၅ (အင်္ဂါနံနက်) |
| **အင်္ဂါနေ့** | | **၁၆-၁၀-၁၈** |
| ပြင်သစ် | ဂျာမနီ | နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) |

### နိုင်ငံများလိဂ်ပြိုင်ပွဲ ပြိုင်ပွဲအဆင့် (B)

| | | |
|---|---|---|
| **သောကြာနေ့** | | **၁၂-၁၀-၁၈** |
| ဩစတြီးယား | မ/အိုင်ယာလန် | နံနက် ၁း၁၅ (စနေနံနက်) |
| **စနေနေ့** | | **၁၃-၁၀-၁၈** |
| ဆလိုဗက်ကီးယား | ချက် | ည ၇း၃၀ |
| အိုင်ယာလန် | ဒိန်းမတ် | နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) |
| **တနင်္ဂနွေနေ့** | | **၁၄-၁၀-၁၈** |
| ရုရှား | တူရကီ | ည ၁၀း၃၀ |
| **တနင်္လာနေ့** | | **၁၅-၁၀-၁၈** |
| ဘော့စနီးယား | မ/အိုင်ယာလန် | နံနက် ၁း၁၅ (အင်္ဂါနံနက်) |
| **အင်္ဂါနေ့** | | **၁၆-၁၀-၁၈** |
| ယူကရိန်း | ချက် | နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) |
| အိုင်ယာလန် | ဝေလ | နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) |

### နိုင်ငံများလိဂ်ပြိုင်ပွဲ ပြိုင်ပွဲအဆင့် (C)

| | | |
|---|---|---|
| **သောကြာနေ့** | | **၁၂-၁၀-၁၈** |
| ဂရိ | ဟန်ဂေရီ | နံနက် ၁း၁၅ (စနေနံနက်) |
| အက်စ်တိုးနီးယား | ဖင်လန် | နံနက် ၁း၁၅ (စနေနံနက်) |
| **စနေနေ့** | | **၁၃-၁၀-၁၈** |
| နော်ဝေ | ဆလိုဗေးနီးယား | ည ၁၀း၃၀ |
| ဘူဂေးရီးယား | ဆိုက်ပရပ်စ် | နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) |
| **တနင်္ဂနွေနေ့** | | **၁၄-၁၀-၁၈** |
| ရိုမေးနီးယား | ဆားဘီးယား | ည ၇း၃၀ |
| အစ္စရေး | အယ်ဘေးနီးယား | နံနက် ၁း၁၅ (တနင်္လာနံနက်) |
| လစ်သူရေးနီးယား | မွန်တီနီဂရိုး | နံနက် ၁း၁၅ (တနင်္လာနံနက်) |
| **တနင်္လာနေ့** | | **၁၅-၁၀-၁၈** |
| အက်စ်တိုနီးယား | ဟန်ဂေရီ | နံနက် ၁း၁၅ (အင်္ဂါနံနက်) |
| ဖင်လန် | ဂရိ | နံနက် ၁း၁၅ (အင်္ဂါနံနက်) |
| **အင်္ဂါနေ့** | | **၁၆-၁၀-၁၈** |
| နော်ဝေ | ဘူဂေးရီးယား | နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) |
| ဆလိုဗေးနီးယား | ဆိုက်ပရပ်စ် | နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) |

### နိုင်ငံများလိဂ်ပြိုင်ပွဲ ပြိုင်ပွဲအဆင့် (D)

| | | |
|---|---|---|
| **သောကြာနေ့** | | **၁၂-၁၀-၁၈** |
| ဘီလာရုစ် | လူဇင်ဘတ် | နံနက် ၁း၁၅ (စနေနံနက်) |
| မော်လ်ဒိုဗာ | ဆန်မာရီနို | နံနက် ၁း၁၅ (စနေနံနက်) |
| **စနေနေ့** | | **၁၃-၁၀-၁၈** |
| ဂျော်ဂျီယာ | အန်ဒိုရာ | ည ၁၀း၃၀ |
| လတ်ဗီးယား | ကာဇက်စတန် | ည ၁၀း၃၀ |
| အာမေးနီးယား | ဂျီဘရော်တာ | ည ၁၀း၃၀ |
| မက်ဆီဒိုးနီးယား | လီချင်စတိန်း | နံနက် ၁း၁၅ (တနင်္ဂနွေနံနက်) |
| **တနင်္ဂနွေနေ့** | | **၁၄-၁၀-၁၈** |
| အဇာဘိုင်ဂျန် | မော်လ်တာ | ည ၁၀း၃၀ |
| ဖာရိုကျွန်းစု | ကိုဆိုဗို | ည ၁၀း၃၀ |
| **တနင်္လာနေ့** | | **၁၅-၁၀-၁၈** |
| ဘီလာရုစ် | မော်လ်ဒိုဗာ | နံနက် ၁း၁၅ (အင်္ဂါနံနက်) |
| လူဇင်ဘတ် | ဆန်မာရီနို | နံနက် ၁း၁၅ (အင်္ဂါနံနက်) |
| **အင်္ဂါနေ့** | | **၁၆-၁၀-၁၈** |
| ကာဇက်စတန် | အန်ဒိုရာ | ည ၁၀း၃၀ |
| အာမေးနီးယား | မက်ဆီဒိုးနီးယား | ည ၁၀း၃၀ |
| လတ်ဗီးယား | ဂျော်ဂျီယာ | နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) |
| ဂျီဘရော်တာ | လီချင်စတိန်း | နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) |

# အကြိတ်အနယ် တွေ့မြင်ရဦးမယ့် ပရီမီယာလိဂ် ရွှေဖိနပ်တိုက်ပွဲ

■ အောင်က ■

**ပရီမီယာလိဂ်ရာသီစတင်လာခဲ့တာဟာ ပွဲစဉ် ၈ အထိ ရောက်ရှိလာခဲ့ပြီ။ အခုဆိုရင် ပရီမီယာလိဂ်ရွှေဖိနပ်ပြိုင်ပွဲကလည်း စတင်နေပြီလို့ ပြောရမယ်။ ပြီးခဲ့တဲ့ရာသီက ပရီမီယာလိဂ်မှာ ၃၂ ဂိုးသွင်းယူပြီး ရွှေဖိနပ်ဆုရခဲ့တဲ့ ဆာလတ်ကတော့ ဒီဆုအတွက် ဆက်လက်ကာကွယ်နိုင်ဦးမလား။ လက်ရှိအချိန်မှာတော့ ပရီမီယာလိဂ်ရဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသူက ချယ်လ်ဆီးကစားသမား ဟာဇက်ဖြစ်ပြီး သူ့ရဲ့နောက်ကနေ နီးကပ်စွာရှိနေကြသူတွေကတော့ ဟယ်ရီကိန်းနဲ့ အဂူရိုတို့ ဖြစ်တယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီရဲ့ ပရီမီယာလိဂ် ရွှေဖိနပ်ဆုအတွက် တိုက်ပွဲက စတင်ပြင်းထန်နေပြီလို့ ဆိုရမယ်။**

ချယ်လ်ဆီးအသင်းရဲ့ တိုက်စစ်ကစားသမား ဟာဇက်ကတော့ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ် ရွှေဖိနပ်ဆုအတွက် အရှေ့ကနေ ဦးဆောင်နေသူလို့ ပြောရမယ်။ သူဟာပြီးခဲ့တဲ့ ကမ္ဘာ့ဖလားမှာတော့ ဘယ်လ်ဂျီယံအသင်းအတွက် တတိယဆုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သလို ဒီနှစ်ရာသီမှာလည်း ချယ်လ်ဆီးအသင်းအတွက် အကောင်းဆုံး စွမ်းဆောင်ပေးထားနိုင်သူဖြစ်တယ်။



သူဟာပြီးခဲ့တဲ့ ရာသီတုန်းကဆိုရင် ဒဏ်ရာကြောင့် ရက်အနည်းငယ်နားနေခဲ့ရပြီး ပရီမီယာလိဂ်တစ်ရာသီလုံးမှာ ၁၂ ဂိုးသာ သွင်းယူနိုင်ခဲ့တယ်။ ပြီးခဲ့တဲ့ ရာသီတုန်းကလည်း ဟာဇက်ဟာ ခြေစွမ်းပြကစားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဟာဇက်အနေနဲ့ သူ့ရဲ့ငယ်ဘဝအိပ်မက်ဟာ ရီးရဲမက်ဒရစ်အသင်းပါလို့ ဖွင့်ဟထားပေမယ့် ဒီနှစ်ရာသီမှာတော့ မန်နေဂျာသစ် ဆာရီရဲ့လက်အောက်မှာ ဖွံ့ဖြိုးမှုတွေကတော့ အတိုင်းအဆမဲ့ပါပဲ။ ဒါကြောင့်လည်း သူ့ဟာဒီနှစ်မှာတော့ ရွှေဖိနပ်ဆုအတွက် ရေပန်းစားနေတာလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းရဲ့ထာဝရဂိုးသွင်း အများဆုံး ကစားသမားအဖြစ်ရပ် တည်နေတဲ့ တိုက်စစ်မှူး အဂူရိုဟာ ဒီနှစ်ရာသီမှာတော့ ဟက်ထရစ်ဂိုးနဲ့အတူ ပရီမီယာလိဂ်မှာတော့ ငါးဂိုးသွင်းယူထားနိုင်သူ ဖြစ်ပါတယ်။ သူ့အနေနဲ့ ဒဏ်ရာပြဿနာသာ မရှိဘူးဆိုရင်တော့ ဟာဇက်နဲ့အပြိုင် ပရီမီယာလိဂ် ရွှေဖိနပ်ဆုကို ရယူနိုင်မယ်သူလို့ ပြောရမှာဖြစ်ပါတယ်။ သူဟာပရီမီယာလိဂ် ရွှေဖိနပ်ဆုကိုတော့ ၂၀၁၄-၁၅ ရာသီက နောက်ဆုံးရရှိထားတာဖြစ်ပါတယ်။

အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်းကတော့ ဒီနှစ်ရာသီမှာ ပရီမီယာလိဂ် ရွှေဖိနပ်ဆုကို တတိယအကြိမ်မြောက် ရရှိဖို့အတွက် အလားအလာကောင်းနေသူတစ်ဦး ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီကဆိုရင် ဟယ်ရီကိန်းဟာ ဆာလတ်နဲ့ နှစ်ဂိုးအကွာနဲ့ ရွှေဖိနပ်ဆုနဲ့ လွဲခဲ့ရတာလည်း ဖြစ်ပါတယ်။ ဒီနှစ်ရာသီအစောပိုင်းကဆိုရင်လည်း သူဟာ ဩဂုတ်ကျိန်စာဆိုးလို့ ပြောလို့ရတဲ့ ဩဂုတ်လ ဂိုးပေါက်ပျောက်မှုကိုလည်း ချေဖျက်ထားနိုင်ခဲ့သူ ဖြစ်ပါတယ်။

ဟယ်ရီကိန်းဟာ ၂၀၁၄-၁၅ ရာသီကစကာ ပြီးခဲ့တဲ့ လေးနှစ်အတွင်း တစ်ရာသီကို အနည်းဆုံး



ဂိုး ၂၀ နဲ့အထက်သွင်းယူနိုင်သူ ဖြစ်ပါတယ်။ လက်ရှိ ပရီမီယာလိဂ် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေတဲ့ သူတွေထဲမှာလည်း ဟယ်ရီကိန်း တစ်ဦးတည်းသာ ပရီမီယာလိဂ် ရွှေဖိနပ်ဆု နှစ်ကြိမ်ရထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ရာသီမှာတော့ သုံးကြိမ်မြောက် ရွှေဖိနပ်ဆုကို ရရှိနိုင်မလားလို့ စောင့်ကြည့်ရဦးမှာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ရာသီကတော့ ပရီမီယာလိဂ် ရွှေဖိနပ်ဆုရရှိထားခဲ့တဲ့ လီဗာပူးတိုက်စစ်မှူး ဆာလတ်ဟာ ဒီနှစ်ရာသီမှာတော့ ခြေစွမ်းက ထင်သလောက်ပြနိုင်ခြင်း မရှိပါဘူး။ လီဗာပူးအသင်းနဲ့အတူ ပရီမီယာလိဂ် ရှစ်ပွဲမှာ ဆာလတ်သွင်းယူထားနိုင်တာက သုံးဂိုးသာ ရှိပါသေးတယ်။ လီဗာပူးအသင်းရဲ့ ပွဲထွက်တိုက်စစ်မှူးသုံးဦးဖြစ်တဲ့ ဆာလတ်၊ မာနေး၊ ဖာမီနိုတို့အားလုံးဟာ ဒီနှစ်ရာသီမှာတော့ ဂိုးတွေအပြိုင်သွင်းယူနေကြပြီး မာနေးရဲ့ သွင်းဂိုးက လေးဂိုးရှိသွားခဲ့ပြီ ဖြစ်ပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်ပွဲစဉ်က ရှစ်ပွဲသာ ကစားရသေးတာကြောင့် ပရီမီယာလိဂ် ရွှေဖိနပ်တိုက်ပွဲမှာ ဆာလတ်ကို ဖယ်ချန်လို့ မရသေးဘူးလို့ ပြောရမှာပါ။

ဒီနှစ်ရာသီမှာတော့ ပြီးခဲ့တဲ့ရာသီကထက် ပရီမီယာလိဂ် ရွှေဖိနပ်ဆုအတွက် စဉ်းစားစရာကောင်းတဲ့ ကစားသမားတွေ ထွက်ပေါ်နေပါတယ်။ အဲဒါကတော့ အာဆင်နယ်တိုက်စစ်မှူး အူဘာမီယန်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဇန်နဝါရီကတည်းက အာဆင်နယ်အသင်းကို ရောက်လာခဲ့တဲ့ တိုက်စစ်မှူး အူဘာမီယန်ဟာ အာဆင်နယ်အသင်းနဲ့အတူ ရုန်းကန်နေခဲ့ရပါတယ်။ ဒါပေမယ့် ဒီနှစ်ရာသီမှာတော့ အူဘာမီယန်ဟာ အာဆင်နယ်အသင်းနဲ့အတူ ဂိုးသွင်း ခြေပြန်တွေ့နေပြီဖြစ်သလို အသင်းရဲ့ ရလဒ်တွေကလည်း ကောင်းနေတာကြောင့် ဒီနှစ် ပရီမီယာလိဂ် ရွှေဖိနပ်ပြိုင်ပွဲမှာတော့ အူဘာမီယန်



ကိုလည်း ထည့်တွက်ရမှာ ဖြစ်ပါတယ်။ သူနဲ့ပတ်သက်ပြီး နောက်တစ်ချက် သိထားရမှာက သူဟာ ၂၀၁၆-၁၇ ရာသီက ဒေါ့မွန်အသင်းအတွက် ၃၁ ဂိုးသွင်းယူပေးပြီး ဘွန်ဒက်လီဂါရဲ့ ဂိုးသွင်းအများဆုံး ရွှေဖိနပ်ဆု ရယူနိုင်ခဲ့သူ ဖြစ်ပါတယ်။

ဒီနှစ်ရာသီဟာ အစသာရှိနေသေးပေမယ့် ပရီမီယာလိဂ်ရွှေဖိနပ်ဆုအတွက် ပြိုင်ဆိုင်မှုတွေက ပြင်းထန်နေပြီလို့ ပြောရမှာပါ။ လက်ရှိအချိန်မှာ ပရီမီယာလိဂ် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ထိပ်ဆုံးမှာရှိနေတဲ့ ဟာဇက်ကပဲ ရွှေဖိနပ်ဆုကို ရယူသွားမလား။ ဒါမှမဟုတ် အခြားဘယ်ကစားသမားကပဲ ရယူသွားမလား ဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

# ချယ်လ်ဆီးနှင့်ပွဲတွင် မော်ရင်ညို ပွဲကြီးကြပ်ခွင့် ပိတ်ပင်ခံရဖွယ်ရှိနေ



ဗြိတိသျှ ထိပ်တန်းသတင်းစာ နှစ်စောင်ဖြစ်သည့် The Times နှင့် The Sun သတင်းစာတို့က မန်ယူအသင်းမန်နေဂျာ မော်ရင်ညိုအား လာမည့် အောက်တိုဘာ ၂၀ ရက်တွင် မန်ယူအသင်းက ချယ်လ်ဆီးအသင်း၏ အိမ်ကွင်းတွင် သွားရောက်ရင်ဆိုင်ရမည့် ပရီမီယာလိဂ်ပွဲစဉ်၌ ပွဲကြီးကြပ်ခွင့် ပိတ်ပင်ရန် တောင်းဆိုခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြီးခဲ့သည့် အောက်တိုဘာ ၆ ရက်တွင် မန်ယူအသင်းက အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ နယူးကာဆယ်အသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပရီမီယာလိဂ်ပွဲအပြီးတွင် မန်နေဂျာ မော်ရင်ညိုပြုလုပ်ခဲ့သည့် အပြုအမူနှစ်ခုကြောင့် ယခုကဲ့သို့ တောင်းဆိုခဲ့ခြင်းဖြစ်သည်။

မန်နေဂျာ မော်ရင်ညိုသည် နယူးကာဆယ်နှင့်ပွဲအပြီးတွင် ရုပ်သံကင်မရာ တစ်လုံးဘက်သို့ ပေါ်တူဂီဘာသာဖြင့် ဆဲရေးသည့်စကား ပြောဆိုခဲ့ကာ ကွင်းအတွင်းမှ ထွက်ခွာသွားချိန်တွင်လည်း လက်သန်းထောင်ပြသည့် အပြုအမူ ပြုလုပ်ခဲ့သည်။ မန်နေဂျာ မော်ရင်ညို၏ လုပ်ဆောင်မှုများနှင့်ပတ်သက်၍ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ကလည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီး အပြစ်ရှိကြောင်းတွေ့ရှိပါက နိုင်ငံတကာပွဲများကြောင့် ခေတ္တရပ်ဆိုင်းထားသည့် ပရီမီယာလိဂ်ပွဲများ ပြန်လည်စတင်ချိန်တွင် ယှဉ်ပြိုင်ရမည့် ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့ပွဲစဉ်၌ မော်ရင်ညိုအား ပွဲကြီးကြပ်ခွင့် ပိတ်ပင်ဖွယ်ရှိနေကြောင်း သတင်းများလည်း ထွက်ပေါ်နေသည်။

The Times သတင်းစာက "မန်နေဂျာ မော်ရင်ညိုဟာ နယူးကာဆယ်နဲ့ပွဲအပြီးမှာ ပေါ်တူဂီဘာသာစကားနဲ့ ဆဲရေးခဲ့သလို လက်သန်းထောင်ပြတဲ့ အမူအရာလည်း လုပ်ပြခဲ့ပါတယ်။ ဒါကြောင့် မော်ရင်ညိုကို ဒဏ်ငွေပြစ်ဒဏ် ချမှတ်တာ ဒါမှမဟုတ် ချယ်လ်ဆီးနဲ့ပွဲမှာ ပွဲကြီးကြပ်ခွင့် ပိတ်ပင်တာ စတဲ့ ပြစ်ဒဏ်မျိုး ချမှတ်သင့်တယ်"ဟု ရေးသားခဲ့သည်။

လက်သန်းထောင်ပြသည့် အမူအရာ၏အဓိပ္ပာယ်ကို မေးမြန်းရာတွင် မန်နေဂျာ မော်ရင်ညိုက "ဒါက လက်ချောင်းတစ်ချောင်းပါ။ လက်ချောင်းတွေထဲမှာ အသေးဆုံးလက်ချောင်းပေါ့။ ဒါပေမယ့် ဒါက လက်ချောင်းတစ်ချောင်းပါပဲ"ဟု ဖြေဆိုခဲ့သည်။ ပေါ်တူဂီမန်နေဂျာ မော်ရင်ညိုသည် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိလည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိလည်းကောင်း ချယ်လ်ဆီးအသင်းမန်နေဂျာအဖြစ် တာဝန်ယူခဲ့ကာ ချယ်လ်ဆီးအသင်းအား ပရီမီယာလိဂ်ချန်ပီယံဆုဖလားနှင့် ကားလင်းဖလားတို့ကို သုံးကြိမ်စီ၊ အက်ဖ်အေဖလားနှင့် ကွန်မြူနတီဒိုင်းကို တစ်ကြိမ်စီ ရယူနိုင်ရန် ဦးဆောင်ပေးနိုင်ခဲ့သူ ဖြစ်သည်။

**ထက်အောင်**

# ၂၀၁၈ ခုနှစ်ဆုအား ပြင်သစ်ကစားသမားတစ်ဦး ရရှိသင့်သည်ဟု ဂရစ်ဇ်မန်း ပြောဆို



အက်သလက်တီကိုနှင့် ပြင်သစ်တိုက်စစ်မှူး အန်တိုနီယိုဂရစ်ဇ်မန်းက ၂၀၁၈ ခုနှစ်အတွက် Ballon d'Or ဆုအား ၂၀၁၈ ခုနှစ် ဖီဖာ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် ပြင်သစ်လက်ရွေးစင် ကစားသမားများအနက်မှ တစ်ဦးဦးရရှိသင့်ကြောင်း မှတ်ချက်ပြုပြောဆိုလိုက်သည်။

ဥရောပဘောလုံးလောက၏ သက်တမ်းအရင့်ဆုံးနှင့် ဂုဏ်သိက္ခာအကြီးမြင့်ဆုံး ဆုဖြစ်သည့် Ballon d'Or ဆုပေးအပ်ပွဲ အခမ်းအနားကို လာမည့် ဒီဇင်ဘာ ၃ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသွားမည်ဖြစ်သည်။

၂၀၁၈ ခုနှစ် Ballon d'Or ဆုအတွက် ဆန်ခါတင်ကစားသမား ၃၀ စာရင်းကို ထုတ်ပြန်ထားရာ အဆိုပါ ဆန်ခါတင်စာရင်းတွင် ပြင်သစ်ကစားသမားများဖြစ်သည့် ဘင်ဇီမာ၊ ဂရစ်ဇ်မန်း၊ ကန်တီ၊ ဟူဂိုလောရစ်၊ အမ်ဘာပေ၊ ပေါလ်ပေါ့ဂ်ဘာနှင့် ဗာရာနီတို့ ပါဝင်နေသည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းက "ပြင်သစ်အသင်းဟာ လက်ရှိ ကမ္ဘာ့ချန်ပီယံအသင်းပါ။ ကျွန်တော်တို့က ကမ္ဘာ့အကောင်းဆုံးအသင်းက ကစားသမားတွေဖြစ်ပါတယ်။ ကမ္ဘာ့အကောင်းဆုံးအသင်းက ကစားသမားတွေဟာ ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေပဲ မဟုတ်ပါလား။ ဒါကကျွန်တော့်ရဲ့ တွေးဆမှုဖြစ်ပါတယ်။ မဲပေးရွေးချယ်မှုတွေ၊ ထင်မြင်ယူဆချက်တွေ၊ မတူညီတဲ့ ကောက်ချက်ချဆုံးဖြတ်မှုတွေ ရှိနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ၂၀၁၈ ခုနှစ် Ballon d'Or ဆုကို ပြင်သစ်ကစားသမားတစ်ဦး ဆွတ်ခူးနိုင်လိမ့်မယ်လို့ ထင်ပါတယ်" ဟု ပြောဆိုခဲ့သည်။

Ballon d'Or ဆုနှင့် ပတ်သက်၍ မည်သို့ခံယူထားပါသလဲဟု မေးမြန်းမှုကို "ဒီဆုက ကျွန်တော့်အတွက်တော့ အိပ်မက်တစ်ခုပါပဲ။ သမိုင်းကြောင်းကို ကြည့်မယ်ဆိုရင်လည်း Ballon d'Or ဆုဟာ အကောင်းဆုံးရဲ့ အကောင်းဆုံး ဖြစ်ပါတယ်။ ဒီဆုကို ရရှိသူတွေဟာ အကောင်းဆုံး စူပါကစားသမားတွေ၊ ဂန္ထဝင်ကစားသမားတွေသာ ဖြစ်ပါတယ်။ ဒီဆုရရှိခြင်းက အခြားကစားသမားတွေအတွက် စံပြလည်းဖြစ်စေပါတယ်" ဟု တိုက်စစ်မှူး ဂရစ်ဇ်မန်းက ဖြေဆိုခဲ့သည်။

မန်ယူအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာကလည်း ၂၀၁၈ ခုနှစ် Ballon d'Or ဆု အား ပြင်သစ်ကစားသမားတစ်ဦးဦး ရရှိစေလိုကြောင်း၊ သို့သော်လည်း မိမိအနေဖြင့် အဆိုပါဆုရရှိရန် ထိုက်တန်သည်ဟု မယူဆကြောင်း ပြောဆိုခဲ့သည်။

**ထက်အောင်**

# ဟာဇက်အား ခေါ်ယူရန် ရီးရဲ ကြိုးပမ်းလာပါက ချယ်လ်ဆီးအသင်း ဟန့်တားရန်မလွယ်ဟု မိုရာတာ ပြောဆို



ရီးရဲမက်ဒရစ်အသင်းအနေဖြင့် ချယ်လ်ဆီးအသင်း တောင်ပံကစားသမား အီဒင်ဟာဇက်အား ခေါ်ယူရန် ဆုံးဖြတ်ဖို့ ကြိုးစားလာခဲ့ပါက ချယ်လ်ဆီးအသင်းအနေဖြင့် ဟန့်တားရန် ခက်ခဲလိမ့်မည်ဖြစ်ကြောင်း ချယ်လ်ဆီး တိုက်စစ်မှူး မိုရာတာက ထုတ်ဖော်ပြောဆိုလိုက် သည်။

ဘယ်လ်ဂျီယံ ကစားသမား ဟာဇက်က ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန်အတွက် ချယ်လ်ဆီးမှ ထွက်ခွာလိုကြောင်း ဖွင့်ဟပြောဆိုထားသူ ဖြစ်ပြီး ရီးရဲ အသင်း တာဝန်ရှိသူများကလည်း အသက် ၂၇ နှစ်အရွယ်ရှိ ဟာဇက်အား ခရစ္စတီယာနိုရော်နယ်ဒို၏ နေရာတွင် အစားထိုးရေးအတွက် ခေါ်ယူရန် စိတ်ဝင်စားနေသည့်အသင်းဖြစ်သည်။ ဟာဇက်နှင့် ချယ်လ်ဆီးအသင်းတို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းမှာ ၁၈ လသာ ကျန်ရှိတော့သည်။

စပိန်တိုက်စစ်မှူး မိုရာတာက "ကျွန်တော်တို့ စကားပြောဆိုမှုတွေအရ ဟာဇက်ဟာ ချယ်လ်ဆီးကနေ ထွက်ခွာချင်တဲ့ စိတ်ဆန္ဒမရှိပါဘူး။ ဒါပေမယ့် ရီးရဲမက်ဒရစ်အသင်းက ဟာဇက်ကို ခေါ်ယူဖို့ ကြိုးစားလာခဲ့မယ်ဆိုရင် ချယ်လ်ဆီးအသင်းအနေနဲ့ရော ဟာဇက်ပါ ငြင်းပယ်ဖို့ ခက်ခဲပါလိမ့်မယ်။ ဟာဇက်နဲ့ ချယ်လ်ဆီးအသင်းတို့ကြားမှာ အလွန်ကောင်းမွန်တဲ့ ဆက်ဆံရေး ရှိပါတယ်။ သူကလည်း ချယ်လ်ဆီးအသင်းမှာ ပျော်ရွှင်နေတယ်။ ကစားသမားတစ်ဦးက အသင်းတစ်သင်းက ထွက်ခွာလိုတဲ့အခါ ဖြစ်ပျက်တတ်တဲ့ အခြေအနေတွေနဲ့ ဟာဇက်ရဲ့အနေအထားက တူညီမှုမရှိပါဘူး။ တကယ်လို့ ချယ်လ်ဆီးအသင်းအနေနဲ့ ဟာဇက်ကို ဆက်ထိန်းထားနိုင်မယ်ဆိုရင်လည်း ဒါဟာကောင်းမွန်တဲ့ကိစ္စ ဖြစ်လာမှာပါ"ဟု ပြောဆိုခဲ့ သည်။

လိုင်လီအသင်းကစားသမားဟောင်း ဟာဇက်သည် ချယ်လ်ဆီးအသင်းအတွက် စုစုပေါင်း ၉၇ ဂိုးသွင်းယူထားကာ ချယ်လ်ဆီးအသင်း သမိုင်းကြောင်းတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမားစာရင်း၌ နံပါတ် ၁၀ နေရာတွင် ရပ်တည်နေသူဖြစ်သည်။

ဟာဇက်၏ ချယ်လ်ဆီးကစားဖော် တိုက်စစ်မှူး မိုရာတာသည် ရီးရဲမက်ဒရစ်အသင်း လူငယ်ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိလည်းကောင်း ရီးရဲမက်ဒရစ်ပထမအသင်းတွင် ပါဝင်ကစားခဲ့ဖူးသူဖြစ်သည်။

**ထက်အောင်**

# ဖုန်းအသုံးပြုသူများအား လိမ်လည်မှုများကို ပိုမိုသတိပြုနိုင်ရန် အော်ပရေတာလေးခု ပူးပေါင်းလုပ်ဆောင်

**ရန်ကုန် အောက်တိုဘာ ၁၁**

မိုဘိုင်းဖုန်းအသုံးပြုနေသူများအား နည်းပညာကိုအသုံးပြု၍ နည်းလမ်းအမျိုးမျိုးဖြင့် လိမ်လည်လှည့်ဖြားနေမှုများနှင့်ပတ်သက်ပြီး အော်ပရေတာလေးခုလုံး၏ သုံးစွဲသူများ ပိုမိုသတိပြုမိစေရန်နှင့် လိမ်လည်မှုများကို ရှောင်ရှားနိုင်မည့် နည်းလမ်းများ၊ အသိပညာများကို မျှဝေနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးအော်ပရေတာများဖြစ်သော MPT၊ အူရီဒူး၊ တယ်လီနောနှင့် MyTel တို့ အောက်တိုဘာ ၉ ရက်က ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယနေ့ခေတ်တွင် မိုဘိုင်းဖုန်းများကို အသုံးတွင်ကျယ်လာသည်နှင့်အမျှ ဖုန်းများထဲတွင် အရေးကြီးသော ကိုယ်ရေးကိုယ်တာအချက်အလက်များကို ပိုမိုသိမ်းဆည်းလာသလို မိုဘိုင်းဘဏ်စနစ် အက်ပလီကေးရှင်းများနှင့် ဖုန်းဖြင့်ငွေချေစနစ်များကို အသုံးပြုမှုလည်း ပိုများလာရာ ဖုန်းသုံးစွဲသူများအနေဖြင့် မိုဘိုင်းဖုန်းများမှ အရေးကြီးသည့်အချက်အလက်များကို မည်ကဲ့သို့ လုံခြုံစွာထိန်းသိမ်းရမည်ဆိုသည့် အသိပညာသည် ပို၍အရေးပါလာသောကြောင့် ယခုလို အသိပညာပေးမှုကို ပူးပေါင်းပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

### ဖုန်းသုံးသူများအား လိမ်လည်သည့် နည်းလမ်းများ

မိုဘိုင်းဖုန်းသုံးသူများအား လိမ်လည်ရာ၌ တွေ့ရများသည့် နည်းလမ်းအချို့မှာ ဖုန်းခေါ်ဆို၍ အရည်အသွေးနိမ့်သော (သို့မဟုတ်) လုံခြုံမှုနည်းသော ဖုန်းနှင့်ဆက်စပ်ပစ္စည်းများကို ဝယ်ယူစေရန် ဆွဲဆောင်ခြင်း၊ ဖုန်းခေါ်ဆိုခ အများအပြားကုန်ကျစေမည့် ဝန်ဆောင်မှုများအတွက် ဖုန်းခေါ်ဆိုစေခြင်း၊ ဈေးနှုန်းမြင့်မားသော ဝန်ဆောင်မှုများကို သုံးစွဲသူများ သတိမထားမိခင် ရယူမိစေခြင်းနှင့် ကိုယ်ပိုင် PIN နံပါတ် သို့မဟုတ် လျှို့ဝှက်နံပါတ်များကို လိမ်လည်လှည့်ဖြားရယူခြင်းများဖြစ်သည်။ အထက်ပါနည်းလမ်းများကဲ့သို့ မိုဘိုင်းဖုန်းသုံးစွဲသူများအား ပစ်မှတ်ထားသည့် လိမ်လည်လှည့်ဖြားမှု အမျိုးမျိုးရှိပြီး ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်း missed call များ ခေါ်ဆိုခြင်းနှင့် SMS မှ လင့်ခ်အမှားများပေးပို့ခြင်းတို့ဖြင့် လိမ်လည်လှည့်ဖြားမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်းလည်း သိရသည်။

Missed Call ဖြင့် လိမ်လည်လှည့်ဖြားခြင်းမှာ ဖုန်းအတွင်းသို့ Missed call တစ်ခု ဝင်ရောက်လာပြီး ထိုနံပါတ်ကို ပြန်လည်ခေါ်ဆိုလိုက်ခြင်းဖြင့် ခေါ်ဆိုသူကိုယ်တိုင် မသိလိုက်ဘဲ ဈေးနှုန်းမြင့်ဝန်ဆောင်မှုတစ်ခုကို ရယူမိပြီး ဖြစ်နိုင်ကြောင်း၊ သတိပြုရန်မှာ ပြည်တွင်းခေါ်ဆိုမှုအသွင်ဖြင့် ဖုန်းဝင်လာပါက ဖုန်းကိုင်မိရန် အလားအလာပိုများသောကြောင့် လိမ်လည်လှည့်ဖြားသူများသည် ကွန်ပျူတာဆော့ဖ်ဝဲများဖြင့် Caller ID (နံပါတ်အတု) များဖန်တီးကာ ထိုအချက်ကိုအသုံးပြု၍ ဖုန်းခေါ်ဆိုမှုအတုများ ပြုလုပ်ကြကြောင်း အော်ပရေတာများက သတိပေးထားသည်။

SMS မှတစ်ဆင့် link များပေးပို့၍ လိမ်လည်လှည့်ဖြားခြင်းတွင် ဘဏ်ကဲ့သို့သော တရားဝင်အဖွဲ့အစည်းတစ်ခုထံမှ ပေးပို့သည့်ပုံစံဖြင့် စာတိုများကို လက်ခံရရှိမည်ဖြစ်ပြီး ထိုစာများတွင် ဘဏ်သို့မဟုတ် အခြား အကောင့်များ၏ အချက်အလက်များကို ပိုမိုပြည့်စုံအောင်ဖြည့်စွက်ရန် (သို့မဟုတ်) အထူးလက်ဆောင်များရယူနိုင်ရန် (သို့မဟုတ်) အခြား အရေးကြီးလုပ်ငန်းဆောင်တာများ ဆောင်ရွက်ရန်အတွက် စာတွင်ပါသည့် link မှတစ်ဆင့် ဝင်ရောက်ဖြည့်စွက်ရန်တိုက်တွန်းသည့် အချက်အလက်များ ပါဝင်တတ်သည်။ ထိုသို့ လုပ်ဆောင်ခိုင်းမှုအားလုံးမှာ စာတိုရရှိသူ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို လိမ်လည်လှည့်ဖြားသူများထံသို့ တိုက်ရိုက်ပေးပို့စေခြင်းပင်ဖြစ်ကြောင်း၊ ဘဏ်နှင့် ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် သုံးစွဲသူ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို တောင်းခံခြင်းမပြုကြသည်ကို သတိပြုမိကြရန် အရေးကြီးကြောင်း၊ သံသယရှိလျှင် ဝန်ဆောင်မှုရယူထားသည့် ဘဏ် သို့မဟုတ် ကုမ္ပဏီများထံသို့ တိုက်ရိုက်ဖုန်းခေါ်ဆို၍ မေးမြန်းသင့်ကြောင်း အော်ပရေတာများက အကြံပြုထားသည်။



ကံစမ်းမဲပေါက်သည်ဟု အကြောင်းကြားသည့် လိမ်လည်မှုမျိုးတွင် ဖုန်းအသုံးပြုသူထံသို့ ဖုန်းခေါ်ဆို၍ နည်းပညာပိုင်းဆိုင်ရာ ပြဿနာများရှိသဖြင့် အကောင့်ကို စစ်ဆေးရန် သို့မဟုတ် ကံစမ်းမဲပေါက်သဖြင့် ဆုကိုလွှဲပြောင်းပေးရန် စသည်ဖြင့် အကြောင်းပြကာ ငွေကြေးဆိုင်ရာ အကောင့်အချက်အလက်များကို တောင်းယူခြင်းဖြစ်ပြီး ထိုအချက်အလက်များကို ပေးလိုက်မိပါက လိမ်လည်သူများက အလိမ်ခံရမည့်သူ၏အကောင့်အတွင်းရှိ ငွေများကို လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း သိရသည်။

### အော်ပရေတာများ၏ အကြံပြုချက်များ

ဖုန်းသုံးစွဲသူများအနေဖြင့် ဖုန်းမှတစ်ဆင့် လိမ်လည်ခံရခြင်းများမဖြစ်အောင် ကူညီရန်အတွက် မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးအော်ပရေတာ လေးခုလုံး အတူတကွပူးပေါင်း၍ အောက်ပါအချက် ၁၁ ချက်ကို အကြံပြုမျှဝေထားသည်။

၁။ သင့်ဖုန်းစနစ်အတွင်းသို့ အန္တရာယ်ရှိနိုင်သည့်အရာများ ဝင်ရောက်စေနိုင်သောကြောင့် မယုံကြည်ရသော (သို့မဟုတ်) မိမိမသိသည့်အရင်းအမြစ်များမှ အက်ပလီကေးရှင်းနှင့် ဖိုင်များ ထည့်သွင်းခြင်းကို ခွင့်မပြုပါနှင့်။ ဝင်ရောက်လာသည့်အရာသည် သင့်ကိုယ်ရေးကိုယ်တာအချက်များကို ခိုးယူခြင်းဖြင့် လိမ်လည်သူများက သင်၏ မိုဘိုင်းဘဏ်စနစ်ကို ဝင်ရောက်ခြင်း (သို့မဟုတ်) အဆင့်မြင့်ဝန်ဆောင်မှုများရယူသည့် ဖုန်းခေါ်ဆိုခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၂။ သင်မသိသော ပြည်ပမှဖုန်းနံပါတ်နှင့် ဖုန်းခေါ်ဆိုခြင်း၊ အထူးသဖြင့် မျှော်လင့်မထားသော ပြည်ပမှ ဖုန်းခေါ်ဆိုခြင်းများကို ဖြေကြားခြင်းမပြုပါနှင့်။ ထိုကဲ့သို့ ဖုန်းခေါ်ဆိုမှုမျိုးကို လက်ခံရရှိပါက ချက်ချင်း ဖုန်းချပါ။

၃။ အခြားတစ်ဖက်မှ ပြန်လည်ဖြေကြားသူမရှိဘဲ ဖုန်းကိုင်ထားရန်သာ ပြောကြားသည့် ခေါ်ဆိုမှုများကို ချက်ချင်း ဖုန်းချပါ။

၄။ သင်၏ Password (သို့မဟုတ်) တစ်ခါသုံး Password (သို့မဟုတ်) PIN နံပါတ်များကို မိမိမသိသော ဖုန်းခေါ်ဆိုသူများအား မပေးပါနှင့်။ ဝန်ဆောင်မှုကုမ္ပဏီ အစစ်အမှန်များသည် မည်သည့်အခါမှ ထိုအချက်အလက်များကို တောင်းခံခြင်းမရှိပါ။ ဘဏ်အကောင့်/ချေးငွေကတ်/အမည်နှင့် လိပ်စာစသည့် ကိုယ်ရေးကိုယ်တာ အချက်အလက် အသေးစိတ်ကို မိမိမသိသော ဖုန်းခေါ်ဆိုသူများအား မပေးပါနှင့်။

၅။ အကယ်၍ သင့်အနေနှင့် သံသယရှိပါက သင့်ဝန်ဆောင်မှုကုမ္ပဏီ၏ တရားဝင်ရုံးလိပ်စာ သို့မဟုတ် သုံးစွဲသူဝန်ဆောင်မှုဌာနသို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းပါ။ အချက်အလက်အမှန်များကို ကုမ္ပဏီဝက်ဘ်ဆိုက်များတွင် တွေ့နိုင်သည်။

၆။ သင့်ဖုန်း သို့မဟုတ် tablet တွင် လျှို့ဝှက်စကားလုံး (Password) သို့မဟုတ် လျှို့ဝှက်ကုတ်နံပါတ်များ ထားရှိပြီး အသုံးမပြုသည့်အချိန်တိုင်းတွင် လော့ခ်ချထားပါ။

၇။ သင်၏ဖုန်း အခိုးခံရပါက သင်အသုံးပြုနေသည့် ဆက်သွယ်ရေးအော်ပရေတာကို ချက်ချင်း အသိပေးအကြောင်းကြားပါ။ အော်ပရေတာက သင်၏ ဆင်းကတ်ကို အချိန်မီ ပိတ်လိုက်နိုင်ပါလိမ့်မည်။

၈။ မူလက မည်သူအသုံးပြုထားမှန်းမသိရသော SIM ကတ်များကို အသုံးပြုခြင်းသည် မိုဘိုင်းဖုန်းအသုံးပြု၍ လိမ်လည်ခြင်းကဲ့သို့သော ရာဇဝတ်မှုအမျိုးမျိုးကို ကျူးလွန်ရန် လမ်းဖွင့်ပေးသကဲ့သို့ ဖြစ်လာစေနိုင်ပါသည်။

၉။ ဆင်းကတ်မှတ်ပုံတင်ခြင်း၏ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ခြင်းသည် မိုဘိုင်းသုံးစွဲသူအားလုံး၏ လုံခြုံရေးကို မြှင့်တင်ပေးနိုင်သည်။

၁၀။ သင်၏ဖုန်းကိုရောင်းချခြင်း (သို့မဟုတ်) အခြားသူထံပေးခြင်းများ ပြုလုပ်မည်ဆိုပါက သင်၏ အချက်အလက်များ အားလုံးကို factory reset ချ၍ ရှင်းလင်းပြီးမှသာ ပေးအပ်ရန် သတိထားပါ။

၁၁။ သင်ကိုင်ဆောင်သည့်ဖုန်းကတ်မှလွဲ၍ အခြားသောကတ်များကို သင့်မှတ်ပုံတင်အသုံးပြု၍ မှတ်ပုံတင်ခြင်းမပြုရန် သတိပြုပါ။ အကယ်၍ သင့်မှတ်ပုံတင်ဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်ကို အသုံးပြု၍ ရာဇဝတ်မှုများကျူးလွန်ပါက သင့်တွင်လည်း တာဝန်ရှိပါသည်။

### သုံးစွဲသူတိုင်းတွင်လည်း တာဝန်ရှိ

သုံးစွဲသူများအား မိုဘိုင်းဖုန်းအသုံးပြု၍ လိမ်လည်ခြင်းများမှ ကာကွယ်ရန်မှာ မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးအော်ပရေတာများ၏ အဓိကဦးစားပေးရမည့် ကိစ္စတစ်ရပ်လည်းဖြစ်သလို အသုံးပြုသူများအနေဖြင့်လည်း ထိုသို့ လိမ်လည်လှည့်ဖြားနေမှုများကို ခွဲခြားသိရှိနိုင်စေရန်နှင့် ကာကွယ်ရန်နည်းလမ်းများကို သိရှိနားလည်ထားရန်မှာလည်း အရေးကြီးကြောင်းနှင့် မိမိတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်များ လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရန် သုံးစွဲသူတိုင်းတွင်လည်း တာဝန်ရှိကြောင်း အော်ပရေတာများက သတင်းထုတ်ပြန်ထားသည်။

**သူရဖြိုး**

# VoLTE အင်တာနက်ကို Mytel ဆင်းကတ်သုံးစွဲသူအားလုံး စတင်အသုံးပြုနိုင်

**ရန်ကုန် အောက်တိုဘာ ၁၁**

ပိုမိုကောင်းမွန်သော အင်တာနက်စွမ်းဆောင်ရည်များကို ရရှိစေမည့် VoLTE အင်တာနက်ဝန်ဆောင်မှုများကို မြန်မာတစ်နိုင်ငံလုံးရှိ Mytel ဆင်းကတ်အသုံးပြုသူအားလုံး အောက်တိုဘာ ၁၀ ရက်မှစ၍ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း Mytel မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကွန်ရက်အသုံးပြုနေစဉ်အချိန်တိုင်းတွင် ကောင်းမွန်သော အသံနှင့် အင်တာနက်စွမ်းဆောင်မှုကို ပံ့ပိုးပေးနိုင်ရန်အတွက် နောက်ဆုံးပေါ်နည်းပညာဖြစ်သော VoLTE ဝန်ဆောင်မှုကို Mytel က မြန်မာနိုင်ငံတွင် ပထမဆုံး စတင်ဝန်ဆောင်မှုပေးခြင်းဖြစ်ပြီး အဆိုပါဝန်ဆောင်မှုကြောင့် သုံးစွဲသူများအနေဖြင့် အရည်အသွေးမြင့် ကြည်လင်ပြတ်သားသောအသံနှင့် ဒေတာအသုံးပြုမှု အတွေ့အကြုံကိုပါ တစ်ပြိုင်တည်း ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါ VoLTE ဝန်ဆောင်မှုများကို မြန်မာတစ်နိုင်ငံလုံးရှိ Mytel သုံးစွဲသူအားလုံးအနေဖြင့် VoLTE စနစ်ကိုထောက်ပံ့သော စမတ်ဖုန်းများဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။ VoLTE ဝန်ဆောင်မှုမှာ ကမ္ဘာ့နည်းပညာနယ်ပယ်တွင် လေ့လာစမ်းသပ်နေဆဲဖြစ်၍ မြန်မာနိုင်ငံဈေးကွက်တွင် VoLTE ကို ထောက်ပံ့ပေးသောစမတ်ဖုန်းအမျိုးအစားမှာ အနည်းငယ်သာရှိနေပြီး Samsung A8၊ S8 ၊ S8+၊ S9၊ S9+၊ Note 8၊ J4+ နှင့် J6+ ဖုန်းများမှာ VoLTE ကို ထောက်ပံ့သောဖုန်းများ ဖြစ်သည်။ VoLTE ဝန်ဆောင်မှုများကို VoLTE အသုံးပြုနိုင်သော မိုဘိုင်းဖုန်းအချင်းချင်း ဆက်သွယ်ခြင်းဖြင့်သာလျှင် အပြည့်အဝ ရရှိနိုင်မည်လည်းဖြစ်သည်။

“Mytel က မြန်မာနိုင်ငံဆက်သွယ်ရေးဈေးကွက်ရဲ့ ပထမဦးဆုံးအနေနဲ့ မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သုံးစွဲသူတွေအတွက် VoLTE ဝန်ဆောင်မှုရရှိအောင်လုပ်ဆောင်ပေးနိုင်တဲ့ ဆက်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်တဲ့အတွက် ဂုဏ်ယူမိပါတယ်။ VoLTE က အကောင်းဆုံးအသံဝန်ဆောင်မှုဆိုတာထက် ပိုပါတယ်။ Mytel ကွန်ရက်ကိုအသုံးပြုခြင်းက ကွန်ရက် spectrum ကို အထိရောက်ဆုံး ထိန်းသိမ်းပေးနိုင်ပြီးတော့ စွမ်းဆောင်ရည်နဲ့ ဝန်ဆောင်မှုအရည်အသွေးကို တိုးမြှင့်ပြီးတော့ သုံးစွဲသူတွေကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်စွမ်း ရှိပါတယ်”ဟု Mytel ၏ ပြင်ပဆက်ဆံရေးအမှုဆောင်အရာရှိချုပ် ဦးဇော်မင်းဦးက ပြောသည်။

VoLTE ဖြင့် ဖုန်းခေါ်ဆိုရာတွင် သာမန်ဖုန်းခေါ်ဆိုခြင်းထက် သိသာပြတ်သားသော အသံအရည်အသွေးကို ရရှိနိုင်မည်ဖြစ်သလို 2G ကွန်ရက်မှတစ်ဆင့် ဖုန်းခေါ်ဆိုခြင်းထက်လည်း ပိုမိုမြန်ဆန်စွာ ချိတ်ဆက်နိုင်မည်ဖြစ်ပြီး အခြားသော အားသာချက်တစ်ခုမှာ VoLTE စနစ်က မိုဘိုင်းဖုန်းများ၏ ဘက်ထရီသက်တမ်းကို ပိုမိုကြာရှည်ခံနိုင်စေခြင်းဖြစ်သည်။ VoLTE ဝန်ဆောင်မှုသုံးစွဲနိုင်သော မိုဘိုင်းလ်ဖုန်းများသည် ဖုန်းခေါ်ဆိုရာတွင် circuit-switched အနေအထားမှ LTE ကွန်ရက်ကို အစဉ်မပြတ်ပြောင်းလဲရန် မလိုအပ်သောကြောင့် ဖုန်းဘက်ထရီသက်တမ်းကို ထိန်းသိမ်းထားနိုင်ခြင်းလည်း ဖြစ်သည်။ ထို့အပြင် အွန်လိုင်းဂိမ်းများကစားစဉ်၊ ဖိုင်များကိုဒေါင်းလုပ်ဆွဲနေစဉ် ဖုန်းဝင်လာခြင်းကြောင့် အင်တာနက်ပြတ်တောက်သွားမှုကိုလည်း မဖြစ်စေဘဲ အင်တာနက်ကို အဆက်မပြတ် ရရှိနေစေမည်ဖြစ်သည်။

Mytel က အသုံးပြုသူတိုင်းထံသို့ VoLTE ဝန်ဆောင်မှုပေးခြင်းမှာ မြန်မာနိုင်ငံတွင် ပထမဆုံးဝန်ဆောင်မှုပေးခြင်းလည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် VoLTE နည်းပညာဖြင့် ဖုန်းခေါ်ဆိုမှုနှင့် အင်တာနက်အသုံးပြုမှုများ စမ်းသပ်သရုပ်ပြခြင်းကိုမူ အူရီဒူးက စက်တင်ဘာလဆန်းပိုင်းက ရန်ကုန်မြို့၌ စတင်ပြုလုပ်ခဲ့သည်။

**ကျော်ဇင်ဦး**

# MPT ၏ Go Games အက်ပလီကေးရှင်းမှတစ်ဆင့် ဂိမ်းအမျိုးအစားများစွာကို ရယူနိုင်မည်

**ရန်ကုန် အောက်တိုဘာ ၁၁**

ဆက်သွယ်ရေးအော်ပရေတာ MPT ၏ ဆင်းကတ်များကို သုံးစွဲသူများအနေဖြင့် MPT ၏ ဝန်ဆောင်မှုအသစ်တစ်ခုဖြစ်သည့် Go Games ဝန်ဆောင်မှုမှတစ်ဆင့် အန်းဒရွိုက်ဖုန်းများအတွက် ဂိမ်းအမျိုးအစားပေါင်း ၄၀၀ ကျော်ကို တစ်နေ့လျှင် ၂၀၀ ကျပ်နှုန်းဖြင့် ရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂိမ်းများရယူနိုင်မည့်ဝန်ဆောင်မှုကို အန်းဒရွိုက်ဖုန်းများအတွက် ရယူအသုံးပြုနိုင်မည်ဖြစ်ပြီး ဂိမ်းအမျိုးအစားများအနေဖြင့် တိုက်ခိုက်ရေးဂိမ်းများ၊ ဉာဏ်စမ်းပဟေဠိ အဖြေရှာရသောဂိမ်းများ၊ ကားမောင်းပြိုင်ပွဲဂိမ်းများ၊ ဗျူဟာကျကျဖြေရှင်းရသည့်ဂိမ်းများ၊ အပျော်တမ်းဂိမ်းများနှင့် အားကစားဂိမ်း အစရှိသည်တို့ ပါဝင်မည်ဖြစ်ကြောင်း၊ Go Games ဝန်ဆောင်မှုကို ရယူလိုသူများအနေဖြင့် MPT ဆင်းကတ်ကို အသုံးပြု၍ MPT ၏ ဝက်ဘ်ဆိုက်ဖြစ်သည့် လိုတရ Portal တွင် Go Games အက်ပလီကေးရှင်းကို ဒေါင်းလုပ်ရယူနိုင်မည်ဖြစ်သည်။

ဝန်ဆောင်မှုကို စာရင်းသွင်းရယူပြီးသည်နှင့် တစ်ပတ်တာ အခမဲ့အသုံးပြုခွင့် ရရှိမည်ဖြစ်ပြီး ဂိမ်းအမျိုးမျိုးကို ခုနစ်ရက်အတွင်း ကုန်ကျမှုမရှိဘဲ စမ်းသပ်ဆော့ကစားနိုင်မည်ဖြစ်သည်။ အခမဲ့ပေးအပ်ချိန် ကုန်ဆုံးသည့်နောက်တွင် သုံးစွဲသူများ၏ ဖုန်းဘေလ်မှ တစ်ရက်လျှင် ၂၀၀ ကျပ်နှုန်းဖြင့် ဝန်ဆောင်ခကောက်ခံသွားမည်ဟု သိရသည်။ Go Games (Goama)သည် အာရှနိုင်ငံများအတွင်းမှ ဂိမ်းကစားသူအများဆုံးတစုတစည်းတည်း ရှိနေသည့် ဂိမ်းဝန်ဆောင်မှုတစ်ခုဖြစ်ပြီး မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မလေးရှား၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ကမ္ဘောဒီးယား အစရှိသည့် အာရှနိုင်ငံခုနစ်နိုင်ငံတွင် Go Games အက်ပလီကေးရှင်းကို ရယူဆော့ကစားနိုင်သလို လာမည့်နှစ်အတွင်း ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် ဝန်ဆောင်မှုဖြန့်ကြက်နိုင်ရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# ယခုနှစ်အတွင်း အမြန်ဆုံးကွန်ရက်အဖြစ် အူရီဒူးကို Ookla က ရွေးချယ်သတ်မှတ်

**ရန်ကုန် အောက်တိုဘာ ၁၁**

အင်တာနက်မြန်နှုန်း စစ်ဆေးမှုဆိုင်ရာ ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့် Ookla က မြန်မာနိုင်ငံတွင် အင်တာနက်အမြန်နှုန်း စမ်းသပ်ချက်ရလဒ်များအရ အူရီဒူး၏ မိုဘိုင်းကွန်ရက်ကို ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် အမြန်ဆန်ဆုံးမိုဘိုင်းကွန်ရက်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။ Ookla အနေဖြင့် မြန်မာနိုင်ငံတွင် အင်တာနက်အမြန်နှုန်း စမ်းသပ်ချက်များကို တစ်နှစ်အတွင်း သုံးလတစ်ကြိမ်ပြုလုပ်ရာ ပထမသုံးလပတ်၊ ဒုတိယသုံးလပတ်နှင့် ဇူလိုင်မှ စက်တင်ဘာအထိ တတိယသုံးလပတ် သုံးကြိမ်စလုံးတွင် အူရီဒူးမြန်မာ၏ မိုဘိုင်းကွန်ရက်က အမြန်နှုန်း၊ ကြာမြင့်ချိန်၊ လိုင်းတည်ငြိမ်မှုနှင့် ကွန်ရက်လွှမ်းခြုံမှုတို့တွင် ကောင်းမွန်သဖြင့် ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် အမြန်ဆန်ဆုံးမိုဘိုင်းကွန်ရက်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အူရီဒူးသည် ၂၀၁၆ ခုနှစ် မေလက မြန်မာနိုင်ငံ၌ 4G Plus အင်တာနက်ဝန်ဆောင်မှုကို ပထမဆုံး စတင်မိတ်ဆက်ခဲ့ပြီးနောက် ယခု ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်အထိ မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၂၈၅ မြို့နယ်တွင် 4G Plus ကွန်ရက်ကို လွှမ်းခြုံထားပြီးဖြစ်ကာ အောက်တိုဘာကုန်တွင် မြို့နယ်ပေါင်း ၃၀၀ အထိ 4G Plus ကွန်ရက် လွှမ်းခြုံနိုင်ရန် စီစဉ်ထားကြောင်း၊ ၂၀၁၈ ခုနှစ် နှစ်ကုန်တွင် နိုင်ငံတွင်းရှိ မြို့နယ်များ၏ ၉၁ ရာခိုင်နှုန်းနှင့် နိုင်ငံလူဦးရေ၏ ၉၂ ရာခိုင်နှုန်းအထိကို 4G Plus ကွန်ရက်လွှမ်းခြုံနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**သူရဖြိုး**

WE INVITE TO VISIT

Main Sponsor — APACHE

Gold Sponsor — LIVE LIFE

# TGI C & D EXPO 2018

OCT 13 - 14

Platinum Sponsor — MIT, PEB STEEL, KBZ

Silver Sponsor — Mottama Trading Co., Ltd., THIHA Development

Lanyard Sponsor — PEB STEEL

Date: Oct 13 - 14 (Saturday - Sunday)

Time: 9:00 Am to 9:00 Pm

Place: City Square Shopping Centre, Taunggyi, Shan State, Myanmar.

Organized by: MMC


MIT Myanmar Information Technology

Myanmar Media Consulting မှ ကြီးမှူးကျင်းပသော Taunggyi Construction and Decoration Expo 2018 ကို အောက်တိုဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် တောင်ကြီးမြို့၊ ဗိုလ်ချုပ်ဆောင်ဆန်းလမ်းမရှိ City Square Shopping Center တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ထိုပွဲတွင် Myanmar Information Technology(MIT) မှ Platinum Sponsor အဖြစ်ပါဝင်ကာ နည်းပညာဆော့ဝဲလ်နှင့်ပတ်သက်သည်များကို စည်ကားသိုက်မြိုက်စွာ ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်သောကြောင့် စိတ်ပါဝင်စားသူများအနေဖြင့် လာရောက်ကြည့်ရှုလေ့လာနိုင်ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၃/၁၄ အောက်တိုဘာ၊ ၂၀၁၈
**အချိန်** - နံနက် ၉ နာရီမှ ည ၇း၃၀ နာရီအထိ
**နေရာ** - City Square Shopping Center၊ တောင်ကြီးမြို့
**ဆက်သွယ်ရန်** - ၀၉-၇၉၇၀၀၁၀၄၁၊ ၀၉-၇၉၇၀၀၁၀၅၀

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနခွဲ၊ အဖွဲ့အစည်းများတွင် အသုံးပြုရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | ပစ္စည်းအရေအတွက် |
|---|---|---|
| (က) | ကွန်ပျူတာ၊ ပရင်တာနှင့်ဆက်စပ်ပစ္စည်းများ | ၁၅၃၅ ခု |
| (ခ) | မီးစက်နှင့်ဆက်စပ်ပစ္စည်းများ | ၂၀၈ ခု |
| (ဂ) | Video Camera နှင့် ဆက်စပ်ပစ္စည်းများ | ၁၉၆ ခု |
| (ဃ) | လေအေးစက်နှင့် ဆက်စပ်ပစ္စည်းများ | ၃၁၀ ခု |
| (င) | ဘဏ်လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများ | ၁၆၁ ခု |
| (စ) | လုပ်ငန်းသုံးအခြားပစ္စည်းများ | ၁၉၅ ခု |
| (ဆ) | ရုံးသုံးစက်ကိရိယာများ | ၃၀၅၆ ခု |
| (ဇ) | ရုံးသုံးပရိဘောဂများ | ၇၈၈၉ ခု |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၁၁-၂၀၁၈ ရက်၊ မွန်းတည့် ၁၂ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ တင်ဒါကော်မတီ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၂၆)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၁၉၁**

## အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်

၁။ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ်(၁၄၉)၊ ခရေအိမ်ရာတွင် နေထိုင်သော ဦးပြည်ဟိန်း၏သား မောင်စွမ်းထက် (Grade-8) Wisdom Hill Private High School ဇမ္ဗူသီရိမြို့နယ်တွင် တက်ရောက်နေသူအား မောင်စွမ်းထက်ဟိန်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၉-၂၀၀၄ ဖြစ်ပါကြောင်း။

၂။ အလားတူ အထက်ပါလိပ်စာ/ကျောင်းတွင် နေထိုင်/တက်ရောက်နေသော ဦးပြည်ဟိန်း၏သား မောင်စွမ်းပြည့် (Grade-3)အား မောင်စွမ်းပြည့်ဟိန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

## သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ မိချောင်းရဲ၊ ဆင်ဆုရပ်ကွက်နေ ဒေါ်သူသူအိဟန် ၇/ပမန(နိုင်)၂၀၉၀၃၈၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူသည် ဖေ့စ်ဘုတ်စာမျက်နှာပေါ်၌ Thu Thu Ei Han အကောင့်ဖြင့် အွန်လိုင်းလေလံစုကြေး စုခြင်း၊ စုကြေးမဲ ရောင်းဝယ်လုပ်ကိုင်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ၎င်းထံမှ ယုံကြည်အောင်ပြောဆို၍ ငွေများကို လိမ်လည်ရယူသွားသောသူများထံမှ ငွေအချို့ကို ပြန်လည်တောင်းခံရမည်ဖြစ်သောကြောင့် ငွေကြေးအခက်အခဲများ ကြုံတွေ့နေရသည်ကို ဒေါ်သူသူအိဟန်၏ ပြောကြားချက်အရ သိရှိရပါသည်။ သို့ပါသောကြောင့် ၎င်းအနေဖြင့် တတ်နိုင်သမျှငွေကြေးများ ရှာဖွေခြင်း၊ အသိအကျွမ်းမိတ်ဆွေများထံမှငွေကြေးအကူအညီတောင်းခံခြင်းများ ဆောင်ရွက်နေပါသဖြင့် အချိန်ကာလအတိုင်းအတာ တစ်ခုသတ်မှတ်ရန် လိုအပ်နေသည်ကို ထပ်မံသိရှိရပါသည်။

ထို့ကြောင့် ဒေါ်သူသူအိဟန်အနေဖြင့် ပေးရန်ရှိသူများကို(၂၀-၁၂-၂၀၁၉) ရက်မှစတင်၍ ပြန်လည်ပေးဆပ်သွားမည်ဖြစ်ပါကြောင်းနှင့် ၎င်းမှငွေရရှိသူများထံ၌ အချိန်တိုကာလအတွင်း ဥပဒေနှင့်အညီ ငွေကြေးများတောင်းယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ငွေကြေးများတောင်းခံနေစဉ်အတွင်း ၎င်းထံ ငွေရရန်ရှိသူများမှ ခေတ္တစောင့်ဆိုင်းပေးခြင်းမရှိဘဲ ဒေါ်သူသူအိဟန်၏ နေအိမ်အတွင်း ၎င်း၏ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊ ယုံကြည်အပ်နှံခြင်းဖြစ်ကြောင်း အတင်းအကျပ်ဟန်ဆောင် စာချုပ်ချုပ်ဆိုခိုင်းခြင်း၊ အကြောက်အလန့်ဖြစ်စေရန် ခြိမ်းခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ အွန်လိုင်းစာမျက်နှာပေါ်၌ မိသားစုဓာတ်ပုံနှင့်တကွ ပို့စ်တင်ခြင်း၊ မိဘဆွေမျိုးများအား စိတ်အနှောင့်အယှက်ဖြစ်စေရန်ရည်ရွယ်၍ ပြုလုပ်ဆောင်ရွက်ခြင်း၊ ပုတ်ခတ်စော်ကားခြင်းများ ပြုလုပ်လာပါက တည်ဆဲဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သူသူအိဟန်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစန်းလွင်ဦး (အထက်တန်းရှေ့နေ)**
**(စဉ်-၄၈၆၀၅) ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၇၉၉၂၀၂၁၅၆**

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၁၁) ပဉ္စမတန်း(ခ)မှ စိုင်းဆိုင်ဟန်၏ ဖခင်အမည်မှန်မှာ ပီဖူး ၁၃/ကဟန(နိုင်)၀၃၃၇၂၂ ဖြစ်ပါကြောင်း။ **ပီဖူး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/4258 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## OMNI FOCUS GENERAL SERVICES PUBLIC CO.,LTD မှ
## ယာဉ်မောင်းသင်တန်းသားများ အလိုရှိသည်။

OMNI FOUCS

**'သင်တန်းတက်ရောက်ရန် လိုအပ်သော အရည်အချင်းများ'**

၁။ နိုင်ငံသားမှတ်ပုံတင် ကိုင်ဆောင်ထားသူ ဖြစ်ရပါမည်။
၂။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်ထုတ်ပေးထားသည့် (ခ)ယာဉ်မောင်းလိုင်စင် သက်တမ်း(၃)နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။
၃။ ပြစ်မှုကင်းရှင်းသူ ဖြစ်ရပါမည်။
၄။ ခြေလက်အင်္ဂါပြည့်စုံကျန်းမာသန်စွမ်းသူဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်ကြောင်းနှင့် အရက်သေစာသောက်စားခြင်း မရှိကြောင်း၊ အမြင်အာရုံ ကောင်းမွန်သူဖြစ်ကြောင်း စစ်ဆေးခံနိုင်သူဖြစ်ရမည်။
၅။ အခြေခံယာဉ်မောင်းနိုင်မှုအား သင်တန်းမှ စစ်ဆေးရွေးချယ်ပါမည်။ ကျေနပ်ဖွယ်ရာမရှိပါက သင်တန်းတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။
၆။ သင်တန်းတက်ရောက်ချိန်တွင် အသက်(၂၀)ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
၇။ ပညာအရည်အချင်း အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းတက်ရောက်ဖူးသူဖြစ်ရမည်။
၈။ မြန်မာစာကို ကောင်းစွာ ရေးတတ်၊ ဖတ်တတ်သူဖြစ်ပြီး အင်္ဂလိပ်စာကို အခြေခံသိရှိနားလည်သူဖြစ်ရမည်။
၉။ ကုမ္ပဏီမှ တက်ရောက်ခွင့်ပြုမည့်သင်တန်းကို သင်တန်းကာလ(၁)လတာ တက်ရောက်နိုင်သူဖြစ်ရမည်ဖြစ်ပြီး ကုမ္ပဏီတွင် အနည်းဆုံး(၃)နှစ်တာဝန်ထမ်းဆောင်ရန် သဘောတူညီနိုင်သူဖြစ်ရမည်။
၁၀။ စာတွေ့လက်တွေ့၊ အရည်အချင်းစစ် စာမေးပွဲများကို ကုမ္ပဏီမှ စစ်ဆေးပြီးမှသာလျှင် သင်တန်းသားအဖြစ် လက်ခံမည်ဖြစ်သည်။

**ဆက်သွယ်ရန် လိပ်စာ**

ကုန်တင်ယာဉ် ရပ်နားစခန်း (ဒဂုံဈေးအဝေးပြေးကွင်းအနီး) လှိုင်သာယာမြို့နယ်သို့ လာရောက်လျှောက်ထားနိုင်ပါသည်။
ဖုန်း-၀၉-၄၅၀၀၅၉၆၉၂၊ ၀၉-၄၀၁၇၅၆၆၃၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၄၂၀)၊ ဧရိယာ(၀ဒသမ ၁၂၀)ဧကအား ဒေါ်ယဉ်ယဉ်ဆွေ (ဘ)ဦးဇော်မင်း ၉/မသန(နိုင်)၀၂၇၈၁၅မှ မှတ်ပုံတင်ကျမ်းကျိန်လွှာ အမှတ်(၁၇၂/၂၀၁၈)၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် FMI-၇၊ မြေကွက်အမှတ် ၁၀၀၊ ဧရိယာ ၀ဒသမ ၁၅၁ဧက၊ မြေကွက်တည်နေရာအမှတ်(၈၆-A) စိမ်းလဲ့ကန်သာလမ်း၊ (၄)ရပ်ကွက်၊ FMI City ၊ လှိုင်သာယာမြို့နယ် ဦးဇော်မင်းထွန်း ၆/မအရ(နိုင်)၀၀၀၉၃၅ အမည်ပေါက်နှစ် (၆၀)ဂရန်မြေအား ဦးဇော်မင်းထွန်းမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၉၆၁/၁၈(၂-၇-၁၈)ဖြင့် ကိုယ်စားလှယ်လွှဲစာရသူ ဒေါ်သန်းမြင့် ၁၃/လရန(နိုင်)၀၆၅၀၈၀ မှ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ နှစ်(၆၀)ဂရန်မူရင်းနှင့်အတူ ၂၀၁၅ ခုနှစ်တွင် အမည်ပေါက် ဦးဇော်မင်းထွန်းမှ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားခဲ့ပြီး ၎င်းမြေပုံမှာ မည်သည့်ဘဏ်တွင်မှ ချေးငွေရယူခဲ့ခြင်းမရှိဘဲ သိမ်းဆည်းလွန်၍ ပျောက်ဆုံးသွားကြောင်း တရားရုံးကျမ်းကျိန်လွှာနှင့် ၁၂-၉-၂၀၁၈ ရက်စွဲပါ ရှင်းလင်းတင်ပြစာတို့အား တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်မှ မြေဧရိယာ(၀ဒသမ ၀၈၂)ဧကရှိ မြေကွက်အမှတ်(ပ-၅၄၅) ဦးကျော်လင်း ၃/ဘအန(နိုင်)၀၂၅၅၈၂ (ဘ)ဦးအောင်ဝင်းနှင့် ဦးတင်မြင့် ၁၀/သထန(နိုင်)၀၀၈၈၃၇ (ဘ) ဦးစီလောင်အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ကျော့ကျော့ခိုင် ၁၁/စတန(နိုင်)၀၇၂၂၇၀ (ဘ) ဦးအောင်ဒိုးမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်အဆက်ဆက် မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ (လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်း တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ အမှတ် ၅၆၊ Basement(ကားပါကင်)၊ သုံးခန်းတွဲ(81/2)၊ တိုက်(၅)လွှာ၊ အခန်းအမှတ်(5C)၊ အကျယ်အဝန်း(941)စတုရန်းပေရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ခင်အုန်းကြွယ် ၁၂/သဃက(နိုင်)၀၇၅၃၄၁+၃ဦးမှ တရားဝင်ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ဒေါ်မေဆုမွန် ၉/ခမစ(နိုင်)၀၁၄၂၅၉ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်အရ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေဆုမွန်**
**အမှတ် ၁၀၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ဖုန်း-၀၉-၄၃၀၇၉၄၁၁**

## စစ်ကိုင်းတိုင်းဒေသကြီး
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့တွင် ရုံးအဆောက်အအုံပေ(၆၀×၄၀) RC နှစ်ထပ်တစ်လုံး၊ ဝန်ထမ်းအိမ်ရာအဆာက်အအုံ (၁၀၂×၂၅)ပေ လေးခန်းတွဲ သုံးထပ်တစ်လုံး (Lot-1)၊ ကလေးခရိုင်၊ ကလေးမြို့တွင် ရုံးအဆောက်အအုံ ပေ(၆၀×၄၀) RC နှစ်ထပ်တစ်လုံး(Lot-2)နှင့် ကသာခရိုင်၊ ကသာမြို့တွင် ရုံးအဆောက်အအုံ ပေ(၆၀×၄၀) RC နှစ်ထပ်တစ်လုံး (Lot-3)ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ပြည်တွင်းလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၁၀-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၄-၁၁-၂၀၁၈ ရက်

၃။ တည်ဆောက်ရေးလုပ်ငန်းများအတွက် (Lot)တစ်ခုချင်းစီအလိုက် အိတ်ဖွင့်တင်ဒါပုံစံ တစ်စောင်လျှင် ငွေကျပ်(၁၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**
**ဖုန်း-၀၇၁-၂၆၅၀၅၊ ၀၉-၄၀၁၅၅၆၉၀၁၊ ၀၉-၇၇၂၂၇၀၆၈၆**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ မြေဝတီရပ်ကွက်၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ပဉ္စမတန်းမှ မောင်သုခရွှေအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင် ၅/စကန(နိုင်)၁၉၄၁၆၃ ဖြစ်ပါကြောင်း။ **ဦးအောင်အောင်**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ခပေါင်းကုန်းရွာ အထက(ခွဲ) အဋ္ဌမတန်းမှ မသီတာအေးနှင့် ပဉ္စမတန်းမှ မသကြၤန်မိုးတို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်ပို ၉/ကပတ(နိုင်)၁၅၄၂၂၆ ဖြစ်ပါကြောင်း။ **ဦးမောင်ပို**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/ရွှေကြာပင်)၊ ဦးဝင်းမောင် အမည်ပေါက်မြေကွက် အမှတ်(၆၆၁)၊ဧရိယာ ၀ဒသမ ၀၈၂ဧကရှိ ပါမစ်မြေအား ဒေါ်ခင်ကျော့ကျော့စံ (ဘ)ဦးစိန် ၁၂/မဂတ(နိုင်)၀၀၅၃၁၁ မှ မြေပေးမိန့်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ ဒက္ခိဏခရိုင်တရားရုံး၏ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၄၁၉)၊ ဧရိယာ ၀ဒသမ ၁၂၁ဧကအား ဒေါ်ခင်မျိုးမင်း (ဘ)ဦးဇော်မင်း ၉/ပမန(နိုင်)၁၃၀၁၅၈ မှ မှတ်ပုံတင်ကျမ်းကျိန်အမှတ်(၁၇၀/၂၀၁၈)၊ ဘေးပတ်ဝန်းကျင်(၃)ဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၊ မျိုးရာဇာကိုယ်ပိုင်အထက်ဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မသက်မွန်မွန်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ကျော် ၈/ကမန(နိုင်)၀၄၈၂၃၆ ဖြစ်ပါကြောင်း။ **ဦးမြင့်ကျော်**

## မိခင်အမည်မှန်

ဆောမြို့နယ်၊ ဇေယျာရပ်ကွက်နေ ဦးမြအေး၏ဇနီး မောင်အောင်ဆန်းထွန်း၊ မောင်အောင်စိုးမိုး၊ မမြတနာဝင်းနှင့် မောင်မင်းအောင်ထွေးတို့၏ မိခင်အမည်မှန်မှာ ဒေါ်နှိမ်းနိုင် ၄/ကပလ(နိုင်) ၀၁၁၀၃၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ ရွှေနံ့သာရပ်ကွက်ရှိ မြေကွက်အမှတ်(ဉ-၈၁၀)၊ ဦးထွန်းထွန်းဝင်း ၉/ပမန(နိုင်)၂၂၃၅၇၃ အဘအမည် ဦးပြောင်း အမည်ပေါက် ပါမစ်မြေကွက်ကို ဦးထွန်းထွန်းဝင်း ၉/ပမန(နိုင်)၂၂၃၅၇၃ အဘအမည် ဦးပြောင်းမှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင် ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ အနားလေးရပ်ထောက်ခံချက်မူရင်းများတင်ပြပြီး မြေပေးမိန့် မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အကွက်အမှတ်(၉ဒီ)၊ ဆံတော်အနောက်ကွက်၊ ဦးပိုင်အမှတ်(၂၇၂)မှ မြေဧရိယာ ၀ဒသမ ၀၄၈ဧကရှိမြေသည် မူလတွင် ဒေါ်သောင်းအမည်ဖြင့် မြေငှားဂရန်ရရှိထားရာမှ ယခုအခါ ဦးခင်ထွန်းဦး အမည်ဖြင့် မြေငှားဂရန်ရရှိရေး လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများ ရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့၊ နဝင်းရပ်ကွက်၊ အကွက်အမှတ်(၄) နဝင်း၊ ဦးပိုင်အမှတ်(၈၉၇)မှ မြေဧရိယာ ၀ဒသမ ၀၇၃ဧကရှိမြေသည် မူလတွင် ဦးစိန်မောင် အမည်ဖြင့် မြေငှားဂရန်ရရှိထားရာမှ ယခုအခါ ဦးမင်းဆွေ၊ ဒေါ်တိုးကြည်အမည်တို့ဖြင့် မြေငှားဂရန်ရရှိရေး လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ပြည်မြို့**

## ဝယ်ချင်တိုင်းဝယ်မရနိုင်သည့် တန်ဖိုးကြီး နေရာကောင်းမြေကွက်ကျယ်ကြီးရောင်းမည်

စီးပွားရေးလုပ်ငန်းကြီးများလုပ်ကိုင်ရန် နေရာကောင်း မျက်နှာစာအကျယ်ပေ (၅၀၀) ခန့်၊ ဝယ်ချင်တိုင်းဝယ်မရနိုင်သည့် အကျယ်အဝန်း၊ ပိုင်ဆိုင်မှုခိုင်မာသည့် ဂရန်မြေ၊ နေပြည်တော်မြို့မဈေးအနီး (ပျဉ်းမနား၊ တောင်ညို) ကားလမ်းမကြီးဘေး မေးတင်၊ စိုက်ပျိုးမြေမဟုတ် လက်ရှိအရောင်းစင်တာပြုလုပ်ထားသည့် တန်ဖိုးကြီးမြေကွက်ကြီး၊ ပတ်ကားခြံခတ်ပြီး(11 KVA)သွယ်တန်းပြီး တန်ဖိုးကြီးမြေကွက်ကြီးအား ထိုက်တန်စွာ ရင်းနှီးမြှုပ်နှံလိုသူများအတွက် ရောင်းမည်။

ဖုန်း-၀၉-၂၀၃၉၅၆၆၊ ၄၄၈၅၄၈၇၇၈၊ ၈၃၀၀၄၄၂






# ဦးရဲဝေ (မြန်မာစာ)

- **ဒသမတန်းသင်ရိုးသစ် မြန်မာစာ သင်ရိုးကုန်လေ့လာချက်**
  ဦးရဲဝေ(မြန်မာစာ)၏ ဒသမတန်းသင်ရိုးသစ် မြန်မာစာ သင်ရိုးကုန်လေ့လာချက်စာအုပ်တွင် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် မြန်မာစာမေးခွန်းပုံစံသစ်နှင့်အညီ အောင်ပွဲဝင်မေးခွန်းနှင့် အဖြေများကို ပြည့်စုံစွာ လမ်းညွှန် ဖြေဆိုပေးထားပါသည်။
- **နဝမတန်းသင်ရိုးသစ် မြန်မာစာ သင်ရိုးကုန်လေ့လာချက်**
  မြန်မာတစ်နိုင်ငံလုံးက နဝမတန်း ကျောင်းသားကျောင်းသူများအတွက် နဝမတန်းသင်ရိုးနှင့်အညီ ရေးသားပြုစုထားပါသည်။
- **အဋ္ဌမတန်းသင်ရိုးသစ် မြန်မာစာ သင်ရိုးကုန်လေ့လာချက်**
  မြန်မာတစ်နိုင်ငံလုံးက အဋ္ဌမတန်း ကျောင်းသားကျောင်းသူများအတွက် အဋ္ဌမတန်းသင်ရိုးနှင့်အညီ ရေးသားပြုစုထားပါသည်။ (စာစီစာကုံးပုဒ်ရေ ၄၅ ပုဒ် ရေးသားဖော်ပြပေးထားသည်။)

**စံပယ်ပွင့်စာပေ**


## အမှတ်(၁)၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်(ရန်ကုန်)
## (UTC-1980-1981)
## ကျောင်းသားဟောင်းများ နှစ်ပတ်လည်တွေ့ဆုံပွဲ

တို့တစ်တွေ အခြေခံ/တန်းမြင့်စစ်ပညာသင်တန်းကို တက်ရောက်သင်ကြားခဲ့ကြတဲ့ (UTC-1980-1981) ကျောင်းသားဟောင်းများ နှစ်ပတ်လည်တွေ့ဆုံပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ယခင်နှစ်အစဉ်အလာအတိုင်း လူစုံတက်စုံမပျက်မကွက် ဆက်ဆက်လာရောက်ကြပါလား သူငယ်ချင်းတို့။

ကျင်းပမည့်ရက် - ၁-၁၂-၂၀၁၈ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - ညနေ ၁၇း၀၀ နာရီ
ကျင်းပမည့်နေရာ - စိမ်းလန်းစိုပြေမြက်ခင်းပြင် (အင်းလျားကန်ဘေး)

ဆွေငြိမ်း(သချ်ာ) ဖုန်း-၀၉-၅၁၉၄၂၉၄
ရဲထွန်း(ခ)နတ်ရှင်နောင်တင့် ဖုန်း-၀၉-၄၂၂၁၃၁၇၃၀
လူအေးဘ(သတ္တဗေဒ) ဖုန်း-၀၉-၅၁၅၆၆၀၈
မြင့်သန်း(စက်မှုတက္ကသိုလ်) ဖုန်း-၀၉-၄၅၀၀၅၄၇၆၀
ဇော်မင်းသိန်း(နေပြည်တော်) ဖုန်း-၀၉-၄၄၈၅၃၄၇၆၉
ဘုန်းမြင့်(သချ်ာ) ဖုန်း-၀၉-၄၄၃၂၃၇၉၄၈
ကျော်ဆန်း(ရူပဗေဒ) ဖုန်း-၀၉-၄၄၃၂၃၇၉၄၈
သန်းထိုက်(ဓာတုဗေဒ) ဖုန်း-၀၉-၄၂၁၀၂၀၇၄၁
သန်းဦး(မန္တလေး) ဖုန်း-၀၉-၅၂၆၀၄၆၄

## "ချိုချို ကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင် ဒေါ်လှလှရီ(ခ)ဒေါ်ရီရီဌေးနှင့် ဦးမြင့်လွင်တို့အား ချိုချိုကုမ္ပဏီနှင့် အမြန်ဆုံး ဆက်သွယ်ပါရန်အကြောင်းကြားသိစေခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြန်မာအိုင်စီတီပါတ် အဆောင်(၃)၊ အခန်း(၆)ရှိ ချိုချိုကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များဖြစ်သော ဒေါ်လှလှရီ(ခ) ဒေါ်ရီရီဌေး ၉/မရမ(နိုင်)၀၆၇၄၅၂ ယခင်နေရပ်လိပ်စာ အမှတ် (၁၀၃)၊ ၇၅×၇၆ကြား ၂၆(ဘီ)လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နှင့် ဦးမြင့်လွင် (ABN ၆၅၄၀၁၅) ယခင်နေရပ်လိပ်စာ အမှတ် (၂၉၈)၊ ၂၉လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တို့အား အထက်ပါလိပ်စာများသို့ ဆက်သွယ်သော်လည်း အဆက်အသွယ်မရဖြစ်နေပါသည်။

ယခုအခါ ချိုချို ကုမ္ပဏီလီမိတက်ကို ပြန်လည်၍ Online Registration မှတ်ပုံတင်ပြုလုပ်ရာ၌ အစုရှယ်ယာရှင်များ၏ မွေးသက္ကရာဇ်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာများ တိကျမှန်ကန်စွာ ဖြည့်စွက်တင်ပြရန် လိုအပ်နေပါသည်။

သို့ဖြစ်၍ လူကြီးမင်းတို့နှစ်ဦးသည် ချိုချိုကုမ္ပဏီ၏ အတွင်းရေးမှူးဒေါ်ဝင်းဝင်းကြူ ဖုန်းနံပါတ် (၀၉-၅၀၇၃၄၆၈)နှင့် ဤသတင်းစာကြော်ငြာ ဖော်ပြသည့်နေ့မှစ၍ (၇)ရက်အတွင်း အမြန်ဆုံးဆက်သွယ်စေလိုပါသည်၊ ဆက်သွယ်ခြင်းမပြုပါက ချိုချိုကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့အနေဖြင့် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီလိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်၊

ချိုချိုကုမ္ပဏီလီမိတက်၏ ညွှန်ကြားချက်အရ

ဦးမောင်မောင်ဝင်း
တရားလွှတ်တော်ရှေ့နေ
၂၀၇၇/၁၃-၈-၈၁
IBA Fellowship in International Legal
Practice Program (UK)
အမှတ်(၁၁၃)၊ ဒုထပ်၊ ၃၁လမ်း၊ (၁၀)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း: 09-5103652

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ကျောက်ပန်းတောင်းမြို့နယ်တရားရုံး
### ၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၂၈

| | | |
|---|---|---|
| ဦးသိန်းဟံ(ဘ)ဦးကြည်မောင် တောင်ပေါ်ကျေးရွာ၊ တောင်ပေါ်တောင် ကျေးရွာအုပ်စု၊ ကျောက်ပန်းတောင်းမြို့နယ် | နှင့် | ကိုနေမင်းထွန်း(ဘ)ဦးရန်နိုင် အမှတ် (၅၃)၊ ရွှေလီလမ်း ရန်နိုင်ဆောက်လုပ်ရေးကုမ္ပဏီ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့၊ နေပြည်တော် |
| **တရားလို** | | **တရားပြိုင်** |

အထက်ပါအမှုမှ တရားပြိုင် ကိုနေမင်းထွန်း(ဘ) ဦးရန်နိုင် အမှတ်(၅၃)၊ ရွှေလီလမ်း ရန်နိုင်ဆောက်လုပ်ရေးကုမ္ပဏီ၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့ နေပြည်တော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသိန်းဟံက ပုပ္ပားတောင်မကြီးပေါ်ရှိ မီးလောင်ကျွမ်းသွားခဲ့သော အသံလွှင့်စက်ရုံ ပြန်လည်ပြင်ဆင်ရန်အတွက် ကုန်ကျစရိတ်ငွေ သိန်း (၇၀၀၀၀၀၀ိ/) ကျပ်အနက် ကျန်ငွေ(၁၇၀၀၀၀၀ိ/)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၈ခုနှစ် အောက်တိုဘာ ၁၅ ရက် (၁၃၈၀ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ ရက်) နံနက် ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သဲသက်ဖွန့်စံ)
တွဲဖက်မြို့နယ်တရားသူကြီး
ကျောက်ပန်းတောင်းမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဆ၊ မြေကွက်အမှတ် ၃၂၃/ခ၊ မြေကွက်တည်နေရာအမှတ် (၃၂၃/ခ)၊ မေခါဝီလမ်း(ဆ)ရပ်ကွက် ဦးအေးမောင်(အေအေ-၁၁၄၅၁၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအေးမောင်ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ် ၁၉၃၆/၁၈(၆-၇-၁၈)ဖြင့်ရရှိသူဦးအောင်လွင်(ခ)ဦးအောင်ကြည် (N/OKA-၀၄၁၈၅၇)၊ ဒေါ်တင်မာကြွယ် ၁၂/ဥကမ(နိုင်)၁၀၇၈၄၁၊ ဦးမြင့်ဌေးမောင် ၁၂/ဥကမ(နိုင်)၁၁၄၀၁၁၊ ဒေါ်စန်းစန်းတင့် ၁၂/ဥကမ(နိုင်)၀၀၉၃၃၂၊ ဒေါ်မြတ်မြတ်နွယ် ၁၂/ဥကမ(နိုင်)၀၂၉၇၂၇ တို့မှ ဂရန်ခြကိုက်ပျက်စီးကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကျမ်းကျိန်လွှာအမှတ် ၈/၅၂(၁-၈-၁၈)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် ၂-ထပ်တိုက် ၁လုံးကုန်မာဆိုင်ဖွင့်လှစ်ပြီးလျှောက်ထားသူများနေထိုင်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါဂရန်မိတ္တူလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်သင်းသင်းနွယ်နှင့်အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ တာဝ (၅)ရပ်ကွက်၊ ခရမ်းသုံးခွလမ်းမကြီး၊ အမှတ် ၇၇၇/B နေ ကျွန်ုပ်၏မိတ်ဆွေဦးတင်မောင်ကျော် ၁၂/ဥကတ(နိုင်)၁၃၃၅၂၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်သည်မှာ- ဦးတင်မောင်ကျော်နှင့် ဒေါ်သင်းသင်းနွယ်တို့သည် အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ပြီး၊ ယခုအခါ တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားချင်း မတိုက်ဆိုင်ကြတော့သည့်အတွက် ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိတော့သဖြင့် နှစ်ဖက်မိဘအသိသက်သေများရှေ့တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဦးတင်မောင်ကျော်မှ ဒေါ်သင်းသင်းနွယ်နှင့် မည်သို့မျှမသက်ဆိုင်တော့ပါ။ ထို့ကြောင့် နောက်နောင်၎င်းနှင့် ပတ်သက်သည့်ငွေရေးကြေးရေးကိစ္စအပါအဝင် အခြားမည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာကိုမျှ ဦးတင်မောင်ကျော်အနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မောင်ကျော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝါထွန်း LL.B,D.B.L.,DL-101 WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၆၁)**
**ဖုန်း-၀၉-၄၃၀၄၉၈၂၉**

## အမည်မှန်မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ ပါရမီကိုယ်ပိုင် အထက်တန်းကျောင်း နဝမတန်းမှ မဝင်းဝင်းမာ၏ အမည်မှန်မှာ မနူးနူးခေါန်ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်ဒီထူနူး ၁/ဝမန(နိုင်)၀၁၅၉၇၁ ဖြစ်ပါကြောင်း။

## အမည်မှန်မိခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ အထက(ဝါရှောင်) သတ္တမတန်းမှ မောင်အောင်ကိုခိုင်၏ အမည်မှန်မှာ မောင်ဆွတ်နော်အောင် ဖြစ်ပြီး၊ မိခင်အမည်မှန်မှာ ဒေါ်ဒီထူနူး ၁/ဝမန(နိုင်)၀၁၅၉၇၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဆင်ပေါင်ဝဲမြို့နယ်၊ အထက(ခွဲ)၊ ဇော်ချမ်းတောင်၊ အဋ္ဌမတန်း (A) မှ မနှင်းဆုရည်ဖြိုး၊ ကျောင်းဝင်အမှတ် (၄၄၄၂)၏ဖခင်အမည်မှန်မှာ ဦးအောင်ငွေ ၈/ဆပဝ(နိုင်)၀၅၁၅၈၂ ဖြစ်ပါကြောင်း။

ဦးအောင်ငွေ

## ဖခင်အမည်မှန်

မကွေးမြို့နယ်၊ အထက (သစ်ရာကောက်)၊ တက္ကသိုလ်ဝင်တန်းမှ မဝင်းသူဇာနှင့်အလက (ကန်တော်)၊ အဋ္ဌမတန်းမှ မနှင်းနှင်းအေးတို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်ခိုင် ၈/မကန(နိုင်)၁၈၇၀၈၆ ဖြစ်ပါကြောင်း။

ဦးမြင့်ခိုင်


**ဖား SEVEN စံ**
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံးဝမယူပါ"။
09 - 33 333 511
09 - 33 333 514
09 - 33 333 644


## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂) ရပ်ကွက်၊ ကုလားတန်းလမ်းနေ အကွက်အမှတ် (၆၂) အုန်းတောအကွက်၊ ဦးပိုင်အမှတ်(၄၄-စ)၊ ဧရိယာ ၀ဒသမ၀၃၄ ဧကရှိမြေကို ဒေါ်ညွန့်သက်လွင် အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း သက်တမ်းတိုးချထားပေးပါရန် လျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၅၇၂

| | | |
|---|---|---|
| မသီတာစိုး | နှင့် | ၁။ ဦးတင်ဝင်း<br>၂။ ဒေါ်မူမူအေး |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ထုံးဘိုကျေးရွာ၊ တောတွင်းကျေးရွာအုပ်စုနေ ဦးတင်ဝင်း-ဒေါ်မူမူအေး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုမသီတာစိုးက ချေးငွေကျပ်သိန်း(၁၀၀)နှင့် နစ်နာကြေးငွေကျပ် (၁၀)သိန်း၊ စုစုပေါင်းငွေကျပ်သိန်း(၁၁၀)ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ခုနှစ် အောက်တိုဘာ ၃၀ ရက် (၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင့်တင့်ဌေး)
ဒုတိယခရိုင်တရားသူကြီး(၇)
မန္တလေးခရိုင်တရားရုံး

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဝင်္ဂဘော်ဆင်စခန်းနှင့် မိုးယွန်းကြီးအင်းဘေးမဲ့တော လှည့်လည်ကြည့်ရှု




ဒုတိယသမ္မတ ဦးမြင့်ဆွေ မိုးယွန်းကြီးအင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

**ပဲခူး အောက်တိုဘာ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးရှိ ဝင်္ဂဘော်ဆင်စခန်းနှင့် မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့တွင် သဘာဝအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် ပဲခူးဒေသ ဆင်ထိန်းသိမ်းရေးအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်နေသည့် ဝင်္ဂဘော်ဆင်စခန်းသို့ ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး စခန်းရှင်းလင်းဆောင်ရွက်ကြသည့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဂျွန်ရွှေဘက စခန်းဖွင့်လှစ်ခဲ့မှု၊ ဆင်များအား ထိန်းသိမ်းထားမှုနှင့် စခန်းသို့ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ✻

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမ်းမြို့နယ်အတွင်းရှိ ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်မြေအား မူလတောင်သူများလက်ဝယ် ပြန်လည်ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမ်းမြို့နယ်အတွင်းရှိ ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်မြေ ၃၀၀ ဒသမ ၁၈ ဧကအား မူလတောင်သူများလက်ဝယ်သို့ ပုံစံ(၇)များ ပြန်လည်ပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။



**အမ်း အောက်တိုဘာ ၁၁**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူ၊ ဦးလှကျော်၊ ဦးကျော်လင်း၊ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ရခိုင်ပြည်နယ် အမ်းမြို့သို့ရောက်ရှိရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အမ်းမြို့ ရွှေအမ်းတောင် ခန်းမ၌ ကျင်းပသည့်

*စာမျက်နှာ ၇ ကော်လံ ၁* ❖

## မြန်မာလူငယ်အလေးမအားကစားသမားများ ငွေတံဆိပ်သုံးခု ထပ်မံရရှိ

**ရန်ကုန် အောက်တိုဘာ ၁၁**

ထိုင်းနိုင်ငံ ဖန်ကောက်မြို့၌ 2nd EGAT King's Cup 2018 အလေးမပြိုင်ပွဲများကို အောက်တိုဘာ ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီက စတင်ကျင်းပခဲ့ရာ အမျိုးသား(၆၂)ကီလိုတန်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ အားကစားသမား ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ

*စာမျက်နှာ ၆ ကော်လံ ၄* ✻

